စိတ်ကူးချိုချိုအနုပညာ

# အပြင်ကလူ ၁+၂

## ကြည်အေး



AL KYAW MYAT KHAING
14 BOTHUYA STREET
BOSEINHMAN QUARTER
BAHAN TOWNSHIP.
549120.

စိတ်ကူးချိုချိုအနုပညာ
၈၅(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၇၂၆၆၂၄

ရမ္မာဝတီ - စာဖတ်ခန်း
ဦးကျော်မြတ်ခိုင် + ဒေါ်နှင်းအေးလွင်-မိသားစု

စာအမှတ်.......
ရက်စွဲ.......

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

*ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
*နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
*နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
*ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# ကြည်အေး

# အပြင်ကလူ ၁+၂

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ
နှစ်တွဲပေါင်း ပထမအကြိမ်

အပြင်ကလူ ၁+၂

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၀၄၀၅၁၂ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၈၅၀၆၀၁ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးထွန်းထွန်းဦး၊ အင်ကြင်းဦး ပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် တန်ဖိုး ၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

**အယ်ကျိုး**
ကွန်ပျူတာနှင့်ပုံနှိပ်လုပ်ငန်း
- ၀၉ ၅၄၀၀ ၉၁၆

# မှတ်ချက်

ဆရာမကြည်အေး၏ မူလ **'အပြင်ကလူ'** ဝတ္ထုကို ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ဦးစွာ ပုံနှိပ်ဖော်ပြခဲ့ပါသည်။

ထိုဝတ္ထုကို ၁၉၉၆ ခုနှစ်၊ ဇွန်လတွင် ယွန်းရွှေအိမ်စာအုပ်ထုတ်ဝေရေးက ဆရာဒဂုန်တာရာ၏ 'အိပ်မက်ဖြစ်ပါစေရှင်' ဝတ္ထုနှင့်တွဲပြီး 'အိပ်မက်အပြင်ကလူ' အမည်ဖြင့် ပထမအကြိမ် ထုတ်ဝေခဲ့ပါသည်။

ထိုဝတ္ထုအဆက်အဖြစ် **'အပြင်ကလူ – ၂၊ အေးရဲ့ဖွင့်ဟဝန်ခံချက်'** ကိုတော့ ရွှေစာစဉ်က ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ပထမအကြိမ် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ယခု ထိုမူလ 'အပြင်ကလူ' နှင့် အဆက်ဖြစ်သည့် 'အပြင်ကလူ – ၂၊ အေးရဲ့ဖွင့်ဟဝန်ခံချက်' တို့ကို တစ်ပေါင်းတည်း စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။

**စိတ်ကူးချိုချို**

# အပြင်ကလူ

သူ့ကို မမျှော်လင့်ဘဲ လက်ထပ်ပွဲခန်းမ အပေါက်ဝ၌ ရုတ်တရက်ပေါ်လာသည်ကို ကျွန်မ တွေ့လိုက်ရ၏။ လူ ပရိသတ်ကြား၌ အထူးသဖြင့် ခုလို ပြုံးပြက်ဝင်းလက်သော ပရိသတ်ကြား၌ သူ့ကို တွေ့လိမ့်မည်လို့ မမျှော်လင့်ခဲ့။ သူလည်း ပိုးတိုက်ပုံ၊ ဘန်ကောက်လုံချည်နှင့် သပ်ရပ်စွာရှိ သည်မို့ အနည်းငယ် စိတ်ချမ်းသာရ၏။ သူ့နဖူးပေါ်၌မူ ဖြီးသင်လို့ မပိပြားသော ဆံပင်တစ်စသည် ကျမြဲကျနေ သည်။ သူ့ထုံးစံအတိုင်း လူအများကို လှုံ့၍ကြည့်ပြီးမှ ကျွန်မကို သူ မြင်တွေ့သွားပါသည်။ သူ့မျက်လုံးများ ကြည်လဲ့လာပြီး ကျွန်မထိုင်ရာ ထောင့်စွန်းလည်းကျ၊ တိုင်ကွယ်သော စားပွဲသို့ တန်းတန်းမတ်မတ် လာပါသည်။ တစ်ချက်မျှလည်း ပြုံးလိုက်ပါသေးသည်။

"ကျွန်တော် ထိုင်တော့မယ်နော်"ဟု ယဥ်ယဥ်ကျေး ကျေး သူက ခွင့်တောင်းလိုက်လျှင်တော့ ကျွန်မသည် ပြုံးလိုက်မိပြီး "ရပါတယ်ရှင်"ဟု ခပ်စိမ်းစိမ်းဆိုလိုက်သည်။

သူက ဘယ်သူမှ မထိုင်ချင်သဖြင့် လပ်နေသော ကျွန်မစားပွဲမှ ထိုင်ခုံကို လိုလိုချင်ချင် ထိုင်ပါသည်။ လက်ထပ်ပွဲမှာလို မဟုတ်ဘဲ ခရီးပန်းလာသူ ခုမှ နားခိုရသလို လျှော့ပြေစွာ စားပွဲပေါ် တံတောင်ဆစ်ထောက်၍ ထိုင်ပါသည်။ ပြီးတော့ မနေ့ကပင် သူနဲ့ကျွန်မ တွေ့ဆုံခဲ့သေးသလို ရင်းနှီးစွာပင် တစ်ချက် ပြုံးပြန်ရင်း "အေးကို ကျွန်တော်တွေ့ချင်တာကြာပြီ"ဟု စကားစလေ၏။

"မိတ်ဆွေဟောင်းတွေပဲ၊ ပြီးတော့ ဆွေမျိုးတောင်တော်သေးတာ"ဟု ကျွန်မက ညင်သာစွာ ပြောလိုက်သည်ကို သူက ကြည်ကြည်လင်လင် ရယ်ပြုံးနေသည်။ ဘာမျှမပြောပါ။

"ရှင် အိမ်ကို လာနိုင်သားပဲ၊ ပြီးတော့"

"နုနုတို့သားအမိကို အေးအိမ်မှာခေါ်ထားတာလည်း သိပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်အေးရယ်၊ ကျွန်တော် ပြောချင်တာတွေလည်း အများကြီးပဲ၊ ဘာက စပြောရမှန်းတောင် မသိပါဘူး"

"အင်းလေ၊ သည်နေရာက သိပ်စကားပြောလို့ကောင်းတဲ့ နေရာတော့လည်း မဟုတ်ဘူးထင်ပါရဲ့၊ ဒါပေမဲ့ ခုမှပဲတွေ့ရတော့လည်း ဘယ်တတ်နိုင်မလဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း အင်းလျားလိပ် ဟိုတယ်ဆိုတာ သိပ်ရောက်ဖူးတာ မဟုတ်ဘူး၊ စောင်းဦးဘသန်းအဖွဲ့ဆိုလို့ လာနားထောင်တာ၊ စောင်းဦးဘသန်းနဲ့လည်း တွေ့ချင်လို့"

ကျွန်မတို့ စကားခဏပြတ်နေပြီး ကျွန်မက မကျေနပ်နိုင်သောအကြောင်းကို ပြန်၍ကောက်လိုက်ပြန်သည်။

"ရှင်...အိမ်ကို လာနိုင်သားပဲ၊ နုနုရှင့်အိမ်ပေါ်က ဆင်းလာတာ ဆယ်နှစ်ကျော်ပြီ။ ရှင်တစ်ခါမှ လိုက်မလာဖူးဘူး၊ ရှင့်သားကလေးကိုလည်း ရှင် မမြင်ဖူးတာ ကြာပြီမဟုတ်လား"

သူသည် ညိုမှိုင်းသော မျက်နှာနှင့် ဘာမျှမပြောဘဲနေပါသည်။ ထိုခဏ၌ တီးဝိုင်းမှ အချစ်သီချင်းတစ်ပုဒ် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကျွန်မသည် ဘယ်သူ့ကိုမှန်းမသိ အားနာသွားပြီး စကားပြောရပ်လိုက်သည်။ သီချင်းသံ ပို၍ ကျယ်လောင်လာသည်။ တဖြည်းဖြည်း ပြည့်ကျပ်လာသော ပရိသတ်တို့သည် နေ့ကြောင်တောင်မှာပင် တလက်လက် တောက်ပနေလေ၏။

"သတို့သမီး သတို့သားက ၁၂ နာရီထိုးမှ လာမှာ" ဟု ညာဘက်စားပွဲမှ မိန်းမဝဝ၏ ပြောသံကို ကြားလိုက်၏။

"ခုမှ ၁၀ နာရီရှိသေးတယ်။ အမာစိန်လည်း ကဦးမယ်ဆို၊ ခုဟာက ညှော်ခံချိန်သက်သက်ပေါ့နော်၊ ပိုက်ဆံတတ်နိုင်တော့လည်း ချဲ့ချင်တိုင်းချဲ့လို့ရတာပေါ့"

"နှင်းဆီတွေရော သစ်ခွတွေရော လှိုင်နေတာပဲ၊ ဟောင်ကောင်က မှာတာတဲ့"

"ဖိတ်စာတောင် အင်္ဂလန်မှာ ရိုက်တာ"

"စိန်တွေကတော့ အမေရိကားကတဲ့"

တီးဝိုင်းမှ သီချင်းသံသည် ရုတ်ခြည်းပင် မကျယ်

လောင်တော့ဘဲ ပရိသတ် ဆူညံနေသံအလယ်မှာ မြုပ်လုလု ရှိနေပြန်သည်။ ရယ်မောသံများ၊ ဖန်ခွက်ထဲ လိမ္မော်ရည် ငှဲ့သံများ၊ စကားလုယက်ပြောသံများ ရောနှောထွက်ပေါ် လာသည်

"အေးက ညနေ ၄ နာရီထိ၊ သည်မှာထိုင်နေမယ် စိတ်ကူးသလား၊ သူတို့လိုလေ"ဟု သူက ရုတ်တရက် မေးပါသည်။

ကျွန်မက အနည်းငယ် တုံ့ဆိုင်းပြီး...

"မသိဘူးလေ သတို့သမီးအမေက ကျောင်းနေ ဖက်မို့ လာရတာပဲ၊ ရှင်နဲ့လည်း ခင်တယ်မဟုတ်လား၊ ကျွန်မတော့ ၆ နာရီလုံးလုံး နေရမှာလား မသိပါဘူး"

"လာပါ ဟောသည်ဘေးပေါက်ကထွက်ပြီး ရေကူး ကန်နားသွားရအောင်၊ မြင်နေရတယ်မဟုတ်လား၊ ရေ ကလေးတွေ ကြည်လို့စိတ်အေးစရာ၊ သစ်ပင် အောက်မှာ ဖြစ်ဖြစ် ထိုင်ရအောင်ပါ၊ ကျွန်တော် ပြောစရာတွေရှိတယ် အေးရယ်၊ ကျွန်တော်ပြောမယ့်စကားကို ဟိုတုန်းကလို မိတ်ဆွေသူငယ်ချင်းလို သဘောနဲ့ နားထောင်ပါလား၊ ညီမဝမ်းကွဲနဲ့ညားပြီး ကွဲခဲ့တဲ့ ယောက်ျားတစ်ယောက်လို့ သဘောမထားဘဲနဲ့ ဟင်"

ကျွန်မသည် မှန်တံခါးမကြီးမှ လှမ်းမျှော်ကြည့် လိုက်လျှင် သူပြောသလိုပင် အပြင်၌ အေးချမ်းသာယာနေ သည်ကို တွေ့ရပါသည်။ ရေကူးကန်၌ ပြည့်လျှံနေသော ရေတို့သည် စိမ်းလဲ့၍ အသာအယာ လှုပ်ရှားနေသည်။

သိပ်ရိုပ်တို့လည်း အေးမြလှပါသည်။

“မှန်တံခါးကဖွင့်လို့ရတဲ့ တံခါးမှဟုတ်ရဲ့လား မသိဘူး”

“ဖွင့်ကြည့်တာပေါ့”ဟု သူကထမည်ပြင်လျှင်

“နေပါဦး သူကလည်း ကြောင်လိုက်တာ၊ ဝင်လာတဲ့အပေါက်ဝက ပြန်ထွက်လည်း ရပါတယ်၊ ဒါပေမဲ့ ကျွန်မ စဉ်းစားနေသေးတယ်၊ ရှင်ပြောသလို သည်မင်္ဂလာလက်ထပ်ပွဲခန်းမက ရှင်နဲ့ထွက်သွားပြီး သစ်ပင်အောက်မှာ ကျွန်မ စကားသွားပြောချင်စိတ် ရှိရဲ့လားလို့”ဟု ကမန်းကတန်း ပြောလိုက်ပါသည်။ “စဉ်းစားဦးလေ”ဟု သူက ညင်သာစွာဆိုပြီး စီးကရက်သောက်စ ပြုလေ၏။

ကျွန်မကမူ လွန်ခဲ့သော ၁၅ နှစ်ခန့်က နုနုနှင့်သူတို့ချစ်ခဲ့ကြသည်ကိုသာ စဉ်းစားမိ၏။ နုနုမှာ မိန်းမပီသနွဲ့နှောင်းလှသူဖြစ်သည်။ သူ့ကို စိတ်ခဏခဏ ကောက်တတ်၏။ ငိုရ၏။ မသိတတ်သူဟု ရန်ထောင်၏။ တကယ်မချစ်ဘူးဟု စွပ်စွဲ၏။ ကျွန်မက ပြေရာပြေကြောင်း ပြောခဲ့ဖူးသည်။ “နုကို သူ အမြဲတွေ့ချင်နေတာ၊ တွေ့ရရင် ပျော်တာ ချစ်လို့မဟုတ်ဘူးလား၊ သူ့မှာ နုကြောင့်ဝမ်းနည်းရတယ်၊ နုကြောင့် စိတ်ချမ်းသာတယ်၊ နုအလိုကို လိုက်တယ်၊ ဘာလိုသေးလဲ”

နုနုကပြော၏။ “သူ စာမေးပွဲမဖြေဘူး။ လခစား မလုပ်ချင်ဘူးတဲ့၊ လူတောထဲ မတိုးချင်ဘူးတဲ့၊ တောပြန်ပြီး ခြံစိုက်စားမယ်တဲ့၊ ရှမ်းပြည်နယ် သွားရင်လည်း သွားမယ်

တဲ့၊ နုက ရန်ကုန်မြို့ပေါ်ကြီးလာတဲ့သူ ဟုတ်တယ်၊ နုရဲ့ မေမေလိုပဲ အရာရှိကတော် ဖြစ်ချင်တယ်၊ နုရဲ့ကလေး တွေလည်း အထက်တန်း ကျစေချင်တယ်"

ပထမတော့ ကျွန်မ သက်ပြင်းသာချနေရင်း သူတို့ ဘယ်လိုစီစဉ်ကြသည်မသိ။ နုနုနှင့်သူသည် ကောလိပ်မှာ စာသင်နေရင်းပင် တစ်ပိုင်းတစ်စနှင့် ထွက်သွားကြ၏။ မရမ်းကုန်း၌ နေထိုင်ကြ၏။ နုနု သားလေးမွေးတော့ ကျွန်မ သွား၍ကြည့်ပါသေးသည်။ သူတို့ ပျော်ရွှင်ကြသည် လို့လည်း ထင်ခဲ့ပါသည်။ သို့သော် သူတို့ ပေါင်းသင်း၍ သုံးနှစ်ခွဲမျှသာကြာသည်။ နုနုသည် ကျွန်မဆီ တယ်လီဖုန်း နှင့် လှမ်း၍စကားပြောပါသည်။

"အေးရေ၊ နုနဲ့သူတော့ မဖြစ်တော့ပါဘူး၊ အေးနဲ့ လာနေချင်တယ်၊ လက်ခံမလား၊ နု အလယ်တန်းပြဆရာမ အလုပ်လျှောက်တာလည်းရပြီ၊ ဝန်လေးနေမှာလား"

"ဘာဖြစ်ကြတာလဲ"ဟု ကျွန်မက မေးလျှင်တော့-

"မမေးပါနဲ့တော့ကွယ်၊ နုလည်း မဖြေတတ်တော့ ပါဘူး"ဟုဆိုကာ တယ်လီဖုန်းခွက်ထဲ၌ နုနု၏ရှိုက်သံများ ကိုသာ ကြားခဲ့ရလေ၏။

နုနု ကျွန်မနှင့်လာနေသည့် ဆယ်နှစ်ကျော်အတွင်း သူသည် တစ်ခါမျှ မလာရောက်ခဲ့ချေ။ စာလည်းလှမ်းမရေး ချေ။ တယ်လီဖုန်းနှင့်လည်း စကားမပြောခဲ့ချေ။ နုနုသည် ဖွင့်မပြောခဲ့သော်လည်း သူလာခေါ်မည်ကို စောင့်စားလျက် အချိန်ကုန်ခဲ့သည်ကို ကျွန်မ ရိပ်မိရပါသည်။ နုနုသည်

မကျန်းမမာဖြစ်လိုက်သေးသည်။ အိပ်ပျက်စားပျက်နှင့် မူးဝေ၍လဲလိုက်သေး၏။ သားငယ်ကိုဖက်၍ ငေးမောနေတတ်သည်။ နုနု၏ မိဘများ ပြန်ခေါ်သည်ကိုလည်း မလိုက်နိုင်ချေ။

"ရှင်တစ်ခါမှ မလာခဲ့ဘူး၊ တွေ့ဖို့မကြိုးစားခဲ့ဘူး" ဟု ကျွန်မသည် လက်ထပ်ပွဲသို့ ပြန်ရောက်လာလေ၏။။

"အဲဒါကတော့ ဇာတ်လမ်းရဲ့ သေးငယ်လှတဲ့ အစိတ်အပိုင်းကလေးခုသာဖြစ်တယ်"ဟု သူက သူ့ထုံးစံ အတိုင်း စာသံပေသံနှင့် ပြောလေ၏။

"ဟိုလူရှင်းတဲ့ အခန်းဘက်ဖြစ်ဖြစ် သွားရအောင် လားအေးရယ်၊ တစ်နေကုန်ပြောရင် ပြောရမှာ"

"ခုတော့ မသွားချင်သေးပါဘူး၊ တော်ကြာ စိတ်ပြောင်းသွားမှ သွားရအောင်၊ ခုလည်း ဒီမှာထိုင်ပြီး ပြောလို့ရသားပဲ၊ ကျွန်မတို့ကို ဘယ်သူမှလည်း ကြည့်မနေပါဘူး၊ လူတွေက သတို့သမီး သတို့သားကိုသာ ကြည့်ချင်တာပဲ"

"အမာစိန်ကတာ ဖြစ်ဖြစ်၊ ဦးဘသန်းစောင်းတီးတာ ဖြစ်ဖြစ်..."

"ဟုတ်တယ်"

"ဒါပေမဲ့ ကျွန်တော်ပြောချင်တဲ့ စကားလည်း အရေးကြီးပါတယ်၊ ဒီမင်္ဂလာဆောင်မှာ ဘြဘာစာရွတ်တာ ထက်တောင် အရေးကြီးဦးမယ်၊ သတို့သမီးနဲ့ သတို့သားကို ပိုအကျိုးပြုဦးမယ်"

ကျွန်မက ပထမအကြိမ်ပြုံးကာ "ဘာဖြစ်လို့လဲရှင်"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အချစ်ဆိုတာ ဘာလဲဆိုတာ ပြောပြမလို့ပေါ့၊ သည်မင်္ဂလာဆောင်နဲ့ အင်မတန် သင့်တင့်လျှောက်ပတ်တဲ့ ဘာသာရပ်ပဲမို့ပေါ့"

သူသည် တိုက်ပုံအင်္ကျီအိတ်ထဲမှ ဖြူဖွေးစင်ကြယ်သော လက်ကိုင်ပဝါထုတ်၍ မျက်နှာကို သုတ်ပါသည်။ ပြီးတော့ ဘယ်တုန်းက လာချသွားမှန်းမသိသော လိမ္မော်ရေခွက်ကို နှစ်ကျိုက်မျှသောက်ပြီး နှုတ်ခမ်းကို လက်ကိုင်ပဝါနှင့် သုတ်ပြန်ပါသည်။ သူ့နှုတ်ခမ်းများ ပြေပြစ်လှပသည်ကို ပထမဆုံးအကြိမ် သတိထားမိပြီး ကျွန်မ အံ့ဩနေဆဲ သူက အေးဆေးငြိမ်သက်စွာပြောသည်။

❐

"ကျွန်တော်နဲ့ နုနဲ့ကတော့ ချစ်တယ်လို့ ဆိုရမှာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် တွေ့ချင်နေတယ်၊ တွေ့ ရရင် ပျော်ရွှင်တယ်၊ မခွဲချင်တော့ဘူးလို့ ထင်လာတယ်၊ ခွဲရတဲ့အခါ ဝမ်းနည်းတယ်၊ ပြန်တွေ့ကြဖို့ စီစဉ်တယ်၊ တစ်ယောက်ကိုတစ်ယောက် စိတ်ချမ်းသာအောင် ထားချင်တယ်၊ အနည်းဆုံး ကျွန်တော့်သဘောကတော့ သည်လိုပါပဲ။

"နုနုကတော့ သိပ်မကျေနပ်ဘူးဗျ၊ အများတကာရဲ့ စိတ်ကူး၊ အများတကာရဲ့စကားကို သူ မလှန်နိုင်ဘူး၊ ဟုတ်နိုးနိုးထင်တယ်၊ လူ့ဘဝမှာ သူနေချင်တဲ့ဘဝနဲ့ ကျွန်တော် နေချင်တဲ့ဘဝ မထပ်မိဘူးလို့ ဆိုရမလား၊ ခြံမြေကလေးဝယ်ပြီး ပန်းပင်သစ်ပင်ကလေးတွေစိုက်ပြီး နေချင်တာကတော့ ကျွန်တော့်သဘောပဲ၊ မလိမ်ခဲ့ပါဘူး၊ လောကမှာ ဘာမှလည်း လိမ်နေစရာမလိုပါဘူး၊ လူတိုင်း လွတ်လပ်တာပဲ၊ ဘယ်သူ့ကိုမှ မထိခိုက်ရင် မငြိစွန်းရင် ကိုယ်လုပ်ချင်ရာ လုပ်နိုင်ကြတာပါပဲ၊ ဟုတ်တယ်၊ ကိုယ် လိုရာအဖိုးပေး ဝယ်ယူကြရတာတော့ ဓမ္မတာပေါ့၊ကျွန်တော်

လိုချင်တာက မများလှပေမဲ့ အဖိုးကတော့ ကြီးလှတယ်၊ ကျွန်တော်လိုချင်တာကို မိန်းမနဲ့ကလေး အဖိုးအဖြစ် ပေးလိုက်ရတယ်၊ ဒါလည်း နုနုကိုယ်နှိုက်ကမှ ကျွန်တော့် ဘက်သား မဟုတ်ဘဲကို။

"အေးကတော့ တစ်ကိုယ်ကောင်းဆန်တဲ့အတွေးလို့ ဆိုမယ်လား၊ လူတိုင်းဟာ တစ်ကိုယ်ကောင်းဆန်ကြတာ ပါပဲ၊ မတရားသဖြင့်သော်လည်းကောင်း၊ တရားသဖြင့် သော်လည်းကောင်းပေါ့။

"ကျွန်တော် နုနုကို အများကြီး ချော့ပါတယ်ဗျာ၊ မနက်မိုးလင်းလို့ ငှက်ကလေးတွေ သစ်ကိုင်းပေါ်က အော် ကြမြည်ကြတဲ့အခါ လာနားထောင်စေချင်တယ်၊ နုနုက ရေဒီယိုဖွင့်တယ်၊ လမ်းလျှောက်သွားတော့ ကြာအိုင်မှာ ကြာနီတွေပွင့်နေတာပြချင်တယ်၊ တောဘဲတွေကျလာတာ ပြချင်တယ်၊ တစ်တောင်ကုန်းက ချိုးမနဲ့ တစ်တောင်ကုန်း ကချိုးဖိုနဲ့ အပြန်အလှန် ခေါ်ကြထူးကြတာ ကြားစေချင် တယ်၊ နုနုက လမ်းလျှောက် ဝါသနာမပါဘူး၊ သူက ကိုယ်ပိုင်ကားမောင်းပြီး လည်လာခဲ့တဲ့သူ၊ ကျွန်တော် ကြက်ခြံထဲ အစာကျွေးနေတုန်း နုနုက အစိုးရပြန်တမ်းဝင် အရာရှိများ ခွင့်ယူကြတာ၊ နယ်ပြောင်းကြတာတွေ ဖတ် နေတယ်။

"ကျွန်တော် အစောကြီးက ပြောသားပဲ၊ ကျွန်တော် ဟာ ဘယ်တော့မှ နုနုဖြစ်စေချင်တဲ့ လင်သားမျိုး ဖြစ်လာ မယ်မဟုတ်ဘူးဆိုတာ။

"ကျွန်တော် ပြောခဲ့တယ်၊ နုနဲ့ မောင်နဲ့ ယူကြရင် ဘယ်တော့မှ သိပ်ပျော်မယ်မထင်ပါဘူး၊ ခုလိုပဲ ချစ်နေကြတာ ပိုကောင်းပါလိမ့်မယ်လို့၊ နုနုက ငိုတယ်၊ နုနုပဲ လက်ထပ်ချင်တယ်။

"ပြီးတော့ အချစ်ဆိုတဲ့ပုံပြင်ဟာ ထိမ်းမြားလက်ထပ်ခြင်းမှာ ပြီးဆုံးတယ်လို့ နုနုထင်တယ်၊ အများတကာလည်း ဒီလိုပဲ ထင်ကြတယ်ထင်ပါရဲ့၊ ကျွန်တော်မသိဘူး၊ ဒါကြောင့်လည်း ထိမ်းမြားလက်ထပ်ခြင်းဟာ အချစ်ရဲ့ သင်္ချိုင်းပဲလို့ စကားပုံတောင် ပြုရက်ကြတာပေါ့။

"ကြည့်ပါဦးဗျာ၊ အချစ်ဆိုတဲ့ပုံပြင်ဟာ ဘယ်လောက် ကြီးကျယ်ခမ်းနားတယ်ဆိုတာ မသိကြတဲ့အတိုင်းပဲ၊ မင်္ဂလာဆောင်တဲ့အမှုကို အကြီးအကျယ်ပြုနေလိုက်ကြတာ၊ ရက်စက်တယ်လို့ဆိုချင်ဆို၊ သူတို့လုပ်နေပုံက အချစ်ဆိုတာကို မသာချနေသလိုပဲ၊ နောက်ဆုံးပြုစုခြင်းပေါ့။

"တကယ်တော့ ထိမ်းမြားလက်ထပ်ခြင်းဟာ အချစ်ဆိုတဲ့ကိစ္စရဲ့ အလိုလိုဖြစ်လာတဲ့ ကြံစည်တွေးတောနေစရာ မလိုတဲ့ တစ်စိတ်တစ်ဒေသ အပိုင်းအစကလေးပါ။

"နုနုကတော့ ကျွန်တော်နဲ့ မရမ်းခြံကို လိုက်လာပြီးကတည်းက အချစ်ကိစ္စကို စိတ်မဝင်စားတော့ဘူးလို့ ထင်တယ်ဗျာ၊ အချစ်ကိစ္စတော့ တို့နှစ်ယောက်ပြီးပြီ၊ လူတွေတောမှာ လူတွေနဲ့တူအောင်၊ ဝင်ဆံ့အောင်၊ လူတွေ အပြစ်မတင်အောင်၊ လူတွေလက်ခံအောင်၊ လူတွေချီးမွမ်းအောင် နေကြဖို့ပဲ ရှိတော့တယ်လို့ ပြောချင်သလိုပဲ။

"အိမ်ကို ပထမဆုံး ပြင်တယ်ဗျ၊ ပြီးတော့ ဧည့်သည်တွေခေါ်တယ်၊ အလဟဿ စကားထိုင်ပြောကြတယ်၊ သူ့ဧည့်သည်တွေက ကားနဲ့လာကြတယ်၊ ကားဘီးတွေမှာ ရွှံ့ပေလို့ စိတ်ညစ်ကြတယ်၊ သူတို့ပြောတဲ့စကားကို ကျွန်တော် သိပ်နားမလည်ပါဘူး၊ ရာထူးတက်တာတို့၊ အိမ်ဆောက်ပြီး သံရုံးငှားစားတာတို့ပေါ့၊ ဘယ်သူတွေ ဘာလုပ်နေကြမှန်းလည်း ကျွန်တော် မသိဘူး၊ ကျွန်တော့်ကို ရယ်ကြတယ်၊ စိတ်ဆိုးလို့ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို ရယ်တာလည်း ကျွန်တော် ဝမ်းမနည်းပါဘူး၊ သဘောထားချင်း မတူလို့ပဲလို့ ထင်တာပါပဲ၊ ကျွန်တော်ကတော့ သူတို့ကို မရယ်ပါဘူး၊ အားလည်းနာတယ်၊ နားလည်းလည်ဖို့ ကြိုးစားတယ်။

"နနရဲ့ ဧည့်သည်တွေဟာ နနကို ဝမ်းနည်းစေတယ်၊ ကျွန်တော့်အတွက် ရှက်စေတယ်၊ ဧည့်သည်တွေပြန်သွားရင် ကျွန်တော်တို့ ရန်ဖြစ်ရတယ်၊ လင်မယားနှစ်ယောက် တစ်ယောက်အလိုတစ်ယောက်လိုက်ပြီး အေးအေးချမ်းချမ်း နေကြတာ၊ အပူအပင်မရှိတာကို ကျွန်တော်က တန်ဖိုးထားသလောက် နနက သိမ်ငယ်တယ်ထင်တယ်၊ ညံ့ဖျင်းတယ်ထင်တယ်၊ ပိုက်ဆံစကား၊ ပစ္စည်းစကားပြောတယ်။

"နန ပင်ပန်းတယ်ထင်မှာစိုးလို့ ကျွန်တော်နဲ့ အဖော် ကရင်ကလေး ထမင်းချက်ကြတယ်၊ ခြံထဲက ဟင်းသီးဟင်းရွက်နဲ့ ကြက်ဥဘဲဥနဲ့၊ နွားနို့လည်း ရွာထဲက

စစ်စစ်ရတယ်၊ ကျွန်တော် ထောပတ်တောင် အိမ်မှာလုပ်တယ်၊ နုနုကသာ ဝမ်းနည်းတယ်၊ ကျွန်တော်ကတော့ အဲဒီ သုံးနှစ်ခွဲလောက် နုနုနဲ့ နေခဲ့ကြတာ ပျော်စရာလို့ ထင်မြဲပါပဲ၊ ရန်မဖြစ်ကြတဲ့ အချိန်ကလွဲရင်။

"တကယ်တော့ သိပ်ပျော်စရာကောင်းတာပါ အေးရယ်၊ ကျွန်တော် မှတ်မိသေးတယ်၊ တစ်ည လသာလိုက်တာ၊ လမင်းက ဝိုင်းစက်မှည့်ရွှန်းလို့ တိမ်လည်းမရှိဘူး၊ မိုးက ပြာလဲ့နေတာပဲ၊ ကြည်နေတာပဲ၊ ခြံမြောက်ဘက်က ဖြတ်သွားတဲ့ချောင်းမှာ ငါးရစ်တက်တဲ့ညပေါ့။

"ကရင်လေးကပြောတယ်၊ ကျွန်တော် ညတိုင်း ငါးသွားခပ်တာ မရသေးဘူး၊ ညဒီရေနဲ့လိုက်ပြီး ငါးရစ်တက်မှာတော့ အသေအချာပဲ၊ ဒီည ဆရာလိုက်ပါလားလို့ ခေါ်ခေါ်နေတယ်၊ နှစ်ညသုံးည ကျွန်တော် လိုက်သွားတယ်။

"အဲဒီညကျတော့ ရတော့မှာပဲလို့ ကရင်ကလေးကလည်းထင်တယ်၊ ကျွန်တော်ကလည်းထင်တယ်၊ နုနုကို ဒီညလိုက်ခဲ့ပါကွယ်၊ လသာလို့ မောင်နဲ့ လမ်းလျှောက်ရတာနဲ့ပဲ ပျော်ဖို့ကောင်းလှပါတယ်လို့ဆိုတော့ မလိုက်ဘူးဗျ။

"ကျွန်တော်နဲ့ ကရင်ကလေး သွားကြတော့ လကသာလိုက်တာ၊ ညဟာ အေးမြလိုက်တာလည်း အလွန်ပဲ၊ ည ၁၂ နာရီကျော်ပေါ့၊ ကျွန်တော်တို့ ငါးခပ်ကြတာ ရေမပါဘဲ ငါးချည်းခပ်လို့ရတယ်ထင်တာပဲ၊ ငွေရောင်လက်နေတဲ့ ဖျတ်ဖျတ်လူးနေတဲ့ ငါးတွေချောင်းထဲက ခပ်ခပ်ပြီး

တောင်းထဲထည့်တာ ဘယ်နှကောင်မှန်း မသိပါဘူး၊ ငါးတွေလည်း ကျွန်တော်တို့ လိုချင်လို့မဟုတ်ပါဘူး၊ ကောင်လေးပဲ အကုန်ပေးလိုက်တယ်၊ ဒါပေမဲ့ အဲဒီညကို ကျွန်တော် မမေ့နိုင်ဘူး၊ သဘာဝလောကရဲ့ သားသမီးစစ်စစ် အဖြစ်ကြီး ဖြစ်လိုက်ရတယ်။

"ကျွန်တော် အိမ်ပြန်ရောက်တော့ မိုးလင်းခါနီးပြီ၊ နန့က ငိုနေပြီ၊ ဒေါသလည်း အရမ်းကြီးနေတာပဲ၊ ကျွန်တော် ချစ်တဲ့ မိန်းကလေးဆီမှာ အဲဒီလို ကြမ်းတမ်းခက်ထန်လှတဲ့ဒေါသကိုတွေ့တော့ ကြောက်လည်းသွားတယ်၊ စိတ်လည်းပျက်တယ်၊ အချစ်လျော့ချင်တယ်၊ နန့က ကျွန်တော့်ကို သူ့တစ်ယောက်တည်း ထားခဲ့ရမလားလို့ အပြစ်တင်တယ်၊ ငါးသွားခပ်တယ်ဆိုတော့ တံငါသည် လုပ်မလို့လားတဲ့၊ ငါးတွေ ပေးလိုက်ပြီဆိုတော့ အချည်းနှီး အချိန်ဖြုန်းရမလားဆိုပြီး အော်ဟစ်ဆူပူတယ်၊ ကျွန်တော်က နရယ် အထဲက ကလေးပါ ဒေါသကြီးတတ်နေပါ့မယ်လို့လည်း ပြောမိရော ကျွန်တော့်ကို ပါးလှမ်းရိုက်တာပါပဲ။

"ကျွန်တော်ကတော့ ပါးမှာ လက်ငါးချောင်းရာထင်လည်း အသားနာလှတယ် မထင်ပါဘူး၊ နန့ဟာ ငါ့ကို မရှိသေတော့ဘူး၊ ငါ့အချစ်ကို မရှိသေတော့ဘူးလို့သာ ယူကျုံးမရဖြစ်တယ်၊ အဲဒီလိုပြောပြန်တော့ ထိုင်ရှိခိုးနေရမှာလားတဲ့။

"ကျွန်တော့်ကို နန့ နားမလည်တာ အမှန်ပဲ"

❐

"နုနုနဲ့ ကျွန်တော်တို့ကိစ္စမှာ ကျွန်တော်ဟာ မလွန်ပါဘူးလို့ ရှင်းနေတာ မဟုတ်ပါဘူး အေးရယ်၊ ကျွန်တော် အများကြီး လွန်နိုင်ပါတယ်၊ တစ်ကိုယ်ကောင်းဆန်နိုင်ပါတယ်၊ ဒါပေမဲ့ တစ်ခါမှာတော့ ကျွန်တော်ဟာ နုနုအတွက် ဘယ်တော့မှ မလုပ်ဖူးတဲ့ အလုပ်တစ်ခုကို ကြိုးစားလုပ်ကြည့်ဖူးတယ်၊ အေးလေ နုနုအတွက် ဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ ကျွန်တော် စမ်းသပ်ကြည့်တာ ဖြစ်နိုင်ပါတယ်၊ ဓာတ်ခွဲခန်းမှာ သုတေသနလုပ်ကြည့်သလိုပေါ့။

"နုနု မပြောပြဘူးလား၊ ဘာဖြစ်လို့ မပြောပါလိမ့်၊ သူ့ အပြစ်ကင်းချင်လို့လား၊ ဒါမှမဟုတ် ကျွန်တော် မအောင်မြင်လိုက်တဲ့ ကိစ္စမို့ ရှက်လို့လား၊ ကျွန်တော် စဉ်းစားဦးမယ်။

"ကျွန်တော် လခစားဝင်လုပ်တယ်၊ အစိုးရငွေစာရင်းတွေကိုင်ရတဲ့ ဌာနတစ်ခုမှာပါပဲ၊ အေးသိသားပဲ၊ ကျွန်တော်က ဆယ်တန်းဖြေတုန်းက ဘယ်လို ခြေလက်ချော်ပြီး သင်္ချာဂုဏ်ထူးရခဲ့တယ်ဆိုတာ ခုထိ မပြောပြ

တတ်ပေမဲ့ ၁၄ နဲ့ ၉ နဲ့ပေါင်းဖို့ရာတောင် အင်မတန့် ဝန်လေးတဲ့သူ။

"သူငယ်ချင်းတစ်ယောက် အလုပ်ထွက်သွားတဲ့ နေရာမှာ ကျွန်တော် ဝင်လုပ်ရတယ်၊ သူငယ်ချင်းက အလုပ်လွှဲသွားတဲ့အခါ စာရင်းတွေက တစ်မျိုးဖြစ်နေတယ်၊ အစိုးရအတွက် ရရမယ့်ငွေက စာရင်းထဲ ပိုများနေတယ်၊ သူငယ်ချင်းကပြောတယ်၊ ကျွန်တော်ကတော့ ရသင့်တာ ထက် အလကားပိုရတာကို ကြိုက်ဖို့ကောင်းတယ် မထင် ပါဘူး၊ ပြောနေရတောင် ရှက်ဖွယ်လို့ ထင်ပါတယ်၊ သူငယ်ချင်းကတော့ ပူမနေပါနဲ့ကွာဆိုပြီး ကျွန်တော့်ပခုံးကို လက်နဲ့နာနာဖျစ်ပြီး သွားတော့တာပါပဲ၊ ပြီးတော့ ဟောင် ကောင်ကို ထွက်သွားပြီး အလုပ်လုပ်နေတယ်လို့ ကြားတာ ပါပဲ၊ နှစ်လကျော်လောက်ကြာတော့ အစိုးရငွေ အလွဲသုံး စားမှုဆိုလား ဘာလား၊ အဲဒီအမှုနဲ့ ကျွန်တော့်ကို ဖမ်း တော့တာပါပဲ။

"တရားရုံးမှာ ကျွန်တော်ဟာ လူပြက်ပဲ၊ လူတွေက သိပ်ရယ်ကြတယ်၊ ကျွန်တော် စာရင်းအင်းမှားတာကို သူတို့ ရယ်တာမဟုတ်ဘူး၊ ကျွန်တော်က ရှေ့ကအလုပ် လွှဲသွားပြီး ဟောင်ကောင်ကို ထွက်သွားတဲ့လူကို သူငယ် ချင်းလို့ခေါ်တာ သုံးသေးတာကို ရယ်ကြတာပါ၊ ဒါ ရယ် စရာမဟုတ်ဘူးလို့ ထင်တာပဲ၊ သူငယ်ချင်းကို ကျွန်တော် တွေ့ချင်သေးတယ်၊ သူ ကျွန်တော့်ကို လိမ်သွားတယ်၊ ချောက်ချသွားတယ်လို့ ကျွန်တော် မထင်နိုင်သေးဘူး၊

သူငယ်ချင်းနဲ့ ရင်ဆိုင်တွေ့ပြီးမှပဲ ကျွန်တော် ဆုံးဖြတ်ချင်ပါတယ်၊ ပြီးတော့ သူ သည်လိုလုပ်ဖို့လည်း အကြောင်းမရှိပါဘူး၊ လူရင့်မာကြီးပဲ၊ ကျွန်တော့်အပေါ် လုပ်မယ်လို့လည်း မထင်ပါဘူး၊ လုပ်ရင်လည်း သူ့မှာအကြောင်းပြချက် လုံလုံလောက်လောက် ရှိလိမ့်မယ်၊ ရှိရမှာမို့ သိပ်အပြစ်ဆိုစရာ ရှိနိုင်မယ်မဟုတ်ပါဘူး၊ ကျွန်တော် သူ့ကို သနားချင်တာပါပဲ၊ သူ့အစား တရားရုံးကို ရောက်ရတာထက် ကောင်းတဲ့အကူအညီ ပေးလိုက်ချင်တယ်၊ သူ တကယ် ငွေလျော်စရာရှိနေတယ်ဆိုရင် ကျွန်တော့်ခြံမြေကလေးနဲ့ အိမ်ကိုရောင်းပြီး ပေးလိုက်နိုင်သားပဲ၊ ကမ္ဘာမြေပေါ်က ပစ္စည်းပစ္စယအားလုံးဟာ လူအားလုံးအတွက်ပဲမဟုတ်လား၊ ကမ္ဘာ့ပစ္စည်းတွေက ကျန်ရစ်ဦးမှာပါ၊ လူတွေက သေသွားကြမှာပါ၊ မွေးလာတဲ့လူတွေက ပိုင်ကြဦးမှာပါ။

"ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ရယ်တာပါပဲ၊ ရယ်တာကတော့ ကျွန်တော် စာရင်းအင်းဌာနမှာ ဝင်လုပ်မိတာကို ရယ်တာပါ။ ကျွန်တော့် ဆယ်တန်းအောင်လက်မှတ်က သင်္ချာဂုဏ်ထူးဆိုတဲ့ စာလုံးတွေကို ရယ်တာပါ၊ ကျွန်တော် သင်္ချာဖျင်းတာ မှန်ပါလျက်နဲ့ ကြက်ကန်းဆန်အိုးတိုးမိတာဟာ ဖျောက်လို့မရတဲ့ ဂုဏ်ထူးဝိသေသ ဖြစ်နေတာကို ရယ်တာပါ။

"ကျွန်တော့်ကို အလုပ်ရှာပေး လွှဲပေးသွားတဲ့ သူငယ်ချင်းအပေါ် ကျွန်တော် မဆုံးဖြတ်သေးတာကတော့

ရယ်စရာမဟုတ်ဘူးလို့ ထင်ပါတယ်၊ ရယ်မယ့်အစား ကျွန်တော်နဲ့ သဘောချင်း တိုက်ဆိုင်ကြဖို့ကောင်းတယ်၊ ထောက်ခံကြဖို့ ကောင်းတယ်။

"ပြီးတော့ စွပ်စွဲတာနဲ့ အပြစ်ရှိတာက တခြားစီပဲ၊ မဟုတ်ဘူးလား အေးရယ်၊ တူတူပဲသာဆိုရင် အစွပ်အစွဲ ခံရတဲ့ ကျွန်တော်လည်း အပြစ်ရှိတာပေါ့၊ အေးလေ အပြစ်ရှိတယ်လို့ ထင်တဲ့လူတွေ အများကြီးရှိမှာပါပဲ၊ ကျွန်တော် ရုံးမင်းတစ်ထိုင် အပြစ်ရတယ်၊ အလုပ်ပြုတ်သွားတယ်၊ ဘာတွေရွှတ်ဖတ်နေကြတယ်တော့ နားမထောင် လိုက်ပါဘူး၊ စီရင်ချက်ချတာ ဖတ်ပြတာ မကြားလိုက်ပါ ဘူး၊ ကျွန်တော် စဉ်းစားနေတာကတော့ ထောင်သုံးလ လောက်ကျရင် ကောင်းမှာလို့၊ သံတိုင်အနောက်ကလူတွေနဲ့ နေဖူးလိုက်ချင်တယ်၊ နည်းနည်း လေ့လာကြည့်ချင်တယ်၊ ပင်ပန်းဆင်းရဲမှာလည်း မကြောက်ပါဘူး၊ ကျွန်တော့်လက် တွေက မြေပေါက်နေကျပဲ၊ မပြုံးပါနဲ့အေးရယ်၊ ကျွန်တော့် ပန်းချီကားတွေ တကယ်ရောင်းရလာတာ ၁၀ နှစ် မရှိသေး ပါဘူး ခုလည်း ကရင်လေးနဲ့ မြေဝိုင်းပေါက်နေတာပါပဲ။

"တရားသူကြီးက မေးတယ်၊ ခင်ဗျားမှာ ဘာပြော စရာ ရှိသေးသလဲတဲ့၊ ကျွန်တော်လည်း စိတ်ထဲရှိရာ ထွက် သွားမိတယ်၊ ကျွန်တော် ထောင်သုံးလလောက် ကျချင် တယ်လို့ ဘယ်လိုနေလဲလို့ သိချင်လို့လို့ဆိုတော့ ဘာပြော သလဲသိလား အရူးထောင်ပဲ ဖြစ်နိုင်မယ်တဲ့ဗျာ။

"ကျွန်တော်ကလည်း ပြောလိုက်ပါတယ်၊ အပန်း

မကြီးပါဘူး၊ ဒါလည်း လေ့လာစရာပါပဲလို့၊ ဘဝနဲ့နှီးစပ်ရတာ ကောင်းတာပါပဲလို့၊ ကျွန်တော်က အဲဒီအတိုင်း ယဉ်ယဉ်ကျေးကျေးပြောတာ အမှန်ပါပဲ၊ ဒါပေမဲ့ ရုံးတော်ကို မရိုသေမှုနဲ့ ဒဏ်ချလိုက်သေးတယ်၊ ထောင်ကိုတော့ မပို့ပေးဘူး၊ ကျွန်တော် သိပ်ရယ်ချင်တာပဲ”

❐

"နုနု ကျွန်တော်တို့သားလေးကို ကိုယ်ဝန်ဆောင် တဲ့အခါ ကျတော့ ကျွန်တော် အပျော်ဆုံးပဲ၊ နုနုဟာ လှလိုက်တာဗျာ၊ အဲဒီအချိန်လောက် သူတစ်ခါမှ မလှဖူးဘူး ထင်တာပဲ၊ မျက်နှာလေးဆို ဝင်းလို့၊ အသားကလေးကဝါလို့၊ ကလေးဖို့ အင်္ကျီကလေးတွေချုပ်လိုက်၊ သိုးမွေးထိုးလိုက်၊ ဂွမ်းစောင် ဝယ်လိုက်နဲ့ ပွားများလာတဲ့အချစ်အတွက် ပြင်ဆင်နေတာ မြင်ရတာ တကယ်ပျော်စရာကောင်းတယ်။

"သားလေးမွေးပြီးတဲ့အချိန်မှာ ကျွန်တော် ပန်းချီ ဆရာ တကယ်ဖြစ်လာတာပဲ၊ သားနဲ့မိခင်ဆိုတာတွေ အများကြီး ကျွန်တော် ဆွဲခဲ့တယ်၊ တစ်ခါတော့ 'ဒေင် ဥယျာဉ်ထဲမှ သားအမိ' ဆိုပြီး ကျွန်တော် နာမည်ပေးလိုက် တော့ တော်တော်အပြောအဆို ခံရတယ်။

"ကျွန်တော့်ဘာသာတော့ အဲဒီပုံကို တော်တော် ကြိုက်တယ်၊ အလှတစ်ရပ်ကို ကံအားလျော်စွာ ပိုင်ဆိုင် လိုက်ခြင်းလို့ထင်တယ်၊ ဒါပေမဲ့ နုနုက စိတ်ဆိုးပြန်တယ်၊ ဘာဖြစ်လို့လဲလို့တော့ နားမလည်လိုက်ပါဘူး၊ သတင်း

ကြားပြီး ဝယ်ချင်တဲ့လူ လိုက်လာတော့ နုနု ကျေနပ်သွားပြန်တယ်၊ ကျွန်တော့်အထင်တော့ နုနုဟာ ပန်းချီကား အရောင်းအဝယ်ဖြစ်တာကိုတော့ သဘောကျတယ်၊ ဒါပါပဲ၊ ဒီတော့ ကျွန်တော် ဝမ်းနည်းတယ်။

"အဲဒီပန်းချီကားအတွက် ကျွန်တော်တို့ တော်တော်စကားများရတယ်၊ ကျွန်တော်က မရောင်းချင်ဘူး၊ နုနုက ငွေလိုနေတာချည်းပဲ၊ အိမ်မှာ စားစရာလည်း အပြည့်ရှိလျက်နဲ့ နုနုကတော့ သားရဲ့ဘဝအတွက် ပြင်ဆင်တယ်ပေါ့။

"ကောင်းပြီ၊ သားကို ဘယ်လိုမွေးမလဲလို့ ကျွန်တော်တို့ ဆွေးနွေးကြတယ်၊ ဘယ်ကိုမှတော့ မရောက်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ နုနုဟာ ကျွန်တော့်သားကို ကျွန်တော်နဲ့ မတူစေရဘူးဆိုတာ အရင်းခံထားလို့ဖြစ်တယ်၊ ကျွန်တော်ကတော့ နုနုကို အဖော်အဖြစ် မမျှော်လင့်တော့ဘူးဆိုတဲ့ တစ်နေ့မှာ သားက အဖော်ဖြစ်လာမယ်လို့ ထင်စားထားတယ်၊ အဖော်ဖြစ်လာချင်တယ်ဆိုတာလည်း ကျွန်တော့်ကို နားလည်စေချင်တာပါပဲ၊ ကျွန်တော်နဲ့ တူစေချင်တာ မဟုတ်ပါဘူး၊ မတူရဘူးလို့လည်း မဟုတ်ဘူး။

"သားကို လွတ်လပ်ခွင့်ပေးချင်တယ်၊ သူဖြစ်စေချင်တာ ဖြစ်ရမယ်၊ လုပ်ချင်တာလုပ်ရမယ်၊ သားရဲ့စိတ်ကူးကို ကျွန်တော် ရိုသေချင်တယ်၊ သားရဲ့ လူအဖြစ်ကို မျှော်တွေးတယ်၊ ကလေးဟာ မိဘနှစ်ပါးလုံးရဲ့ ပိုင်ဆိုင်တဲ့ပစ္စည်း မဟုတ်ဘူး၊ ချယ်လှယ်စရာမဟုတ်ဘူး၊ တစ်သီး

တခြားဖြစ်ထွန်းရမယ့် လူ့ဘဝတစ်ရပ်ဖြစ်တယ်၊ မိဘက ကူညီရုံ ထောက်ပံ့ရုံပဲ။

"နုနုက ငြင်းပြန်တယ်၊ ကျွန်တော်ဟာ တာဝန်မဲ့တယ်တဲ့။ ကလေးကို ဖျက်ဆီးတယ်တဲ့။

"နုနုက ကလေးကို စည်းကမ်းကြီးတွေနဲ့ ချုပ်ချယ်လာတာ မြင်ရတယ်၊ စိတ်မချမ်းသာစရာ တကယ်ကောင်းတယ် အေးရယ်၊ ဟိုဟာမလုပ်ရဘူး၊ ဒီဟာမကိုင်ရဘူး၊ ကျွန်တော်နဲ့ ရန်ဖြစ်ရင် ကလေးကို မဲ့ရိုက်ချင်ရိုက်နေပြန်ရော၊ ကိုယ့်ရင်ကဖြစ်တဲ့ကလေးကို အသားနာအောင် လုပ်ရက်လိုက်တာ။

"တစ်ခါ ကလေးက ပန်းကန်ခွဲလို့ လက်ဖျားကို ရိုက်တော့ ကျွန်တော်က ပြောမိတယ်၊ ပန်းကန်တစ်ချပ်ဟာ ကလေး စိတ်တစ်ချက်နာကျင်သွားတာရဲ့ ဆယ်ပုံတစ်ပုံ အဖိုးမတန်ပါဘူး၊ လူဟာ ပစ္စည်းရဲ့ကျွန် မဟုတ်ဘူးဆိုတော့ ကျွန်တော်ချစ်တဲ့ နှလုံးပူအေးမယ်ထင်ရတဲ့ နူးညံ့ပျော့ပျောင်းတဲ့ ခဏခဏ ငိုတတ်တဲ့ နုနုက ဘာလုပ်တယ် ထင်သလဲ။

"ကျွန်တော့် စုတ်တံပြားကြီးကို ဆေးမည်းနှစ်ပြီး ကျွန်တော် ပန်းချီကားကို ကြက်ခြေခတ်ပစ်လိုက်တယ်။

"ကျွန်တော် မတားပါဘူး၊ ကြည့်နေလိုက်တယ်၊ စိတ်လည်းမဆိုးပါဘူး၊ အံ့သြတယ်၊ ငိုချင်တယ်၊ ဒါပါပဲ။

"နုနုကတော့ ပြောတယ်၊ ရှင့်မှာ ထိခိုက်စရာ အသည်းနှလုံးမှ မရှိဘဲ အေးစက်စက်နဲ့ ကြည့်နေနိုင်တာ

ပေါ့တဲ့။

"ကျွန်တော် စဉ်းစားတယ်၊ နုနုဟာ ကြမ်းတမ်းတဲ့ မိန်းကလေး မဟုတ်ခဲ့ဘူး၊ မိန်းမပီသတာတော့ မှန်တယ်၊ အနည်းငယ် သေးနုပ်တယ်၊ သို့ပေမဲ့ ပျော့ပျောင်းတယ်၊ ချစ်ခင်တတ်တယ်၊ ကျွန်တော့်ဘက်က ဘာမှကတိများ စွာပေးခြင်း မရှိဘဲနဲ့ ကျွန်တော့်နောက်ကို လိုက်လာတယ်၊ မြို့ဆန်တဲ့ သူ့အဆောင်အယောင်ကို ခွဲခွာခဲ့ပြီး သည်မရမ်း ခြံ မြို့စွန်မှာလာနေတယ်၊ သူ့ဘက်က အများကြီး ကြိုးစားခဲ့တယ်ဆိုရမှာပေါ့။

"ကျွန်တော်တို့နှစ်ယောက် ပေါင်းစပ်လိုက်တာဟာ အပေါင်းလက္ခဏာ မထွက်တော့ဘဲ အနုတ်လက္ခဏာ ထွက်နေပြီလား။

"ကျွန်တော့်အလိုကိုလိုက်ပြီး နေ့စဉ်ရက်ဆက် ကလေးနို့တိုက် ထိုင်ခဲ့တာတွေ သတိရတယ်၊ အဲဒီပုံဖြစ် အောင် သူဟာ အင်မတန် စိတ်ရှည်လက်ရှည်နဲ့ ပုံတူဆွဲ ခံခဲ့တယ်။ ပြုံးပြုံးကလေးနေခဲ့တယ်၊ ကျွန်တော် ကြေးများ တာလည်း အေးသိသားပဲ၊ နုနု သည်းခံခဲ့တာအမှန်ပါပဲ၊ တစ်နေ့တစ်နေ့ ထိုင်ပြီးအပြုံးကလေးနဲ့ ကလေးပွေ့ပြီး ကိုယ်ဟန်ပြခဲ့တယ်၊ ကျွန်တော့်ကို အများကြီးပေးလိုက် တယ်၊ သို့ပေမဲ့ ဆေးမည်းနဲ့ ကြက်ခြေခတ်ပြီး ပေးပြီးသားကို ပြန်ယူသွားပြန်တယ်။

"ဒီပန်းချီကားကို ဧည့်ခန်းထဲကနေ အိပ်ခန်းထဲ ရွှေ့လိုက်တယ်၊ အိပ်ရာခေါင်းရင်းမှာထားလိုက်တယ်၊ အဲဒါ

ကျွန်တော့်အမှားပဲ ထင်ပါရဲ့၊ ခေါင်းရင်းက ခြောက်လှန့်နေတဲ့ပုံကြောင့် ကျွန်တော်နဲ့ နုနုဟာ ပွေ့ပိုက်နေလျက်က ခွာလိုက်ကြတယ်၊ နမ်းရှုပ်နေလျက် ခွဲလိုက်ကြတယ်၊ လရောင် ကြယ်ရောင်မတိုးနိုင်တဲ့ မှောင်မိုက်တဲ့ တစ်ခါတလေ ညများမှာသာ ကျွန်တော်တို့ဟာ ပြန်လည်ရင်းနှီးပြီး အလင်းရောင်သန်းလာပြန်တော့ ပြန်လည်စိမ်းကားသွားကြတာပါပဲ။

"နုနုမှာလည်း သာမန်မိန်းမတို့ရဲ့ မာနခေါ်မလား၊ ခေါင်းမာတယ်ခေါ်မလား၊ အဲဒါရှိတယ်၊ သူဟာ သူ့သားကို ပိုပြီး တင်းတင်းကျပ်ကျပ်လုပ်လာတယ်၊ ကျွန်တော်ဝယ်ပေးထားတဲ့ စုတ်တံကိုင်ရင် ပေတယ်၊ ပလပ်စတာရှို့ကို ရှို့စရာ၊ ပတ္တလားခေါက်ရင်တောင် နားငြီးတယ်ဆိုပြီး ကလေးကို ကကြီးကခွေးနဲ့ အေဘီစီဒီသာ အတင်းသင်တော့တာပါပဲ။

"မနက်မိုးလင်းရင် ကလေးကို လမ်းလျှောက်သင်ခွင့်ခေါ်ခွင့် ကျွန်တော် မရတော့ဘူး"

❐

"နုနုဟာ မပျော်ဘူး၊ သူပျော်အောင် ဘယ်လိုလုပ်ရပါ့ မလဲလို့ ကျွန်တော် စဉ်းစားတယ်၊ နုနု ဘာလုပ်ချင် သလဲလို့ စဉ်းစားတယ်"

"နုနု ဘာမှမလုပ်ချင်ဘူးဗျ၊ လူ့ဘဝမှာ သူလုပ် စရာ ဘာမှမရှိဘူး၊ အနည်းဆုံး ဘီအေအောင်အောင် နေလိုက်ပြီးမှ ကျွန်တော်တို့ယူကြရင် သူဟာ ကျောင်း ဆရာမ၊ ရုံးဝန်ထောက် စသည်ဖြင့် လုပ်စရာအလုပ်တစ်ခု ထူးထူးဆန်းဆန်း မဟုတ်တောင် ရှိနေရင် သက်သာမှာပဲ။

"ကြည်နူးမှုဆိုတာ သူမရနိုင်ရှာဘူး၊ ကျွန်တော် သင်ပေးချင်ပါရဲ့၊ တစ်ခါရွာစွန်က ကြာအိုင်ကို အတင်း ခေါ်သွားမိတယ်၊ နွေကုန်စနေရောင်ပျပျသာတဲ့ တစ်မနက် ခင်းမှာပဲ မှတ်မိပါရဲ့၊ ကြာအိုင်နဖူးမှာ ကောက်ကောက်ကွေ့ ကွေ့ပေါက်နေတဲ့ အမျိုးအမည်လည်း ကျွန်တော်မသိတဲ့ သစ်ပင်က သစ်ရွက်တွေ လေဇော့တိုင်းကြွေနေတယ်၊ ဝါဖန့်ဖန့် စိမ်းလဲ့လဲ့ အရွက်ကလေးတွေ ပတ်ချာပတ်ချာ လည်ပြီး စောင်းရွှေရွှေနဲ့ ရေပြင်ပေါ်ကြွေကျတယ်၊ လှ

လိုက်တာဗျာ၊ ပြောမပြနိုင်လောက်အောင်ပါပဲ၊ အဲဒီအလှကို ကျွန်တော် ခုထက်ထိ ဆွဲလို့မရသေးဘူး၊ ဥပမာကတော့ ဆီလျော်ပါ့မလားမသိဘူး၊ ဒါပေမဲ့ ကျွန်တော်ကတော့ နားထဲမှာ နတ်စောင်းညင်းသံ ကြားလိုက်ရသလိုပဲ။ (နတ်စောင်းညင်းသံကို မဆွဲရသေးပေမဲ့ ကျွန်တော် နာမည်ပေးထားတယ်) နုရယ် ကြည့်ပါဦးလို့ ကျွန်တော် ပြောမိပေမဲ့ နုနုက သာမန်ကာလျှံကာပဲဗျ၊ သူ ဘာမှမမြင်လိုက်ဘူး။

"ကျွန်တော်တော့ အိပ်မပျော်တဲ့ညတွေ စိတ်လေတဲ့အခါတွေမှာ အဲဒီ စိတ်မျက်စိထဲကပုံကို ပြန်မြင်လိုက်ရင် တည်ငြိမ်သွားတာပဲ၊ မျက်ရည်လည်းကျလာတယ်၊ အမှန်တရားနဲ့ နီးစပ်လာတယ်။

"အလှကို မမြင်နိုင်တဲ့သူဟာ အချစ်ဆိုတာကော ရှိပါ့မလား၊ တောထဲက တိရစ္ဆာန်တွေဟာ နေထွက်လာတာ၊ လတက်လာတာ၊ မိုးပေါက်တွေကြဲချတာ၊ သစ်ပင်သစ်ရည် တက်လာတာနဲ့ ရင်းနှီးပေမဲ့ အလှကို မမြင်ကြဘူး၊ အချစ်ဆိုတာ မရှိဘူး၊ တပ်မက်တာ ကိုယ်လက်ရင်းနှီးတာပဲရှိမယ်၊ တိရစ္ဆာန်လောကမှာ သစ္စာတရားဆိုတာ မရှိပါဘူး။

"တကယ်ပဲ နုနုကို ကျွန်တော် အထင်သေးလာတယ်၊ သာမန်အချည်းနှီး မိန်းမတစ်ယောက်ပဲလို့ မြင်လာတယ်၊ သူကလည်း ကျွန်တော့်ကို အထင်သေးတာပဲ၊ လက်တွေ့မဆန်သူပေါ့၊ ကျွန်တော့်အချစ်ကိုတောင် လူကိုချစ်တာမဟုတ်၊ အချစ်ဆိုတဲ့တရားကို ချစ်နေတာ၊ စိတ်ကူး

ယဉ်နေတာ၊ သာယာနေတာလို့ စွပ်စွဲလာတယ်။

နောက်ဆုံးတော့ အကျင့်စာရိတ္တ မကောင်းဘူးလို့တောင် ထိပါးလာပါတော့တယ်။

"အဲဒီအဖြစ် ဖြစ်ရတာကတော့ နုနု ဘယ်တော့မှ နားလည်နိုင်မယ် မဟုတ်ပေမဲ့ အေးတော့ နားလည်မယ်ထင်တာပဲ၊ မရမ်းခြံမြောက်ဘက်ကရွာမှာ အငြိမ့်အဖွဲ့တွေ အများကြီးရှိတယ်ဗျ၊ ဆိုင်းဘုတ်တွေကို စီနေတာပဲ၊ ဇာတ်မင်းသားတွေလည်း တော်တော်ထွက်တယ်။

"အဲဒီရွာက အငြိမ့်သမကလေးတစ်ယောက်ကို ကျွန်တော်ခေါ်ပြီး ပတ်ချာလှည့်ကခိုင်းပြီး လှုပ်ရှားနေတဲ့ ကဟန်ကို ကျွန်တော် ဆွဲယူတယ်၊ ကလေးမလေးက ၁၅ နှစ်လောက် ရှိဦးမယ်၊ သေးသေးသွယ်သွယ် ဖြူဖြူကလေး၊ ကလေးငယ်လေးလိုပဲ ဖွံ့ဖွံ့ဖြိုးဖြိုး နည်းနည်းမှမရှိပါဘူး၊ လှလှပပ ကြည်ကြည်လင်လင်ကလေးပဲ၊ တော်တော်ချစ်စရာကောင်းတယ်၊ အကလည်း အင်မတန်ညက်တယ်၊ ကြော့ရှင်းတယ်၊ ပီသတယ်၊ ပိုက်ဆံလည်း သိပ်မပေးရဘူးဗျ။

"ကျွန်တော်ကလည်း မနေနိုင်လို့သာ ပန်းချီဆွဲနေတာ၊ ပန်းချီဆရာမှ မဖြစ်သေးတာ၊ နုနုကိုတောင်မောင် ပန်းချီဆွဲမယ်လို့ ရဲရဲပြောဝံ့တာမဟုတ်ဘူး၊ ကောင်မလေးကတာ ကြည့်ကောင်းလို့ပါလို့ မရေမရာပြောပြီး တိပ်ခွေဖွင့်ပြီး ကခိုင်းပြီး ခဲနဲ့ခြစ်နေတာက တော်တော်ကြာတာကို။

"နုနုက ထုံးစံအတိုင်း ငြူစူနေတာပါပဲ၊ တစ်နေ့တော့ ကျွန်တော်လိုရာကို ရခဲ့တယ်၊ ချိုးဖြူလေး အတောင်ခတ်ဟန်၊ လိပ်ပြာဝဲဟန်၊ သစ်ကိုင်းညွတ်ဟန်၊ ကြာဖူးငုံ အာလာဟန်တွေ ကလေးမလေး ကပြတာကို ခဲနဲ့ ပုံအမျိုးမျိုးကူးနေရာက ဆီဆေးဖြစ်သွားတယ်၊ ပုံခပ်သေးသေးပေမဲ့ ၃ ပုံတိတိ ရလိုက်တယ်၊ ပန်းချီကားဟာ လှုပ်ရှားနေတယ်၊ လက်ကလေးတွေဟာ ကခုန်လို့ကိုနေတယ်၊ ပျံဝဲနေတယ်၊ ကော့နေတယ်။

"ကျွန်တော် ဝမ်းသာလွန်းလို့ ကလေးမလေးကို အငြိမ့်ကရင်ဝတ်ဖို့ ရွှေချည်ထိုးထဘီ ဝယ်ပေးလိုက်တယ်၊ ညီမအရွယ်၊ တူမအရွယ်လေးပေမဲ့ ပူဇော်တဲ့သဘောပါပဲ၊ ဒီထက်မက ပေးချင်ပါသေးတယ်၊ နုနုကတော့ ခပ်စိမ်းစိမ်းကြည့်နေတယ်ပေါ့ဗျာ။

"ဒါပေမဲ့ တော်ပြီ ဆေးတစ်စက်မှ ထပ်မတို့နိုင်တော့ဘူး၊ မတို့တတ်တော့ဘူးလို့ ဆုံးဖြတ်ပြီး စိတ်အေးချမ်းသွားတဲ့တစ်နေ့မှာ ပန်းချီကားပေါ်က နူးညံ့ပျော့ပျောင်းတဲ့ ဝဲပျံနေတဲ့ အငြိမ့်သမလက်ကလေးကို ကျွန်တော်နမ်းလိုက်မိရင်တော့ နုနုဟာ ကျွန်တော့်အကျင့်စာရိတ္တကို ထိပါးပြောတော့တာပါပဲ။

"နုနုက ပြောတယ်။ လူအစစ်က ပိုနမ်းလို့ မကောင်းဘူးလားတဲ့၊ မနမ်းချင်ဘူးလားတဲ့။ ကျွန်တော်ကလည်း အတတ်နိုင်ဆုံး မှန်ရာကို ပြောချင်တဲ့သူဆိုတော့ အေးကွာ အဲသည်ကလေး မကလေးကို အင်မတန်လှအောင်

ကပြီးတဲ့အခါမျိုးမှ အားရပါးရပွေ့ဖက်ပြီး နဖူးကလေး နမ်းလိုက်ချင်တယ်။ သူ့နဖူးကလေးမှာ ချွေးစို့နေတတ်တယ်လို့ ပြောမိတယ်။

"ပြီးတော့ကော မောင်လို့ နုနုကမေးတော့–

"ပြီးတော့ ပန်းစိုက်အိုးထဲက နှင်းဆီငုံကလေးပွင့်အာလာလည်း မောင်နမ်းမိတယ်။ သားကလေး သီချင်းဆိုနေတဲ့အခါလည်း မောင်နမ်းမိတယ်။ နုမောင့်ကို နားလည်လာမယ့် အခါမှာလည်း မောင် နမ်းမိမှာပဲလို့ ဖြေလိုက်တယ်။

"မောင်က အလှမြင်ရင် နမ်းချင်သူဆိုပါတော့လို့ နုနုကသရော်တဲ့အခါ၊ ကျွန်တော်က ဒါအပြစ်မဟုတ်ပါဘူးနုရဲ့၊ အဲသည်အလှကိုမြင်တဲ့အခါမှာ မောင်ဟာလည်း မောင် မဟုတ်တော့ဘူး။ ဟောသည်ဘဝ ဟောသည်ကမ္ဘာမှာ လူဖြစ်နေတာလည်း မဟုတ်တော့ဘူး။ ရဟန္တာချာန်ဝင်စားသလို အင်မတန်စင်ကြယ်တဲ့ အဖြစ်ပါလို့ဆိုတော့ နုနုက နားမလည်တာလား။ မယုံတာလား မသိပါဘူး။ ခေါင်းခါနေတယ်။

"အဲသည်အလှကို ယစ်မူးရတာ ကောင်းပြီးရင်ကောင်းရင်းနဲ့ မခွဲနိုင်မခွာရက်ဖြစ်တော့မှာ မဟုတ်ဘူးလားလို့ နုကပြောတော့ ဖြစ်နိုင်ပါတယ်လို့ ကျွန်တော်က ဝန်ခံပါတယ်။ ဒါကတော့ ယေဘုယျအားဖြင့် ဖြစ်နိုင်တာပြောရတာမဟုတ်လား။ နယ်နိမိတ်သတ်မှတ်ထားတာလည်း ရှိတာပေါ့၊ နုနုကတော့ ရယ်တယ်ဗျာ။

"ကျွန်တော့်ကို အကျင့်စာရိတ္တမကောင်းတဲ့လူ၊ ပျက်စီးတဲ့လူလို့ ဆိုတယ်။ အကျင့်စာရိတ္တဆိုတာလည်း နေရာအမျိုးမျိုး ခေတ်အမျိုးမျိုးမှာ လူတို့သတ်မှတ်ထားတဲ့ စည်းကမ်းပဲ မဟုတ်လား။ ပြောင်းလဲနေတတ်တာပဲ။ ကျွန်တော်ကတော့ ရိုးဖြောင့်ချင်သူမျှသာ ဖြစ်ပါတယ်။ အကျင့်စာရိတ္တ ကောင်းတယ် မကောင်းဘူးဆိုတာ ကျွန်တော့်မှာ မရှိပါဘူး။ ကျွန်တော် နှစ်သက်သဘောကျ သလိုသာ သူများကို မထိပါးစေဘဲ နေချင်ပါတယ်။ ကျွန်တော့်ကို အကျင့်စာရိတ္တ ပျက်တယ်လို့ ပြောမယ့်အစား အကျင့်စာရိတ္တအဆိုး အကောင်း မသတ်မှတ်သူလို့ခေါ်ရင် ပိုမှန်မယ် ထင်ပါရဲ့။

"နုနုကတော့ အငြိမ့်သမကလေးကို အိမ်မလာနဲ့တော့လို့ နှင်လိုက်တယ်"

❒

"သည်နောက်တော့ နုနုဟာ သနားစရာကောင်း လာတယ်၊ အရူးပမာဖြစ်နေတယ်၊ ကလေးကိုတောင် ဂရုမစိုက်တော့ဘူး၊ ကျွန်တော်တို့ငွေလည်း တော်တော်ကျပ်တယ်၊ ခြံထဲမှာ နှင်းဆီတွေစိုက်တာကလည်းကုန်၊ ဆီဆေးတွေ ဝယ်ရတာကလည်း ကျွန်တော်က လောဘကြီးတော့ ဝယ်လို့ ပိုက်ဆံမလောက်နိုင်ဘူး၊ နုနုက မိန်းမပီပီ စကော့ဈေးသွားချင်မယ်၊ လက်ဝတ်လက်စားမက်မယ်၊ ရုပ်ရှင်ကြည့်ချင်မယ် ဆိုပြီး သတိရတာတော့အမှန်ပါပဲ၊ အဲဒီလိုဖြစ်နေတုန်း နုနုက သူငယ်ချင်းဟောင်းတွေနဲ့ ပြန်ပေါင်းပြီး ထမင်းထွက်စားဖို့တို့၊ ပျော်ပွဲစားထွက်ဖို့တို့ လာခေါ်တာနောက် လိုက်စပြုလာတယ်။

"နုနု ဒီလိုနေရမှ ပျော်ရွှင်မယ်ဆိုရင် ကျွန်တော်ကြည်ဖြူရုံမက ဝမ်းတောင်သာပါရဲ့၊ နုနုမှာ ကျွန်တော်နဲ့ မဆီဆိုင်တဲ့ မစပ်ဟပ်နိုင်တဲ့ အသွေးအကွက်လေးတွေ ရှိမှာပေါ့၊ လျှောက်ပတ်ရာ အလင်းရောင်နဲ့ တိုက်မိပြီး ပြိုးပြက်ဝင်းလက်လာတာကို မငြူစူသင့်ပါဘူး။

"သူ လူ့ဘဝမှာ နေထိုင်တတ်လာတယ်ထင်ပြီး ကျွန်တော် ဝမ်းသာအားရနဲ့ ပန်းချီကားတစ်ကား ရောင်းရသမျှ အကုန်သုံးပစ်လိုက်ဖို့ ပေးလိုက်သေးတယ်၊ နှစ်ထောင့်ငါးရာလောက် ထင်ပါရဲ့။

"နုနုက သူ မသုံးချင်ပါဘူးဆိုပြီး သားလေးနာမည်နဲ့ ဘဏ်မှာ ငွေစုစာရင်းဖွင့်သတဲ့၊ ပထမတော့ နုနု စိတ်ကောက်မှန်း သိတောင်မသိပါဘူး၊ သူ သဘောကျရာလုပ်တယ် အောက်မေ့တာပဲ၊ ကျွန်တော်က ထွေထွေရာရာလည်း မစဉ်းစားတတ်ဘူး မဟုတ်လား။

"နုနုက သူ့အတွက် အကုန်ခံတဲ့လူ ရှိပါတယ်တဲ့၊ သူ့မောင်နှစ်ဝမ်းကွဲဆိုလား၊ ဘိလပ်ကပြန်လာစ အင်ဂျင်နီယာကောင်လေးနဲ့ တော်တော်တွဲနေတယ်၊ ကောင်လေးက ကိုယ်ပိုင်ကားဝပ်ရှော့ အကြီးအကျယ်ဖွင့်ထားပြီး လွတ်လပ်နေတော့ နုနုကို နေ့တိုင်းလာခေါ်နေတာပေါ့။

"နုနု လှလှပပဝတ်စားပြီး ရယ်ကာမောကာနှင့် ထွက်လည်လိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ ပွဲလမ်းသဘင်သွားလိုက် လုပ်တာမြင်ရတော့ ကျွန်တော် စိတ်အေးသွားတယ်၊ နုနု နှမြောတတ်တဲ့ သူ့ခြေထောက်ကလေးတွေ ရွံ့မပေဘဲ ကားစီးနေရတာလည်း ကျေနပ်စရာပေါ့၊ နုနုက ကားမောင်းတွေဘာတွေ ပြန်ကျင့်လို့ ဟန်ကျနေတယ်။

"တစ်ညတော့ တစ်နာရီခွဲမှ ပြန်လာတယ်၊ ကျွန်တော်က စိတ်နည်းနည်းပူလို့ ထိုင်စောင့်နေပြီး ကားမီးမြင်တော့ ဝမ်းသာအားရ ထွက်ကြိုတာပေါ့၊ မောင်ကိုလေးကို

လည်း မပြန်နဲ့တော့ကွာ၊ တို့ဆီပဲအိပ်တော့၊ မင်းအိမ်ပြန်တော့ တစ်ယောက်တည်း၊ ခုတစ်လော လမ်းကွေ့မှာ ဓားပြတိုက်တယ်၊ လုတယ်ကြားနေရတယ်လို့ ပြောရတယ်။

"နုနုကတော့ အိပ်ရာထဲမှာ ကျွန်တော့်ကို ရန်ထောင်တော့တာပါပဲ၊ ကျွန်တော့်စိတ်ထဲ ရှင်းလင်းပါလျက်နဲ့ သူက ရန်ထောင်တယ်၊ မောင်နှမနှစ်ဝမ်းကွဲပေမဲ့ အရင်းလိုပဲတဲ့၊ ငယ်ငယ်ကတည်းက အိမ်ချင်းကူးပြီး နေလာကြတာတဲ့၊ အေးပါအေးပါလို့ ဆိုပေမဲ့ ကျွန်တော့်ရင်ဘတ်ကို ထုတယ်၊ ငိုတယ်၊ ကြည့်နေရက်တယ်တဲ့ဗျာ။

"ဒီလိုပဲ မကြာခဏ မောင်နှမတော်တဲ့အကြောင်းချည်းပြောနေ၊ မျက်နှာပျက်နေတော့ ကျွန်တော်က ပြောမိတယ်၊ နုရယ် စိတ်အေးအေးထားပါ၊ မောင် နုကို ဘယ်တော့မှ မကောင်းမထင်ဘူး၊ တကယ်တော့ မောင်ကိုလေးနဲ့ နုနဲ့ မောင်နှမတောင် တော်စရာမလိုပါဘူး၊ မောင်ကိုလေးနဲ့ သွားလာနေရတာ ပျော်ရင်ပျော်သလို နေနိုင်ပါတယ်၊ သူပေးတဲ့ အခွင့်အရေးကို မောင်မှမပေးနိုင်ဘဲကိုး၊ ပြီးတော့ မောင်ကိုလေးနဲ့ နု ကလေးမွေးပြီးတောင် နေနိုင်ကြပါတယ်၊ ဒီလိုနေမှ နုအဖို့ ဖြစ်နိုင်မယ်၊ ကျေနပ်နိုင်မယ်ထင်ရင်လို့ ပြောလိုက်တယ်၊ ဘာကြောင့်လဲဆိုတော့ မောင်က နုကို လိုလားနေသေးတာကိုး၊ နုကို စည်းလွတ်ကမ်းလွတ် လိုချင်နေသေးတာကိုးလို့ ပြောလိုက်တယ်။

"နုနုက နှုတ်ခမ်းတုန်အောင်ကိုက်ပြီး ဒီလိုလား၊ ဒါဖြင့်ရင်လည်း အဲဒီလို ကလေးမွေးနေရုံမက မောင့်ကိုပါ

ထားပစ်ခဲ့ရင်ကောတဲ့။

"မောင် နုကို လွမ်းနေဦးမှာပေါ့လို့ ပြောလိုက်တယ်၊ မောင် နုကို ဆုံးရှုံးရပြီလို့ သိမှာပေါ့လို့ ပြောလိုက်တယ်၊ ဒါပေမဲ့ နု သွားမှ၊ မောင့်ကို ထားခဲ့မှဖြစ်မယ်ဆိုလည်း ထားခဲ့ရမှာပေါ့၊ မောင် မတားသင့်ပါဘူးလို့ ပြောပါတယ်။

"မောင် ကြည့်နေနိုင်တယ်ပေါ့လို့ နုနုက မေးမြန်းပြန်တော့ ကျွန်တော် ယုံကြည်တာကို မလိမ်ညာနိုင်ဘဲ ပြောရတယ်၊ နုဟာ မောင်နဲ့ နုတို့ဘဝအတွက်သာမက နု တစ်ယောက်ရဲ့ ဘဝအတွက်ပါ စဉ်းစားခွင့်၊ ဆုံးဖြတ်ခွင့် ရှိပါတယ်လို့၊ မောင်နဲ့ မပျော်တော့လို့ နုထွက်သွားမယ် ဆိုရင် မောင် ကြည့်နေရုံအပြင် ဘာမှမတတ်နိုင်ပါဘူးလို့။

"ကျွန်တော့်ကို နုနုက စိမ်းကားတဲ့သူတဲ့ဗျာ၊ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ကြီးကျယ်လှတဲ့လူ မဟုတ်နိုင်ပေမဲ့ အနည်းဆုံး ယဉ်ကျေးတဲ့ လူသားတစ်ယောက်လို့ပဲ ထင်ပါတယ်။

"နောက်ဆုံးတော့လည်း နုနုဟာ ကျွန်တော့်ကို ကိုယ်စိတ်နှစ်ပါး ဒုက္ခပေးတဲ့လူလို့ အမည်မှည့်ပြီး ကလေးကိုခေါ်ပြီး ထွက်သွားတော့တာပါပဲ၊ ကျွန်တော်လည်း မတားလိုက်ပါဘူး"

❐

ထိုခဏ၌ လက်ထပ်ပွဲသည် ပိုမိုကြီးကျယ်ခမ်းနား လာပါသည်။ အမာစိန် ကလို့ပြီးသွားပြီ။ နာမည်ကျော် အကယ်ဒမီဆုရ ရုပ်ရှင်မင်းသမီးက သီချင်းဆိုနေပြန်သည်။ သူ့အသံနှင့် အဆိုမှာ ကောင်းမွန်လှသည် မဟုတ်သော်လည်း ချစ်စဖွယ်လှပသော ရုပ်ရည်အဆင်အပြင်က စိတ်ဝင်စားဖွယ် ရှိလေသည်။ သူရဲ့ အမြဲတပ်ဆင်ထားသော အပြုံးအတွက် ကျွန်မ ကြင်နာစိတ်ပွားနေဆဲ ရုပ်ရှင်ရိုက်ကင်မရာနှင့် လူသုံးယောက်သည် ပရိသတ်နှင့်တကွ လှုပ်ရှားမှုအားလုံးကို မီးတဝင်းဝင်းနှင့် ရုပ်ရှင်ရိုက်စပြုလေ၏။

သူကတော့ သတိထားမိဟန်မရှိဘဲ ရေခဲများအရည်ပျော်ကာ ပူနွေးခဲ့ပြီဖြစ်အောင် အရေကျဲလာပြီဖြစ်သော လိမ္မော်ရည်ကို နှစ်ကျိုက်မျှ သောက်ပြန်လေသည်။ သူသည် အနည်းငယ် ပင်ပန်းနွမ်းနယ်ဟန် ရှိသော်လည်း သူ့မျက်လုံးများ ပြုံးပြက်နေသည်။ သူ့နဖူးပေါ်က ဆံပင်ခွေကို သပ်တင်လိုက်သော်လည်း ခေါင်းမာစွာပင် ပြန်လည်ဝေဖြာကျခဲ့သည်။

"အချစ်ဆိုတာ နှင်းဆီပင်လိုပဲ"ဟု သူက စကားစ ပြန်လေ၏။ "မြေသြဇာကျွေးဖို့လိုတယ်၊ ယုယနေဖို့လိုတယ်၊ ပိုးသတ်ဖို့လိုတယ်"

"သို့မဟုတ်ရင် ညှိုးရော်တတ်တယ်၊ သေတတ်တယ်ပေါ့"ဟု ကျွန်မက ထောက်လိုက်လျှင် "ဟုတ်တယ်"ဟု လွယ်လင့်တကူ ဝန်ခံလေ၏။ "အနည်းဆုံး ကျွန်တော့်အဖို့ပေါ့"

"ပြောရမှာ နည်းနည်းတော့ခက်တယ်၊ အချစ်စိတ်ဆိုတာ ရေငြိမ်မဟုတ်ဘူး၊ ရေတက်ရေကျရှိတဲ့ ဒီမျှသာဖြစ်တယ်၊ နုနုကို ချစ်တဲ့စိတ် ရှိဖူးတာကတော့ မပျောက်ပျက်နိုင်ဘူးပေါ့၊ ဒါပေမဲ့ အသစ်အသစ်ဖြစ်လာတဲ့ အချစ်စိတ်က မရှိတော့ဘူး၊ အတူမနေရလို့လည်း မဟုတ်ပါဘူး၊ အတူနေနေကြကတည်းက မဖြစ်တော့တာကို မှတ်မိပါတယ်၊ ခုဆိုရင် နုနုအကြောင်း စဉ်းစားရတာ သေသွားတဲ့လူအကြောင်း စဉ်းစားရသလိုပါပဲ၊ အတိတ်သာရှိတော့တယ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်မရှိတော့ဘူး၊ ကျွန်တော့်အဖို့ နုနုဟာ တောလည်သွားတုန်းက တွေ့ကြုံခဲ့ရတဲ့ စမ်းရေအိုင်လေးပါပဲ၊ ခု အဲဒီကို ပြန်မရောက်တော့ပါဘူး"

"ဒါကြောင့်လည်း ရှင်ဟာ အိမ်ကိုမလာခဲ့နိုင်တာပေါ့နော်"

"ဟုတ်ပါလိမ့်မယ်"

"ရှင် မလိမ်တာကိုတော့ ကျေနပ်ပါတယ်၊ ဒါပေမဲ့ လင်ရယ် မယားရယ်လို့ ဖြစ်ခဲ့ပြီးသည့်အထိ ချစ်ကြပြီးမှ

အချစ်ပျက်ပြယ်သွားရတယ်၊ ပြီးဆုံးသွားရတယ်ဆိုတာ အံ့ဩသလိုလိုပါပဲ"

"ချစ်တယ်ဆိုတာက တစ်ယောက်ကိုတစ်ယောက် နှစ်သက်တာ သဘောကျတာတွေ အရင်းခံအများကြီးပါမှ ကြာရှည်မြဲနိုင်မယ် ထင်တာပဲ၊ ကျွန်တော်နဲ့ နုနုက တစ်ယောက်ကိုတစ်ယောက် သဘောမှမကျကြတာ"

"အတူနေကြပြီး နောက်ပိုင်းမှာလည်း ထပ်တလဲလဲ သဘောကျဖို့အချက်တွေ အသစ်ထပ်ဖြစ်၊ အသစ်ထပ်မြင် နေဖို့ လိုမှာထင်ပါရဲ့"ဟု ကျွန်မက အသံထွက်အောင် တွေးတောလိုက်မိပါသည်။

"လူ့ဘဝဟာ ငြိမ်နေဖို့မှမဟုတ်တာ၊ ရှင်သန်ကြီး ပွားနေဖို့ပဲ၊ ဒါမှမဟုတ် ဆုတ်ယုတ်ကျဆုံးသွားမှာပဲ"

ကျွန်မတို့ ခဏမျှ တိတ်ဆိတ်နေပြီး သူက ခပ် ညည်းညည်းပြောပါသည်။

"တကယ်တော့လည်း အေးရယ်၊ ကျွန်တော်ကသာ အချစ်ဆိုတာကို ယုံကြည်မြတ်နိုးနေတာကိုး၊ အချစ်ဆိုတာ အင်မတန် ခမ်းနားကြီးကျယ်တဲ့ အလှတစ်ပါး၊ လူ့ဘဝရဲ့ သစ္စာတရားလို့ တင်စားတာကို၊ ဘာကိုမှ မစေ့ငှဘဲ မိန်းမနဲ့ ယောကျ်ား ကြုံကြိုက်တာ၊ တပ်မက်တာ၊ ရင်းနှီး တာလောက်ကိုပဲ အချစ်လို့ခေါ်လိုက်ပြီး လူ့ဘဝမှာ တခြား လိုချင်တာတွေ ရှာနေတဲ့လူတွေလည်း အများကြီးရှိတာပေါ့။

"ခမင်္ဂလာဆောင်ကို ဝတ်စားပြီးလာကြတဲ့ လူတွေ ကို ကြည့်ပါဦး၊ ဘယ်သူတစ်ယောက်ဟာ အချစ်ဆိုတာကို

ကောင်းချီးပေးဖို့ လာတယ်လို့ ထင်နိုင်မှာလဲ၊ မင်္ဂလာဆောင်ဟာ လူ့ဘဝရဲ့ အတုအပဟူသမျှ အကြီးအကျယ်စတင်ရာဖြစ်နေပြီ"

ကျွန်မသည် တိုးတိတ်စွာ တစ်ခွန်းတော့ ပြောလိုက်၏။

"ရှင်ဟာ ပျက်ပြယ်သွားတဲ့အချစ်ကြောင့် စိတ်အချဉ်ပေါက်နေတာများလားရှင်"

"ဟုတ်မယ်မထင်ပါဘူး"ဟု သူက မြန်မြန်ဆန်ဆန်ပင် ပြန်လည်ငြင်းဆန်လေ၏။ "အချစ်ဆိုတာလည်း အနိစ္စပဲအေးရဲ့၊ အဲဒါပေါ့ ကျွန်တော် နုနဲ့ မရမ်းခြံပြောင်းကြတဲ့နေ့က ပြောမိတာ ကျွန်တို့ဟာ အချစ်အတွက်သာ ပေါင်းသင်းကြစတမ်းလို့၊ အချစ်ပျက်ပြယ်သွားတဲ့တစ်နေ့မှာ သားသမီးဆိုတာအတွက်တောင် မငဲ့ဘဲ ခွဲခွာကြစတမ်းလို့"

"နုနုက ငိုပြန်မှာပေါ့"

"နုနုက ငိုတယ်၊ ကျွန်တော့်မှာ ရက်စက်တဲ့နှလုံးသားရှိတယ်တဲ့၊ သားသမီးဆိုတာတောင် မငဲ့ကြေးဆိုတော့ ဒါပေမဲ့ အေးရယ် ပြောခဲ့ပြီကော၊ သားသမီးဆိုတာ အရွယ်မရောက်ခင်က ကိုယ့်တာဝန်လို့ ယူဆရမှာကိုး၊ သူတို့လည်း သူတို့ကိုယ်ပိုင်ဘဝ ဖန်တီးရမယ့် တစ်သီးတခြား ပုဂ္ဂိုလ်တွေပဲ၊ မိဘဆိုတာက သူတို့အတွက် နှစ်အနည်းငယ်သာ လိုအပ်တာပဲ"

"ဒါပေမဲ့ ရှင့်သားလေး ဝင်းထွတ်ကိုတော့ ၃ နှစ်ခွဲသာ ရှင် အချိန်ပေးခဲ့ရတယ်၊ တော်ပြီလား"ဟု ကျွန်မ အေးဆေးစွာပင် မေးမြန်းလိုက်ပါသည်။

"ကျွန်တော့်တာဝရဲ့ တစ်စိတ်တစ်ဒေသ အတော်များများကြီးကို ပေးချင်ပါသေးတယ်၊ အနည်းဆုံး လူ့ဘဝမှာ ပိုက်ဆံ၊ ဂုဏ်၊ ရာထူး၊ အိမ်ရာ၊ ချောင်း၊ မြောင်းဆိုတာတွေ မရှိဘဲနဲ့ လွယ်လွယ်ပြောရရင် လူဆင်းရဲပေမဲ့ စိတ်ချမ်းသာအောင် ဘယ်လိုနေရမယ်၊ ပစ္စည်းချမ်းသာသည်ဖြစ်စေ၊ မချမ်းသာသည်ဖြစ်စေ၊ လူ့ဘဝမှာ ပျော်ရွှင်စွာနေနည်း တစ်နည်းတော့ ကျွန်တော် သိထားတာရှိတယ်ဆိုတာ ကျွန်တော့်သားကို ပြောပြချင်ပါသေးတယ်၊ ဒါပဲ ကျွန်တော့်မှာ ပေးစရာရှိတယ်ထင်တယ်၊ ဒါပေမဲ့ နုနုကတော့ ယူစေမယ်မထင်ပါဘူး"

"နုနုဟာ ဆယ့်ငါးနှစ်လုံးလုံး အိမ်ထောင်ထပ်မပြုဘဲ နေတာကတော့ ဘာကြောင့်လဲလို့ စဉ်းစားနေတယ်၊ သူ့မှာ ခင်မင်တဲ့ လွယ်လွယ်ပြောရရင် တွဲဖက်သွားလာနေတဲ့ ရွယ်တူယောက်ျားတွေ ရှိတာပေါ့၊ ဟိုလူသည်လူနဲ့ ယူဖြစ်မလိုလိုလည်း ကျွန်မ ထင်တဲ့အခါ ကြားမိတဲ့အခါ ရှိတယ်၊ ဒါပေမဲ့ ရှင့်နောက်ဆုံးစကားကိုတော့ ကြားချင်သေးတယ် ထင်ပါရဲ့၊ ရှင့်ဘက်ကတော့ အချစ်ပျက်ပြယ်သွားပြီဆိုတာပဲ ရှင်ပြောနိုင်မယ်ပေါ့"

သူက မှန်ပြတင်းပေါက်ကြီးမှ ငေးမောကာ အပြင်ဖွဲ့အုံ့ပျသာယာအေးချမ်းနေသည်ကို ကြည့်နေပြန်ပါသည်။

ရေကူးကန်၌ ဖြူလွဲသော တိမ်ရိပ်များ ရွေ့လျားနေသည်ကို ကြည့်နေပြန်ပါသည်။

"လင်နဲ့မယားဟာ မသေမချင်း အတူနေနေကြတဲ့ နှစ်ပေါင်းများစွာမှာ တစ်ယောက်ကိုတစ်ယောက် စွဲမြဲပြီး ချစ်နေကြမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ အနည်းဆုံးအများသောလူတွေ တွေ့ဝေနေတဲ့သူတွေအဖို့ ဖြစ်နိုင်ပါ့မလား"

"ကျွန်မလည်း တွေးမိတယ်"

"မဖြစ်နိုင်ဘူးဗျ၊ အနည်းဆုံး အများသောသူတွေအတွက် မဖြစ်နိုင်ဘူး၊ စွဲမြဲနေကောင်းတယ်ဆိုတဲ့ လက်ခံထားတဲ့ အယူအဆကြောင့်သာ စွဲမြဲနေကြတာကိုး၊ ဒါကြောင့်လည်း လင်နဲ့မယားအဖြစ် လူနှစ်ယောက်တည်းနဲ့သာ မလုံလောက်လို့ သားသမီးတွေ မွေးလာရတယ်။ (အချစ်သက်သက်ကြောင့် မွေးလာတာလည်း ရှိရမှာပေါ့) ဒါကြောင့်လည်း ပစ္စည်းဂုဏ်သိမ်၊ ရာထူးအိမ်ရာ၊ ဆွေမျိုးဆိုတာတွေ အရေးကြီးလာတာပေါ့၊ ဒါတွေက လင်နဲ့မယားစွဲမြဲနေထိုင်ဖို့အတွက် အထောက်အကူတွေဖြစ်တယ်"

"ရှင်ကတော့ အဲဒီ အထောက်အကူတွေကို မလိုချင်ပါဘူး"

"မလိုပါဘူး၊ အဲဒီအထောက်အကူတွေ မရှိဘဲ တစ်သက်တာ စွဲမြဲချစ်နိုင်တဲ့အင်အား ကျွန်တော့်မှာရှိတာကို၊ မရယ်ပါနဲ့ အေးရယ်၊ မိန်းမတစ်ယောက်ကို သုံးနှစ်ခွဲပေါင်းပြီး အချစ်ပျက်ပြယ်သွားတယ်လို့ ဝန်ခံတဲ့သူက

ဒီစကားပြောတယ်လို့ မရယ်လိုက်ပါနဲ့၊ ကျွန်တော့်မှာ စွဲမြဲနိုင်တဲ့ အင်အားကြီးတဲ့ အချစ်ရှိတယ်ဆိုတာတော့ ယုံပါတယ်၊ အဆင်မသင့်လို့ပါ”

“လောကမှာ မဖြစ်နိုင်တာ မရှိဘူးဆိုတဲ့ စကားလည်း ရှိပါတယ်”

“ဒါပေါ့ဗျာ၊ အကောင်းဖြစ်ဖြစ် အဆိုးဖြစ်ဖြစ်ပေါ့၊ ပြီးတော့လည်း တကယ်ဝေခွဲကြည့်ရမယ်ဆိုရင် နုနုကို အချစ်ပျက်ပြယ်သွားပြီဆိုတာလည်း တစ်မျိုးပြောရရင် ကျွန်တော် မကြိုက်နှစ်သက်တဲ့၊ ဥပမာ လောကီဆန်တဲ့ နုနုရဲ့ ရုပ်ပုံတစ်ပုံကို ဘယ်တုန်းကမှလည်း မချစ်နိုင်ဘူး၊ ခုလည်း မချစ်နိုင်ဘူးပေါ့၊ နုနုရဲ့ ကြိုက်နှစ်သက်ဖွယ်ပုံတွေကိုတော့ အရင်ကလည်းချစ်လာတယ်၊ ခုလည်းချစ်မြဲပဲ၊ ဥပမာ ကျွန်တော့်သားကို ဒက္ခဝေဒနာနဲ့ ရင်းနှီးပြီး သူ မွေးပေးတယ်၊ နောက်ထပ် မွေးပေးဖို့ မငြိုငြင်တဲ့အဖြစ်၊ အဲဒီမယားကောင်း မိခင်ကောင်းရဲ့ရုပ်ပုံကို ကျွန်တော် အမြဲချစ်နေမှာပဲ၊ ဘယ်လိုလုပ်ပြီး အချစ်ပြယ်နိုင်မှာလဲ၊ ပြီးတော့ အထင်မလွဲပါနဲ့၊ တစ်ယောက်နဲ့တစ်ယောက်တူမှ ချစ်ခင်ပေါင်းသင်း နေနိုင်မယ် မဟုတ်ပါဘူး၊ အများကြီး တူရင် ပိုပြေပြစ်တာပေါ့၊ ဒါပေမဲ့ မတူပေမဲ့လည်း တစ်ယောက်ကိုတစ်ယောက် နားလည်ရင်၊ ရိုသေရင်၊ အတ္တ မများလွန်းရင် ငြိမ်းချမ်းစွာ အတူနေနိုင်တာပါပဲ”

“အတ္တမရှိဘဲ ချစ်ရမယ်ဆိုတာကတော့ မုသာဝါဒ ပေါ့ရှင်”

"မုသာဝါဒပေါ့၊ အဲဒီလိုပြောတာဟာလည်း အတ္တများလွန်းလို့သာ ဖြစ်ရမယ်၊ အတ္တမရှိဘဲ လူဟာ အသက်မရှင်နိုင်ပါဘူး၊ အတ္တကို ချစ်ပဲချစ်ရမယ်ဗျ၊ သနားတော့ မသနားနဲ့ဆိုတဲ့ စကားတောင်ရှိတယ်၊ တစ်ခုတော့ရှိတယ် ကိုယ့်ကိုယ်ကိုယ် ချစ်တာနဲ့ ကိုယ်နဲ့အနီးစပ်ဆုံးလူကိုချစ်တာ နှစ်ခုဟာ ပြေပြစ်ဆီလျော်နေဖို့ကောင်းတယ်၊ ရန်ဆင်မနေစေရဘူး"

"သိပ်လွယ်တာတော့လည်း မဟုတ်ဘူး ထင်ပါရဲ့ရှင်၊ အထူးသဖြင့် ရှင်ပြောသလို တွေဝေနေကြတဲ့ အများသောလူတွေအဖို့ပေါ့"

"အဖြေတစ်ခု ရှာတွေ့တယ်ဗျ"ဟု သူကစိတ်ထက်သန်စွာ ပြောလေ၏။ သူ့ရှေ့သို့ ကိုင်းလိုက်သဖြင့် ဆံပင်များ နဖူးပေါ်သို့ ပိုမိုဝဲကျလာပြန်လေ၏။ သူက ပင့်တင်ဖို့ သတိရဟန်မတူတော့ဘဲ ဖြီးသင်၍မရသော ခေါင်းမာသောဆံပင်များ နဖူးပေါ် ဖုံးအုပ်လျက်ပင် ပြောလေ၏။

"ဟပ်စလေရဲ့ ဝတ္ထုတစ်ပုဒ် ဖတ်ဖူးတယ်ဗျ၊ ဒီစာရေးဆရာကို ငယ်ငယ်ကတော့ ကြိုက်သား၊ ကြီးလာတော့လည်း ငြီးငွေ့သွားတာပါပဲ၊ ဒါပေမဲ့ သူ သေခါနီးရေးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်က မဆိုးပါဘူး၊ ဗုဒ္ဓဘာသာ တရားတော်အကြောင်း တော်တော် ဆွေးနွေးသွားတယ်၊ ဒါပေမဲ့ ဘဝတဏှာပြတ်ရမယ်ဆိုတာကိုတော့ သဘောပေါက်သွားဟန် မတူဘူး၊ သူ ဗုဒ္ဓဘာသာ နားလည်ပုံက သေခါနီး

လူမမာ ဘဝကူးကောင်းအောင် ပရိတ်ရွတ်ပေးတာ ကြေး စည်တီးပေးတာလောက်ပဲ ရှိတယ်လို့ ကျွန်တော်ထင်တာပဲ၊ သူ့ရဲ့ 'ကျွန်း'ဆိုတဲ့ စာအုပ်ထဲမှာ အိမ်ထောင်ကိစ္စကို ဖြေရှင်းဖို့ ကြိုးစားတယ်၊ မိဘနဲ့သားသမီးတို့ ဆက်ဆံရေး၊ လင်နဲ့မယား ဆက်ဆံရေးတွေကို ရေးတယ်၊ သူ့ 'ကျွန်း' မှာ စီးပွားရေးအရ ပြည့်စုံသာယာနေတယ်၊ မိဘနဲ့ သားသမီးကြားမှာ ပဋိပက္ခဖြစ်ရင် ဖြေရှင်းနည်းက မွေးစား မိဘ၊ မွေးစားသားသမီးဆိုတာတွေ ထားကြတယ်၊ သားသမီး တစ်စုံတစ်ယောက်က ကိုယ့်မိဘနဲ့ မဆီလျော်ရင် ပြောင်း လဲနေထိုင်ဖို့ မွေးစားမိဘတွေ ဆယ်စုံလောက်ရှိကြတယ် ဗျ၊ ဆွေမျိုးမိတ်သင်္ဂဟထဲက ဖြစ်မှာပေါ့ဗျာ၊ အဲဒီနည်းအား ဖြင့် မိဘနဲ့ သားသမီးတွေဟာ သင့်တင့်လျောက်ပတ်စွာ နေထိုင်ကြတယ်။

"ဒါပေမဲ့ လင်နဲ့မယားကိစ္စကျတော့ စာရေးဆရာက သတ္တိမရှိတော့ဘူးထင်တယ်၊ အဆင်မပြေလည်း သည်းခံ နေကြရုံပဲ၊ အလွန်ဆုံး ခွဲခွာနေကြရုံပဲလို့ ဆိုချင်ဟန်တူတယ်။

"ကျွန်တော် စဉ်းစားနေတာကြာပြီ၊ အကြံတစ်ခု ရတယ်ဗျ၊ လက်ထပ်ထိမ်းမြားခြင်းဆိုတာ ကျွန်တော်ပြော ခဲ့ဖူးသလိုပဲ၊ အချစ်ဆိုတဲ့ ပုံပြင်မှာ မိန်းမနဲ့ယောကျ်ား ချစ်လို့ အတူနေချင်လို့၊ ရင်းနှီးချင်လို့၊ ပြုရတဲ့အမှုတစ်ခု သာဖြစ်တယ်၊ အချစ်ဆိုတဲ့ ပုံပြင်ရဲ့ အဆုံးသတ်မဟုတ်ဘူး၊ အစသာဖြစ်တယ်။

❐

ထုံးစံအတိုင်း တီးဝိုင်းမှ အခါပေးလိုက်ပါသည်။

“အခါတော် x x x ပေးတာက

နတ်ရေးငယ်ရွှေစာ၊

သာသနာရောင်လင်း x x x

ကောင်းခြင်း ခုသည်ချိန်ခါ x x x

အခါတော် x x x ပေးတာက x x x”

ပရိသတ်သည် ရုတ်ခြည်းပင် တိတ်ဆိတ်ငြိမ်သက်သွားပြီး ခေါင်းအားလုံးသည် ခန်းမကြီးတံခါးဝသို့ လည်ပြန်ကာ ကြည့်နေကြပါတော့သည်။ ကျွန်မ ကောင်းစွာ သတိမထားမိလိုက်ပါ။ ထွက်စည်ပင်ယွန်းသည် ထင်ပါသည်။ ရုပ်ရှင်ကင်မရာများ မီးတဝင်းဝင်းနှင့် စတင်ရိုက်ဆဲ၊ ငယ်ရွယ်လှပသော သတို့သမီးသည် ပန်းနုရောင်ထဘီ၊ ထိုင်မသိမ်းပဝါ အဖိုးတန်တို့နှင့် စိန်တဖျတ်ဖျတ်လက်လျက် ပေါ်လာပါသည်။ သတို့သမီးမှာ ၈ တန်းပင်မအောင်သေးသော ကျောင်းသူမျှသာဖြစ်သည်။ ကျွန်မ၏ မျက်စိရှေ့တွင်ပင် ကြီးပြင်းသွားသော ကလေးမဖြစ်သည်။ အသက်

၁၇ နှစ်ပင် မပြည့်သေးပါ။ မျက်နှာကို အရောင်များစွာ ဘယ်လိုခြယ်လှယ်ထားသော်လည်း နုနယ်ငယ်ရွယ်လှသေးသည်ကို မဖုံးအုပ်နိုင်ချေ။

ပန်းရောင်ပုလဲများ ဝတ်ဆံတပ်သည့် ပဝါသည် ဘီးဆံထုံးနောက်မှ တွန့်ရာမှ ဖြာ၍ ရှည်လျားစွာ ကျသည်ကို အပျိုရုံလေးယောက်က ဖေးမကိုင်၍ လိုက်လာကြပါသည်။ သူတို့လည်း သတို့သမီးလို လှနေကြသည်။ ငယ်ရွယ်ကြ သည်။ ရှက်နေကြသည်။ သူတို့နောက်မှာ သတို့သမီး အမေအဖေသည် ယှဉ်တွဲ၍ လိုက်ပါလာသည်။ မာနတက်နေသော မျက်နှာကိုယ်စီနှင့်ပင်။

သူက ကိုယ်ကိုကိုင်းကာ ခပ်တိုးတိုးလေသံဖြင့် "ခင်ခင်ဝိုင်း သမီးလေးက ခင်ခင်ဝိုင်း ငယ်ငယ်ကလိုပဲ၊ ပိန်ပိန်ရှည်ရှည်ကလေး၊ ကြီးလာရင်တော့ ခု သူ့အမေလိုပဲ ဝဝတုတ်တုတ်ဖြစ်သွားမှာထင်ပါရဲ့၊ ဒါထက် သတို့သမီးလေးက တော်တော်ငယ်တယ်ထင်တယ်"

ကျွန်မက "၁၇ နှစ်လောက်ရှိမှာပေါ့၊ သိပ်ငယ်သေးတယ်၊ ပညာသင်ဖို့ အများကြီးလိုသေးတယ်၊ လက်ထပ်ဖို့ အသင့်ဖြစ်ဦးမယ့်အရွယ် မဟုတ်ဘူးထင်ပါရဲ့"

"အသင့်ဖြစ်ရာ မလိုပါဘူး၊ အချစ်က သင်ကြားသွားမှာပေါ့၊ ပြီးတော့ ငယ်တော့ ပိုပြီးတတ်လွယ်လိမ့်မယ်၊ အရိုးမရင့်သေးဘူး"

"ခင်ခင်ဝိုင်းကြည့်ရတာတော့ ငယ်ငယ်က ကျောင်းနေဖက်လို့ သတိမရစေတော့ဘူး"ဟု သူက ပြောပြန်သည်။

စားပွဲများ ကျပ်နေသဖြင့် လူအချင်းချင်း ကပ်နေလေရာ သူပြောသည်ကို ကြားသွားသော ဘေးကမိန်းမဝဝက ကျယ်လောင်သောလေသံဖြင့် သူ့ကိုလိုလို ကျွန်မကိုလိုလိုပြောပါသည်။ (စင်စစ် ထိုမိန်းမကို ပွဲလမ်းတကာ၌ တွေ့ဖူးပြီး မကြာခဏ မိတ်ဆက်ပေးခြင်းခံရသော်လည်း နာမည်မမှတ်မိပါ၊ အတွင်းဝန်ကတော်တစ်ယောက်ဟု ထင်မိပါသည်)

"မဝိုင်းတို့က သူဌေးဖြစ်နေတာကြာပြီပဲ၊ သိန်းတစ်ရာတော့ အနည်းလေးချမ်းသာမယ်၊ သမီးမင်္ဂလာဆောင်မှာကို နှစ်သိန်းခွဲဖြုန်းပစ်တာ၊ အေးလေ နှမြောနေလည်းအပိုပေါ့၊ သူ့လင်က မယားတွေယူထားတာ ပွနေတာပဲ၊ သူတောင် ဟိုတစ်လောက ဗေဒင်ယတြာလုပ်ရင်း ဗေဒင်ဆရာနောက်ပါတော့မလို့ သူ့လင်က ဗေဒင်ဆရာကို ငွေနှစ်သောင်းပေးပြီး မိုးကုတ်ဘက် လွှတ်လိုက်ရဆိုလား"

အားနာတတ်ဟန်ရှိသော ဘေးမှ မျက်နှာချင်းတူသဖြင့် ညီမဖြစ်နိုင်သော သိပ်မဝလှသော မိန်းမက ဝင်ပြောပြန်၏။ "သမီးလေးကတော့ ချစ်စရာလေး၊ ရိုးရိုးအေးအေးပဲတဲ့၊ သူကြိုက်တဲ့ကောင်လေးက ပညာတော်တာတစ်ခုပဲ၊ ဘာမှမရှိဘူးတဲ့၊ အလုပ်သင်ဆရာဝန်ကလေးပဲ"

"အဲဒီကောင်လေးနဲ့ ဓာတာချင်းမတည့်ဘူးဆို"

"မသိပါဘူး မမရယ်၊ ပြောကြတာပဲ"

"ဘယ့်နှယ်ပြောကြတာရမလဲ၊ ဓာတာချင်းကို မတည့်လို့ ဗေဒင်ဆရာတွေ ပင့်ပင့်ပြီး ယတြာချေလိုက်ရတာ ၃–၄ လလောက်ကြာပါပကော၊ မင်္ဂလာမဆောင်ခင် ၉ ညတိတိ ရွှေတိဂုံဘုရားပေါ်မှာ လျှောင်းတော်မူတစ်ဆူရှေ့မှာ သွားပြီး ကန်တော့အိပ်ရသတဲ့၊ တို့များတော့ လင်တစ်ယောက် ဒီလောက်အောက်ကျခံ မယူပေါင်"

"ဗေဒင်ဆရာတွေက ဟောတယ်တဲ့၊ မင်္ဂလာဆောင်မှာ တကယ့်ကောင်းမြတ်တဲ့ အချိန်အခါရောက်ရောက်ချင်း စက္ကန့်မလွဲ ဘိသိက်သွန်းရမယ်တဲ့၊ အနှောင့်အယှက်အကြီးအကျယ် ပေါ်တတ်တယ်တဲ့၊ ပေါ်ရင် ကွဲရင်ကွဲ၊ မကွဲရင် သတို့သမီး သေမယ်တဲ့"

"ဒါကြောင့်ထင်ပါရဲ့၊ ခုန သတို့သမီးနားဖို့ အခန်းထဲဝင်ကြည့်တော့ ကန်တော့ပွဲတွေကော၊ ဖယောင်းတိုင်တွေကော၊ လှိုင်နေတာပဲ၊ ဖယောင်းတိုင်တွေကလည်း စပါယ်ရှယ်တော့်၊ ရွှေတွေချထားတာ ဝင်းနေတာပဲ"

"မင်္ဂလာဆောင်ပြီးရင် အင်္ဂလန်သွားပြီးကျောင်းဆက်နေကြမယ်ပြောတာပဲ၊ ကောင်မလေးက ဆယ်တန်းတောင် မအောင်သေးဘူး၊ ကလေးအမေ ကျောင်းသူဖြစ်ဦးမှာပေါ့လေ၊ စိတ်ညစ်စရာ၊ ကောင်လေးကတော့ ကလေးခွဲစိတ်ကုသမှု ပါရဂူဘွဲ့ဆိုလား ယူမလို့တဲ့"

"ပိုက်ဆံအရေးကြီးတာပါပဲ၊ လင်မယားနတ်ဖက်တယ်ဆိုတာ အလကားစကား၊ လင်မယားပိုက်ဆံဖက်တာ

ပိုက်ဆံ”

သူရော ကျွန်မပါ ပြုံးသာနေလိုက်ကြပါသည်။ မိန်းမနှစ်ယောက်သည် တစ်ဖက်လှည့်သွားပြီး ကျယ်လောင်သောလေသံနှင့် ဆက်လက်၍ ထိုမင်္ဂလာဆောင်၏ စရိတ်စကများကို အသေးစိတ် တွက်ချက်ကြပြန်လေ၏။

သူက ပြုံးမြဲပင်။ နဖူးပေါ်မှ ပင့်တင်မရသော ဆံခွေကြောင့် သိမ်မွေ့ပါလျက် ရဲတင်းပုံရနေသည်။ သိမ်မွေ့သော်လည်း ရဲတင်းသည်မှာ အမှန်ဖြစ်လေသလား။ သူက ပြုံးမြဲပင် ပို၍တိုးတိတ်စွာ “လင်နဲ့မယား အချစ်ပဲ ဖက်ရမှာမဟုတ်ဘူးလား အေးရယ်၊ စိတ်ကူးလွဲလိုက်တာ”ဟု ပြော၍ ရယ်မောလိုက်လေသည်။

စောစောက မိန်းမ၀၀သည် ဘာအကြားမှားသည် မသိ သူ့ကို ပြုံးရယ်ကာ “ဟုတ်ပါရဲ့ရှင်၊ စိတ်ကူးလွဲလိုက်တာ၊ ဘီသိက်သွန်းမယ့်အချိန်က တိတိကျကျ ၅၃ မိနစ်ခွဲ လိုသေးတယ်ဆိုတော့ ဘာလုပ်ဖို့သည်လောက် စောစောကြီး သတို့သမီး သတို့သားကို ပွဲထုတ်နေမှာလဲ၊ သည်လောက်အကြာကြီး ဩဘာစာရွတ်နိုင်တယ်ထားဦး ကလေးတွေ ညောင်းကုန်မှာပေါ့”

“ဩဘာစာရွတ်ပြီးတော့ ရတုပိုဒ်စုံ၀င်ဆိုဦးမှာ မမရဲ့”

“ဘယ်သူဆိုမှာလဲ၊ သူလား၊ တင်တင်မြလား”

“သူထင်ပါရဲ့”

“ညည်းမလည်း ထင်ပါရဲ့ချည်းပဲ၊ ဘာမှမရေရာ

ဘူး”

“သူပါ သေချာပါတယ်”

“ရတုပိုဒ်စုံ စောမြအေးကြည်ဆိုပြတာ တစ်ခါကြားဖူးပါတယ်၊ ပျင်းစရာကောင်းလိုက်တာ မပြောပါနဲ့၊ သမီး ၅ တန်းတုန်းက အဆိုပြိုင်ပွဲ ဝင်ရတုန်းကပေါ့၊ အဘွားကြီးဆီ နေ့စဉ်သွားသင်ရတာ ဆုတော့ရလာတယ်”

သူနှင့် ကျွန်မတို့တိတ်ဆိတ်နေကြသည်တွင် ထိုညီအစ်မလည်း တိတ်ဆိတ်သွားပြန်ပါသည်။ သတို့သားဖြတ်သွားသည်ကို ကျွန်မ သေသေချာချာ မကြည့်လိုက်မိပါ။ စင်မြင့်ပေါ် နေရာယူကြမှ မြင်ရသော်လည်း ခပ်ညိုညိုပါးပါးလျှလျှဟုသာ သိရပါသည်။ သတို့သားမှာ ၂၄ နှစ်ခန့်ရှိပြီး ဣန္ဒြေရရ မျက်နှာထားမှန်မှန်ပင် ဖြစ်သည်။ သူ့မိဘနှစ်ပါးမှာ ခင်ခင်ဝိုင်းတို့ လင်မယားလောက် မျက်နှာရဲဝံ့ခြင်းမရှိဘဲ မာနတက်ခြင်းမရှိဘဲ စင်မြင့်ပေါ်၌ မြန်မြန်ထိုင်ကြပါသည်။ သူတို့၌ စိန်အနည်းငယ်သာ ပြိုးပြက်လေ၏။

“ကောင်လေးဘက်က နည်းနည်းနွမ်းတာပေါ့၊ သူ့အဖေက အရာရှိတောင်မဟုတ်ဘူးတဲ့၊ စာရေးက တဖြည်းဖြည်း တက်လာတာမျိုးနဲ့ တူပါတယ်၊ (ဆင်းရဲနွမ်းပါးမှလည်း ပညာကြိုးစားရမှန်းသိတာ) ရုံးဝန်ထောက်ဆိုလား၊ မင်္ဂလာဆောင် ဖိတ်စာရိုက်ခါနီးမှ မဖြစ်ချေဘူးဆိုပြီး မဝိုင်းတို့ ချယ်လှယ်လိုက်တာပေါ့ကွယ်၊ မန်နေဂျာဖြစ်သွားတယ်၊ ဖိတ်စာထဲ လှလှပပ ပါသွားတာပေါ့”

မီးတဝင်းဝင်းနှင့် ရုပ်ရှင်ရိုက်နေသော ကင်မရာတစ်လုံးသည် ပရိသတ်ဘက်သို့ လှည့်လာရာ စကားပြောနေသော မိန်းမနှစ်ယောက် အမ်းနေကြပြီးမှ မျက်လွှာချကာ ပြုံးလျက်နေလိုက်ကြသည်။

သူက မှန်တံခါးအပြင်ဘက်သို့ စုံမက်စွာ ငေးမောနေပြန်သည်။ အပြင်၌ သာယာအေးချမ်းမြပင်။ ရေကူးကန်၏ ရေပြင်သည် ခပ်ငြိမ့်ငြိမ့်ပင် ဂယက်ထနေသည်။ လှိုင်းနုနုများ အိနေသည်။ မြသားပမာစိမ်းလဲ့နေသည်။ ကျွန်မလည်း လေးလံကြွပ်ဆတ်သော အဝတ်များကိုချွတ်ပုံခဲ့ကာ ရေပေါ်၌ ပက်လက်ဖော့၍ နားနေလိုစိတ်ပေါက်လာပါသည်။

"အပြင်သွားရအောင်ပါ အေးရယ်၊ စကားပြောရတာ ပိုလွတ်လပ်မယ်" သူက ခပ်တိုးတိုးခေါ်ပြန်ပါသည်။

"လူတွေသိပ်ကျပ်နေပြီ၊ ဘယ်ထွက်လို့ရတော့မလဲ၊ ပြီးတော့ သတို့သမီး သတို့သားပွဲထုတ်ပြီးမှထွက်ရင် ပိုအားနာစရာကောင်းမှာပေါ့"ဟု ကျွန်မကဖြေ၏။

"ဒီတံခါးက ဖွင့်လို့မရဘူးလား မသိဘူး"ဟု သူက အသာကလေး လှမ်း၍တွန်းကြည့်လေ၏။ "ဖွင့်လို့ရတဲ့ တံခါးမျိုး မဟုတ်ဘူးထင်ပါရဲ့၊ အံ့သြဖို့ကောင်းလိုက်တာ၊ မှန်ခွဲပြီးသာ ထွက်သွားချင်တာပဲ၊ ကျွန်တော်လာတုန်းက တီးဝိုင်းခဏနားထောင်၊ ဦးဘသန်းနဲ့ စကားပြောစရာရှိတာ ခဏသွားပြောပြီး ပြန်မြန်ပြန်မယ် စိတ်ကူးပြီးလာတာ အေးနဲ့တွေ့လို့ ပြောစရာတွေရှိလို့ ပြောလို့တော့

မပြီးသေးပါဘူး၊ ဒီမှာမပြောချင်တာ တစ်ခုပါပဲ၊ ဘယ်တတ်နိုင်မလဲ၊ ဒီမှာပဲ ပြောရမှာပဲ၊ ကျွန်တော့်သားကလေး တော်တော်ကြီးရောပေါ့"

"၁၆ နှစ်ကျော်ပြီပေါ့၊ ခပ်ညှက်ညှက်ပဲ၊ စာတော်တယ်၊ လိမ္မာတယ်"

"ဒါပဲလား၊ စာတော်တာကောင်းပါတယ်၊ ကျောင်းစာအပြင် စာဖတ်ကော ဝါသနာပါရဲ့လား၊ နုနုကတော့ တွေ့ကြချစ်ကြ လွမ်းကြတဲ့ ဝတ္ထုလောက်ဖတ်တာ"

"ကျွန်မရဲ့အိမ်မှာ နေကြတာပဲ၊ ကျွန်မရဲ့စာအုပ်တွေလည်း ရှင့်စာအုပ်တွေလိုပါပဲ၊ ဘာသာရပ်စုံပါတယ်၊ နိုင်ငံရေးတော့ ကျွန်မ ဝါသနာမပါလှပါဘူး၊ စမ်းသပ်ရုံပါပဲ"

"ကျေးဇူးပါပဲ"ဟု သူက သက်ပြင်းချလေ၏။ "ဒီလိုဆိုရင် ကျွန်တော့်သားဟာ နုနုရဲ့ ကစားစရာအရုပ်မျှလို့ မထင်နိုင်တော့ဘူးပေါ့၊ သူ ရိုးဖြောင့်ရဲ့လား၊ သတ္တိရှိရဲ့လား၊ ရဲရဲဝံ့ဝံ့ တွေးခေါ်တတ်သလား၊ နိုင့်ထက်စီးနင်းစိတ်ထား ကင်းရဲ့လား၊ အနုပညာဝါသနာရှိသလား"

ကျွန်မသည် မျက်ရည်အနည်းငယ် ဝေ့လာပါသည်။ သူ့မျက်လုံးများ၌ ဝေ့လာသော မျက်ရည်များကိုလည်း မြင်ရပါသည်။ ကျွန်မတို့ စကားမပြောဘဲ ခဏနေကြပြီး "ရှင်ဘာဖြစ်လို့ လာမကြည့်နိုင်တာလဲ"ဟု မေးမိပြန်ပါသည်။

"ကျွန်တော် သူတို့သားအမိကို ခဏခဏ တွေ့ပါ

တယ်”ဟု သူက ဖြည်းလေးစွာ ဝန်ခံလေ၏။ “စကော့ဈေးမှာ၊ နုနု အလုပ်လုပ်တဲ့ကျောင်းမှာ၊ သားတက်တဲ့ကျောင်းမှာ၊ ရုပ်ရှင်ရုံမှာ”

“ဆုံပြီး စကားတော့မပြောဘူးပေါ့၊ နုနု ရှင့်ကို တွေ့တယ်လို့ တစ်ခါမှ ပြန်မပြောဘူး”

“ကျွန်တော် အဝေးကပဲ လိုက်ကြည့်တာပဲ၊ နုနုနဲ့ ကျွန်တော့်မှာ ပြောစရာစကားလည်း မရှိတော့ပါဘူး၊ အထူးသဖြင့် ကျွန်တော့်မှာ ပြောစရာမရှိဘူးထင်ပါတယ်၊ ပြောခဲ့ပြီကော တောလည်သွားရင်း တွေ့ခဲ့တဲ့ စမ်းရေအိုင်ကို ပြန်မရောက်တော့ပါဘူးလို့၊ စမ်းရေအိုင်ကပွင့်တဲ့ ကျွန်တော့်သားဆိုတဲ့ ကြာပွင့်ကိုလည်း စမ်းရေအိုင်ရောက်မှ နိုးစပ်ရမယ်ဆိုလည်း နေပါစေတော့၊ ကံကောင်းရင် ကျွန်တော့်ဧည့်ခန်းက ပန်းစိုက်အိုးထဲ ရောက်လာလိမ့်မယ်လို့တော့ မျှော်လင့်ပါတယ်၊ အေးလေ လူတစ်ကိုယ် ထင်တစ်လုံးပေါ့ဗျာ၊ ကျွန်တော်ကလည်း ကျွန်တော်သာ သားအတွက် အဖိုးတန်တယ်၊ အကျိုးပြုမယ် ထင်တာပဲ၊ ခု ကျွန်တော်မပါဘဲနဲ့လည်း ကလေးဟာ ကောင်းစားလာတာပါပဲ၊ သူ ကျွန်တော့်ကို မကောင်းထင်လေ့ရှိသလား”

“ဒါကတော့ရှင် ရှင်လည်း ဝန်ခံသားပဲ၊ နုနုက တကယ့်ကို သာမန်မိန်းကလေးမျှသာ ဖြစ်တယ်ဆိုတာ၊ မင့်အဖေဟာ စိမ်းကားရက်စက်တဲ့လူလို့လည်း ပြောတဲ့အခါ ပြောမှာပဲ၊ သေပြီလို့ သဘောထားလိုက်လို့လည်း ပြောတဲ့အခါ ပြောမှာပဲ၊ နောက်ဆုံးတော့လည်း သူဟာ အများနဲ့

မတူတဲ့လူသာ ဖြစ်ပါတယ်၊ မေမေ့မှာလည်း တာဝန်ရှိတယ် ဆို တာမျိုးလည်း ပြောတဲ့အခါ ပြောမှာပေါ့”

“ကျွန်တော့်သားက ကျွန်တော့်ကို မကောင်းထင် သလား”ဟု သူက ထပ်မေးလေ၏။

“ထင်မယ်မဟုတ်ပါဘူး၊ ကလေးတွေဟာ လူကြီး တွေပြောသမျှကို အကုန်မှန်တယ်ထင်လို့ လက်ခံတယ်လို့ ရှင်ထင်သလား၊ အများအားဖြင့် ကလေးတွေဟာ လူကြီး တွေထက်တောင် ပိုပြီးသိမြင်တတ်သေးတယ်၊ ကလေးတွေ ရဲ့ အသိဉာဏ်ဟာ အရည်အချင်းမှာ လူကြီးထက်မလျော့ ဘူး၊ အရေအတွက်မှာ လျော့မယ်၊ ကျွန်မ ပြောချင်တာက သူတို့ အကြောင်းအရာတစ်ခုကို သိမြင်ရင် လူကြီးလိုပဲ ပြည့်ပြည့်စုံစုံ သိမြင်နိုင်တယ်၊ လူ့ပြည်နေရတဲ့ အချိန်နည်း သေးလို့ အတွေ့အကြုံနည်းသေးလို့ သူတို့သိမြင်တဲ့ အကြောင်းအရာဟာ အရေအတွက်မှာသာ နည်းရတယ်လို့ ကျွန်မ ထင်တယ်”

“ကျွန်တော်လည်း အဲဒီအတိုင်း ယုံတာပဲ”ဟု သူက မြန်မြန်ပင် ထောက်ခံလေ၏။ “ဒါကြောင့် ကလေး ဆိုတာလည်း ရိုသေအပ်၊ လေးစားအပ်တဲ့ လူပုဂ္ဂိုလ်ပဲ ဖြစ်တယ်၊ သူ့ကိုပိုပြီး မညာရဘူး၊ မလှည့်ဖြားရဘူး၊ လူကြီးက သူ့ထက်သာတာ တစ်ခုပဲရှိတယ်၊ ခွန်အားပါပဲ၊ ခန္ဓာအရွယ်ချင်း မယှဉ်သာတာကို လူကြီးတွေက အခွင့် ကောင်းယူပြီး အနိုင်ကျင့်လေ့ရှိတာပါပဲ၊ ဒါကို ကလေး ကလည်း သိတာပါပဲ”

"ရှင့်သားက ရှင့်ကို မကောင်းမထင်ပါဘူး၊ အခု အရွယ်ရောက်စပြုလာတော့ ရှင့်ကို နားလည်စပြုလာပြီလို့ တောင် ထင်နိုင်ပါတယ်"ဟု ကျွန်မက ခုမှအဖြေပေးလိုက် လေ၏။

"တော်ပါပြီ၊ ကျွန်တော့်ကို ကောင်းတယ် ဆိုးတယ် လို့ ထင်စရာမလိုပါဘူး၊ ပြီးတော့ ဘယ်သူမှလည်း အကောင်းသက်သက် အဆိုးသက်သက် ရှိနိုင်တာမှ မဟုတ် တာ၊ လူတစ်ယောက်ဟာ အင်အားရှိတယ်၊ နည်းတယ် ဆိုတာပေါ်တည်ပြီး လူကောင်းလူဆိုးလို့ အကြမ်းအားဖြင့် ခွဲပြောကြတာပဲမဟုတ်လား၊ အင်အားဆိုတာကလည်း အခါ ကာလအလျောက် ပြောင်းချင်ပြောင်းတတ်တာပဲ၊ ဥပမာ ကျွန်တော်ဟာ သေရမှာကို နည်းနည်းမှ မကြောက်ပါဘူး၊ နာကျင်တဲ့ ဝေဒနာကိုတော့ သိပ်ကြောက်တာပဲ၊ ဒီတော့ ကျွန်တော့်ကို ပစ်သတ်မယ်လို့ ခြိမ်းခြောက်တဲ့အခါမျိုးမှာ၊ စစ်ထွက်တိုက်ရတဲ့ အခါမျိုးမှာ ကျွန်တော်ဟာ သတ္တိရှိနေ အင်အားကြီးနေနိုင်ပေမဲ့လည်း ကျွန်တော့်ခန္ဓာကိုယ်ကို တရိရိ ညှဥ်းပန်းနှိပ်စက်တဲ့ အခါမျိုးကျတော့ ကျွန်တော် ဟာ ညံ့ဖျင်းလိမ့်မယ်။

"ကျွန်တော့်သားက ကျွန်တော့်ကို ကောင်းသလား၊ ဆိုးသလား၊ အင်အားရှိသလား၊ ညံ့ဖျင်းသလား၊ ဘယ်လို ထင်ထင် အရေးမကြီးပါဘူး၊ သူများထင်တာထက် ကိုယ့် ဘာသာ ပိုသိတာပေါ့၊ သူ ကျွန်တော့်ကို နားလည်ရင် တော် ပါပြီ၊ နားလည်ရင် ကျွန်တော့်အဖို့လည်း

ကောင်းတယ်၊ သူ့အဖို့လည်း ပိုကောင်းပါတယ်၊ သူဟာ စိတ်ချမ်းသာ နိုင်တာပေါ့၊ ကျွန်တော့်ကို နားလည်ရင် သူ့အမေကိုလည်း နားလည်တော့မှာပဲ၊ လူအားလုံးကို နားလည်တော့မှာပဲ၊ ဝမ်းသာစရာပါပဲ”

စောစောက ကျွန်မတို့ကို စကားလှမ်းပြောခဲ့သည့် မိန်းမဝဝသည် ကျွန်မတို့ဘက် လှည့်လာပြန်လေ၏။ မိန်းမသည် အနည်းငယ် နွမ်းနယ်ခဲ့ပြီဖြစ်၏။ သူထိုင်ရသော ခုံမှာ သူ့ကိုယ်နှင့်စာလျှင် အနည်းငယ် သေးငယ်ပြီး နောက်မှီကလည်း မလုံလောက်တာအမှန်ပင်။ သူသည် ကျွန်မ မရောက်ခင် ကြာမြင့်စွာကပင် ရောက်နှင့်ခဲ့ဟန် ရှိလေ၏။ သည်မင်္ဂလာဆောင်၌ သူ အလွန်စိတ်ဝင်စား နေသည်ကို ဖုံးဖိဖို့ မကြိုးစားချေ။ သူ့ဘဝ၏ တစ်စိတ် တစ်ဒေသလိုပင် ဖြစ်နေလေ၏။

“ကျွန်မလည်း ဝမ်းသာတာပါပဲ”ဟု မိန်းမက စကားစလေ၏။ သူ့ရဲ့ နောက်ဆုံးစကားကို တစ်ပိုင်းတစ်စ ကြားလိုက်ပြန်သည် ထင်ပါသည်။ “ဒီလောက် ကြီးကြီး ကျယ်ကျယ်လုပ်တာ အထစ်အငေါ့မရှိဘဲ ပြီးတော့မယ် ဆိုတော့ တကယ်တော့လည်း ပိုက်ဆံအကုန်ခံနိုင်ရင် အောင်မြင်တာချည်းပဲပေါ့”

ထိုမိန်းမသည် အသာကြွ၍ ကုလားထိုင်ကို ကျွန်မ တို့ဘက် သေသေချာချာလှည့်ပြီး ကျကျနန ပြန်ထိုင်လေ၏။

“ရှင်တို့ကော ညစာစားပွဲအတွက် ဆက်နေဦးမှာ

လား"

ကျွန်မက "ဘယ်ညစာစားပွဲလည်းရှင်၊ ကျွန်မတို့ မသိပါဘူး"

"ဒီမင်္ဂလာဆောင် အခမ်းအနားပြီးရင် ခဏနားမယ် လေ၊ ပြီးတော့ အင်းလျားလိပ်မှာပဲ ဆက်ပြီး ညစာကျွေး လိမ့်ဦးမယ်၊ ဒါကတော့ ဧည့်ပရိသတ် အကုန်အတွက် မဟုတ်ဘူးပေါ့"

မိန်းမသည် အနည်းငယ် ဟန်ကြီးပန် ကြီးလေသံ ဝင်ကာ "အရေးကြီးတဲ့ ပရိသတ်ရင်းနှီးတဲ့ ပရိသတ်လောက် ပါပဲ၊ ကျွန်မတို့တော့ ဆွေမျိုးဆိုတော့ အစောကြီးက တည်းက ဖိတ်စာတစ်စုံလုံး ရထားတာပဲ၊ ပျော်စရာကောင်း ဦးမယ်ရှင့်၊ စိန်အောင်မင်းနဲ့ ဗလပျံနှစ်ပါးသွား ထွက်ဦးမယ်၊ ဒဂုဏ်အောင်ရပ်သေးလည်း ကမယ်၊ မင်္ဂလာဆောင်ကတော့ သူမတူအောင် ကြီးကျယ်ပါပေရဲ့"

သူ့ညီမ ဖြစ်သူကမူ အတော်ပူပင်နေလေ၏။ "ညဘာစာ ရွတ်နေတာကလည်း မပြီးနိုင်တော့ဘူး၊ ဘိသိက် သွန်းချိန်ကျရင်လည်း မြန်မြန်သွန်းလိုက်တာ မဟုတ်ဘူး၊ အနှောင့်အယှက်ရှိမယ်လို့ ဗေဒင်တွေအားလုံး တွက်ထား ကြတာ၊ ယတြာတော့ တော်တော်ချေထားတာပဲ၊ မန္တလေး က မဟာမြတ်မုနိတောင် ရွှေဆိုင်းတစ်ရာ လှမ်းလှူရသေး သတဲ့"

"ပြီးတော့ သတို့သားနဲ့ သတို့သမီး ဟန်းနီးမွန်း ခရီး မထွက်ရဘူးလို့ တားထားတယ်မဟုတ်လား"

"အင်းလေ၊ ဒါကြောင့် အင်းလျားလိတ်မှာ နှစ်လ နေကြဖို့ စီစဉ်ရတာပေါ့၊ အင်းလျားလိတ်မှာနေတုန်း ရေကူးကန်ထဲလည်း ဆင်းမကူးရဘူးတဲ့၊ စနေ၊ ဗုဒ္ဓဟူး မြို့ထဲမထွက်ရဘူးတဲ့"

"ဟော... ဟော ဩဘာစာရွတ်လို့ပြီးပြီ၊ ဘိသိက် သွန်းတော့မယ် ထင်ပါရဲ့"

သို့သော် ဩဘာစာရွတ်သော တောင်ရှည်ပုဆိုးနှင့် လူချောချောသည် နာရီကိုကြည့်လိုက်၊ သတို့သား သတို့ သမီးများ၏ မိဘများနှင့် တီးတိုးတိုင်ပင်လိုက် လုပ်နေပြန် သည်။ တကယ့်အချိန်အခါ မကျသေးဘူးထင်သည်။ ဆုံးမဩဝါဒ စကားမပြောသေးဘဲ အဝါရောင်ဆင်တူဝတ် ထားသော အကူအညီအဖွဲ့မှ လူငယ်များကို တစ်ဆင့်တစ် ဆင့် ခိုင်းသည်ကို မြင်ရပါ၏။ နောက်ဆုံးအဆင့်မှ လူ ငယ်သည် ကျွန်မတို့နားမှ ဖြတ်သွားကာ တီးဝိုင်းအဖွဲ့ကို မကျယ့်တကျယ် လှမ်း၍ပြောပါသည်။

"ရတုပိုဒ်စုံ ရွတ်ပါတဲ့၊ ရတုပိုဒ်စုံ ရွတ်ပါတဲ့"

"ဘာဖြစ်လို့လဲ၊ ဘိသိက်သွန်းပြီးမှ ရွတ်ရမှာမဟုတ် လား"

"မဟုတ်ဘူး၊ အချိန်ဇယားတွေလွဲကုန်လို့ အစော ကြီးကတည်းကလည်း ပြောထားရက်သားနဲ့၊ ရတုပိုဒ်စုံ ရွတ်လိုက်ပါ၊ ၁၂ မိနစ်နဲ့ အပြီးရွတ်ပါ"

"ပြီးပါ့မလား ၁၅ မိနစ်လောက်ကြာရင်ကော"

"၁၂ မိနစ်ပဲဗျာ၊ ရအောင်ရွတ်၊ ရတုပိုဒ်စုံရွတ်ပြီးမှ

အဘိုးကြီးက ဆုံးမစကား ပြန်ကောက်ပြီး ဘိသိက်သွန်းမှာ”

တီးဝိုင်းဆရာသည် အနည်းငယ် ငြူစူနေပါသည်။ သို့သော် ကြည်လွင်ချိုအေးသော တေးသံသည် ချက်ချင်းပင် ထွက်ပေါ်လာပါသည်။ ဆန်းကြယ်စွာ စန္ဒရားနှင့် ထိန်းကွပ်ထားသော ရတုဆိုသံကို ကျေနပ်အားရစဖွယ် ကျွန်မတို့ ကြားနေရပါသည်။ သူလည်း စကားမပြောတော့ဘဲ နားစိုက်ထောင်နေသည်။ မိန်းမ၀၀ ညီအစ်မပင် အေးအေးငြိမ်းငြိမ်း နားထောင်နေကြသည်။

*“မေနှင့်မောင်တို့*
*လူ့ဘောင်ခန်းသာ၊ ဂုဏ်ထည်ဝါခဲ့*
*မင်္ဂလာအိမ်ထက်၊ စိန်လျှံလက်၍*
*ရှည်ဆက်ပွားစီး၊ သားသမီးနှင့်*
*ကြီးမားမေတ္တာ၊ နှစ်တစ်ရာဟု...”*

သို့သော် ဧည့်ပရိသတ်သည် ပြန်လည်ဆူညံလာပြန်သည်။ ညောင်းညာကြသဖြင့် လှုပ်လှုပ်ရွရွဖြစ်သည်။ ဆွဲဆွဲငင်ငင် သီဆိုရသော ရတုသံကို ပျင်းကြသည်။ ခပ်အုပ်အုပ်ရယ်သံ၊ တီးတိုးစကားသံများ ပီပြင်လာသည်။ ကျွန်မတို့ဘေးမှ မိန်းမညီအစ်မလည်း ကျယ်လောင်သော တီးတိုးသံဖြင့် စကားပြောနေကြပြန်၏။ စောစောက ကျွန်မတို့ဘက် တည့်တည့်လှည့်ထားသော ကုလားထိုင်စက်ဝိုင်းတစ်ခြမ်းတိတိ လှည့်ယူသွားပြီ ဖြစ်သဖြင့် အင်္ကျီကြေနေသော ကျောပိုင်းကိုသာ မြင်ရပါသည်။ သူ့စကား

ကို မသဲကွဲတော့ပါ၊ နောက်မှီထိုင်ပါများသဖြင့် သူ့ပဝါ၌ စီသော ရွှေရောင်ကြယ်ကလေးများ နှုတ်ခမ်းပဲ့နေကြသည်ကို မြင်ရသည်။

မကြာခင်ပင် ထိုမိန်းမသည် သူ့ဘက်လှည့်လာပြီး "ချောက်ထုတ်လိုက်စမ်းပါ ဟိုမှာ"ဟု ဆိုပါသည်။

သူညွှန်ပြရာမှာ ဖွင့်လို့ရမရ ကျွန်မ မသိသော လိမ္မော်ပွင့်နှင့် ရေညှိနွယ် ခန်းဆီးများအနားကွပ်သော မှန်တံခါးမကြီးဖြစ်သည်။ ထိုတံခါးမကို သူဖွင့်ချင်သဖြင့် တွန်းကြည့်သေးသည်ပင်။ ထုတ်ချင်းပေါက် မြင်ရသဖြင့် အပြင်၌ သစ်ရွက်ညိုများ၊ မြက်ခင်းများ၊ နေခြည်များ သာယာနေသည်။ ရေကူးကန် စိမ်းလဲ့လဲ့ကို မြင်နိုင်သည်။ မိန်းမချောက်ထုတ်လိုသည်မှာ တံခါးဝ၌ လာရပ်နေသော ၈ နှစ်ရွယ် ကလေးငယ်ဖြစ်သည်။

ကလေးငယ်မှာ အသားအရေ မည်းမှောင်လှပြီး ဆံပင်များရှည်၍ ကွေးလိမ်ကာ ကျနေသည်။ ခပ်ပေပေ ရေရေပင်။ အင်္ကျီလည်း မပါချေ။ စွပ်ကျယ်လက်ပြက် လျော့ရဲရဲသာဝတ်သည်။ ပြာမွဲသော ရှုံ့ကြိုးနှင့် ဘောင်းဘီလည်းဝတ်သည်။ မျက်လုံးများမှာမူ ပြူးကျယ်တောက်ပလှပြီး ကော့ပျံထူထဲသော မျက်ခုံးမျက်တောင်များရှိသည်။ လုံးဝန်းသော နှုတ်ခမ်းကလေးကို ထော်၍ရှုံ့၍ မှန်တံခါးနှင့် ခန်းဆီးစ စပ်ရာမှာရပ်နေသည်။ သူ့နှာခေါင်းကလေးမှာ မှန်နှင့် ကပ်ဖိမိ၍ ပြားကာပွနေလေသည်။

"ချောက်ထုတ်လိုက်စမ်းပါရှင့်၊ ကျက်သရေတုံး

လိုက်တာ၊ ဘယ်အစေခံတန်းလျားက ကလေးပါလိမ့်၊ သွားဟဲ့… ရှူး…”

သို့သော် မှန်အပြင်က ကလေးသည် ကြားပုံမပေါ်ပါ။ ပြီးတော့ ကလေးက သူ့ရဲ့ ပြုံးရွှင်သော မျက်နှာကို ကြည့်ကာ ပြန်ပြုံးနေသည်။ သူက လက်သန်းကို ကွေးကောက်ပြပြီး နောက်ပြောင်နေသည်။ ကလေးက ရယ်မောလိုက်ရာ၊ အသစ်ပေါက်စ ဇရာမရှေ့သွားနှစ်ချောင်း ပေါ်လာကာ ယုန်ကောင်ကလေးများကို သတိရစေလေ၏။

မိန်းမသည် သူ့ကိုမြင်သွားပြီး “ဩော်… ဖြစ်မှ ဖြစ်ရလေ”ဟု အသံထွက်ပါသည်။ ပြီးတော့ မျက်နှာကို မည်းမှောင်ပုပ်သိုးလိုက်ပြီး ချာခနဲ ပြန်လှည့်သွားကာ သူ့ညီမနှင့် စကားပြောပြန်ပါသည်။

မိန်းမ၏ ညီမက ပူပင်ပြန်သည်။ “ဟော ရတုပိုဒ်စုံဆိုတာကလည်း မပြီးနိုင်ပါလား၊ ၁၂ မိနစ်လို့ခုနပြောသွားတယ် မဟုတ်လား၊ ခု ၁၅ မိနစ်တောင်ကျော်ပြီ၊ မမဝိုင်းတော့ စိတ်ဆိုးတော့မှာပဲ၊ ဒီတီးဝိုင်းဆရာက တယ်မောက်မာတယ်တဲ့”

“အေးကွယ်၊ ဩဘာစာဆရာ စကားလျှော့ပြောရုံပေါ့၊ ရတုကတော့ ဖြတ်ပစ်လို့မရတာ ဆိုသံကြီးကတော့ ပျင်းစရာကြီး၊ စကားလုံးကလေးတွေကတော့ တယ်ကောင်း၊ ဘာတဲ့ ခုနကြားလိုက်ပါတယ်၊ ချစ်စပယ်ကုံး၊ ရာသက်လုံးဟု၊ ဆံထုံးလျော့လည်း ပန်ဆင်မြဲဆိုလား” မိန်မသည် အနည်းငယ် ရှက်သွေးဖြာကာ “ဖိတ်စာထဲ ထည့်ရိုက်ထား

တာ၊ သမီးဆိုဆိုကြည့်နေတာ ကြားရလို့ မှတ်မိနေသေး
တယ်”ဟု ဖြေပြောပြောပြန်သည်။

ထိုခဏ၌ ရတုပိုဒ်စုံ ရွတ်ဆိုခြင်း ပြီးသွားလေ၏။ စန္ဒရားခလုတ်သံ ပြေးလွှားရာမှ အသာအယာရပ်ဆိုင်းသွားလေ၏။ ဩဘာစာဆရာသည် ယခုမှ တကယ့်မင်္ဂလာကို ပြုတော့မည်ဟန်နှင့် တောင်ရှည်ပုဆိုး ခါးပုံစကို မလှလှအောင် ပြုပြင်သပ်ရပ်လေ၏။ ယပ်ယောင်လို ကားစွင့်ကာနေမှ ကျေနပ်သည်။ သူ့ခေါင်းပေါင်းစသည် လွင့်ပျံနေ၏။ ထို့နောက် မင်္ဂလာစကား စလေသည်။

အရေးကြီးသော အချိန်အတွက် တီးဝိုင်းမှအသင့်ပြင်သည်။ ဆန်မန်းပေါက်ပေါက် စံပယ်ဖူး၊ စံပယ်ပွင့်နှင့် မတ်စေ့သစ် ငါးမူးစေ့သစ် ကျပ်ပြားသစ်များသာ အပြည့်ပါသည်ဆိုသော ငွေဖလားများကို အဖြူချိတ်ဆင်တူဝတ်သော အပျိုမကလေးများက မင်္ဂလာပြီးမြောက်ချိန်နှင့်ကိုက်၍ ပစ်ကြဲရန် မင်းလမ်းဝတစ်လျှောက်၌ တန်းစီ၍စောင့်လျက်ရှိလေ၏။ ကျွန်မတို့ဘေးမှ မိန်းမဝဝပင်စကားပြောရပ်ကာ မင်္ဂလာစင်မြင့်သို့ မျှော်မောဆဲ သူ့ညီမက ပရိတ်ရွတ်လေသလားမသိ၊ မျက်စိအနည်းငယ်မှေး၍ နှုတ်ခမ်းတရွရွဖြင့် တစ်စုံတစ်ခု ရွတ်လေ၏။

သူသည် ဖွင့်၍ရမရ မသိနိုင်သော မှန်တံခါးပေါက်ကြီးဘက်သို့ လှမ်းကြည့်နေရာမှ ဖြုန်းခနဲ ထရပ်လိုက်လေ၏။ ပြီးတော့ သူ့အပေါ်အင်္ကျီကို ဆွဲချွတ်ပစ်လိုက်ရင်း “ရေကန်ထဲမှာ ကလေးရေနစ်နေတယ်၊ လုပ်ကြပါဦး”ဟု

ကျယ်ကျယ်ပြော၏။ "ဘယ်သူရေကူးတတ်သလဲ၊ ဟင်... ရေကူးတတ်ကြလား၊ ကျွန်တော် မကူးတတ်ဘူး၊ အေး ကော" ကျွန်မသည် ခေါင်းခါပြဆဲ၊ မိန်းမသာများသော ကျွန်မတို့အနီးအနားမှ ပရိသတ်များ စကားမပြောနိုင် ငေးမောဆဲ၊ သူသည် ကုလားထိုင်ကို တွန်းပစ်လိုက်ရာ ကုလားထိုင် လဲကျပြီး ကျယ်လောင်အက်ကွဲကာ အသံပေါ် လာလေ၏။ သူသည် ဖွင့်၍ရမရ မသိသော မှန်တံခါးမကြီး ကို ကိုယ်လုံးနှင့် တိုက်လေ၏။ မပွင့်။ သူသည် လဲကျ နေသော ကုလားထိုင်ကို နောက်မှီမှ ကောက်ကိုင်ကာ မှန်ချပ်ကို ရိုက်ခွဲလေ၏။ ကွဲပြတ်သော မှန်စများ၏ ဆူညံသောအသံနှင့်အတူ မှန်ကွဲပေါက်မှ သူ ခုန်ထွက်သွား ပါသည်။ သစ်ရွက်သစ်ပင် ညိုစိမ်းသော၊ တိမ်ဖြူများလင်း သော အပြင်သို့ သူရောက်သွား၏။ သူ့ကျောဌ် မှန်ချွန်စ နှင့် ငြိမိဟန်တူသော ရှပ်အင်္ကျီထောင့်ချိုးကွဲစသည် လန်၍ ကျနေကာ ရှမိသောဒဏ်ရာမှ သွေးအနည်းငယ်စို့သဖြင့် စွန်းထင်းလာသည်ကို မြင်ရ၏။ သူသည် ရေကူးကန်သို့ လျင်မြန်စွာ ပြေးသွားဆဲ၊ သူ့နဖူးပေါ်က ဖြီးသင်လို့မရ နိုင်သော ဆံစများသည် ခြေလှမ်းများနှင့်အတူ လှုပ်ရှား ခုန်ကြွနေလေသည်။

❐

ဩဘာစာဆရာသည် ရွတ်ဆိုဆဲစကားများကို ရပ်လိုက်ကာ ယောင်ယမ်း၍ "ဘာဖြစ်ကြတာလဲ"ဟု ဆိုလိုက်ရာ ထိုစကားသံသည် အကျယ်ချဲ့သော စကားပြောခွက်မှ ဟိန်း၍ထွက်လာလေ၏။ ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲဟု ပရိသတ်ထဲမှ ပဲ့တင်ပြန်လာလေ၏။ ဓားပြတိုက်သား၊ သူပုန်စီးသလား။

သတို့သမီးဖခင် သူဌေး၏လက်ဆွဲက ခြောက်လုံးပြူးကို ဆွဲအိတ်ထဲမှ ထုတ်လေ၏။ "ဘိသိက်သွန်းပါ၊ မင်္ဂလာကို ဆက်လုပ်ပါ"ဟု သူက စင်မြင့်ပေါ်သို့ လှမ်းအော်သည်။ "အချိန်တိကျဖို့ အရေးကြီးတယ်မဟုတ်လား၊ မင်္ဂလာဆောင် အနှောင့်အယှက်ပေါ်မယ်ဆိုတာ ဗေဒင်က သတိပေးထားသားပဲ"ဟု ထပ်၍အော်ပြန်၏။ စင်မြင့်ပေါ်၌ အုပ်ထိန်းလို့ရသွား၏။ ဩဘာစာဆရာသည် စကားပြောခွက်ကို လေနှင့်မှုတ်လိုက်၊ လက်သည်းဖြင့်ခေါက်လိုက်လုပ်ရာ အသံဗလံ ကျယ်လောင်စွာ ထွက်လာပြန်သည်။ ပြီးတော့ ဩဘာစာဆရာသည် အလွန်ကျယ်လောင်စွာ

ရွှတ်ဖတ်ပြောဆိုလေသည်။

သည်လိုနှင့် ဘီသိက်သွန်းခြင်း ပြီးမြောက်သွားလေ၏။ တီးဝိုင်းက ပွဲလန့်သည့်ပရိသတ်ကို ပတ်မတုတ်၍ ထိန်းသည့်သဖွယ် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး တီးလေ၏။ သက်ဝေ သီချင်းကို ကျယ်လောင်လှသဖြင့် မသာယာနိုင်တော့သော ယောက်ျားသံ၊ မိန်းမသံက ဆိုကြလေ၏။

စောစောက တန်းစီနေကြသော အဖြူချိတ်ဆင်တူဝတ်သည့် မိန်းမပျိုများ အံ့အားသင့်နေသည်ကို လူကြီးများက ငေါက်ငမ်းနေသည်။ "ဆန်မန်းပေါက်ပေါက်ကြဲလေ... ကြဲလေ၊ ဘာလုပ်နေကြတာလဲ၊ တကယ်အကြတာကို" ဒရောသောပါး ပစ်ကြဲသဖြင့် ငွေဖလားထဲမှ မတ်စေ့၊ ငါးမူးစေ့၊ ကျပ်ပြားများသည် ပရိသတ်အချို့၏ မျက်နှာများ၊ ခေါင်းများ၊ ပခုံးများကိုပင် ထိခိုက်မိသည်။ နာကျင်စေသည်၊ ညှပ်ရိုးနှင့် ထိမိ၍ မျက်ရည်လည်သူကလည်သည်။ ကြမ်းပေါ်ကျသော ပိုက်ဆံစေ့များသည် လိမ့်ပြေးသွားကြပြီး ဒေါက်မြင့်ဖိနပ် ရောင်စုံများကြားမှာ ငြိမ်ဝပ်သွားကြသည်။

"ခဲနဲ့ပေါက်တာလား၊ ခဲဖိုးတောင်းတာလား၊ ဖြစ်မှဖြစ်ရလေ"ဟု ပါးရေများတွဲကျနေသော အဘွားကြီးတစ်ယောက်က စိန်နားကပ်တလှုပ်လှုပ်နှင့် ပြောလေ၏။

"အရက်မူးသမား ဝင်လာတာထင်ပါရဲ့"ဟု ဗိုက်ပူဆူဖြိုးသော ဖဲဒိုင်ခံစားသည့် သစ်ကုန်သည်ဟောင်းက

ပြောလေ၏။

"မဟုတ်ပါဘူး၊ အရူးပါ၊ ကုလားအရူးပါ"

"မဟုတ်ဘူး၊ ဝိုင်ယာကြိုးပြတ်ပြီး မီးလောင်တာ၊ မီးသတ်စက်ခေါ်ပါ၊ ဖုန်းဆက်ပါ"

မီးဆိုသောအသံကိုကြားသည့် ပရိသတ်တစ်ပိုင်းတစ်စသည် ရုတ်ရုတ်သဲသဲ ဖြစ်လာပြန်သည်။ အခြေအနေထိန်းလို့မရ ဖြစ်တော့သည်လား။ ထိုခဏ၌ စောစောကခြောက်လုံးပြူးထုတ်၍ ခါးပတ်၌ချိတ်သော သူဌေးလက်စွဲသည် စင်မြင့်ပေါ်သို့ လွှားခနဲ ခုန်တက်၍ စကားပြောခွက်မှ ဟန်ပါပါ ကြေညာလေ၏။

"ပရိသတ်တို့ခင်ဗျာ... ဘာမှမပူပင်ကြပါနဲ့၊ ဘာမှမဖြစ်ပါဘူး၊ ကုလားထိုင်နဲ့ တိုက်မိလို့ မှန်တစ်ချပ်ကွဲသွားတာပါ၊ ပုလိပ်အစောင့်အကြပ်တွေ စောင့်ရှောက်နေပါတယ်၊ ဘာမှမပူပင်ကြပါနဲ့၊ ဘာမှမဖြစ်ပါဘူး၊ စစ်တပ်အကူအညီတောင် ကျွန်တော်တို့ တောင်းထားပါတယ်၊ ဘာမှလည်း ဖြစ်တာမဟုတ်ပါဘူး၊ စိတ်အေးလက်အေး ထိုင်နေကြပါ။

"ခုပဲ အစားအသောက်များနဲ့ ဧည့်ခံပါတော့မယ်၊ စိတ်ချမ်းသာစွာ သုံးဆောင်တော်မူကြပါခင်ဗျာ။

"လူကြီးမင်းတို့ အေးအေးဆေးဆေး နေထိုင်နိုင်ဖို့ ဟောဒီ ဟိုတယ်ခန်းမကို ၁၄ နာရီတိတိ ငှားရမ်းထားပါတယ်၊ ခု ငါးမိနစ်တွင်း ရုတ်ခြည်းအစီအစဉ်အရ

ယိုးဒယားပြန်အမာစိန်က ကပြဖြေဖျော်ပါဦးမယ်"

ပရိသတ်သည် အတော်ငြိမ်၍သွားလေသည်။ ရှက်ကိုး ရှက်ကန်းနှင့် ရယ်မောသံများပင် ပေါ်လာလေသည်။ စောစောက သက်ဝေသီချင်းဆိုနေသော တီးဝိုင်းမှ တေးသံသည် တစ်ဝက်တစ်ပျက်နှင့် ပြန်ဆက်ရတော့မည်လား၊ ရပ်စဲထားလိုက်ရတော့မည်လား မဝေခွဲနိုင်ဖြစ်နေလေ၏။ သို့သော် အမောစိန်က ပွဲထိုင်သို့လာသော အရပ်သူ အဝတ်အစားနှင့်ပင် ပဝါကိုမူ ဖားဖားခြုံ၍ တီးဝိုင်းဘေးမှ စင်မြင့်ပေါ်သို့ တက်ကလျှင်တော့ က၍ ကောင်းမည့်သီချင်း၊ တီးကွက်ကို ရှာကြလေ၏။

စားရင်းသောက်ရင်း စကားတင်းများ လှိုင်လာပြန်သည်။

"သတို့သား ဆရာဝန်ကောင်လေးက မိန်းမသိပ်ရှုပ်ဆိုပဲ၊ နှစ်မတွေ အလဲလဲတွဲနေလိုက်တာ ဟောတစ်ယောက် ဟောတစ်ယောက်တဲ့"

"အိုကွယ်... မပြောကြပါနဲ့"

"တကယ် သူ့လခနဲ့ ညနေဆေးခန်းကရသမျှ သူ့အမေက တစ်ပြားမှ မစားရဘူးဆိုပဲ၊ ကလေးစရိတ်ပေးရတာနဲ့ ကုန်ရောတဲ့၊ မိန်းမပွေတာကတော့ တကယ်ပဲ"

"ဒါကြောင့် စာတော်ရက်သားနဲ့ စကောလားရှစ်တောင် မပေးဘူးတဲ့၊ နာမည်ပျက်လို့တဲ့"

"မကပ်နိုင်လို့က ပိုဖြစ်ပါလိမ့်မယ်"

ဆိုင်ပိတ်ချိန်အထိ အဲဒီနားမှာရှိမယ်၊ ဘယ်လောက် တွေ့ချင်တယ်ဆိုတာ သိလောက်ရောပေါ့၊ ကျွန်တော့်ကို နည်းနည်းပါးပါးဖြစ်ဖြစ် ခင်သေးတယ်လို့ ထင်ပါတယ်"

ကျွန်မသည် မျက်ရည်ဝေ့လာသည်ကို နုနု မမြင်စေချင်ဘဲ အသံလည်းမတုန်စေချင်ဘဲ အို သူက စနေနေ့မှာ စာအုပ်ဆိုင်မှာ တွေ့ဖို့ချိန်းတာပါလားဟု ရယ်ဟဟ ပြောလိုက်ပါသည်။

"အေး သွားမလို့လား"

"ဝန်မလေးပါဘူး သွားမှာပေါ့၊ တွေ့ကြသေးတာပေါ့"ဟု ကျွန်မ ဆက်လက်ပြီး ရယ်ဟဟနဲ့ဖြေသည်။

"သွားသင့်တယ်ထင်လို့လား"

"ပြောစရာ၊ မေးစရာတွေ ရှိတယ်ဆိုလား"

နုနုက စိတ်ကြောင့်ကြလာပြီး "အဆက်ဖြတ်ပြီးသား ပြန်ဆက်ရင် ဒုက္ခရောက်ဦးမှာ မစိုးဘူးလား"လို့မေးသည်။

"ဘာဒုက္ခရောက်စရာလိုလို့လဲ"

"အေးဟာ သူခေါ်တိုင်းရတဲ့အဖြစ် ရောက်မသွားဘူးလား၊ ဖြတ်ချင်ဖြတ်၊ ဆက်ချင်ဆက်၊ လုပ်ချင်သလို လုပ်လို့ရတဲ့အဖြစ် ရောက်မသွားဘူးလား"

ဒီလိုပဲ နုနု ပြောတတ်သည်။ ကျွန်မအဖို့ နုနုကို စိတ်ဆိုးခြင်းထက် စက်ဆုပ်ခြင်း ဖြစ်လာခဲ့ပြီ။ သို့သော် နုနုပြောတာ မှန်သလားဆိုလည်း အမြဲသံသယရှိပြီး ရှက်

ကြောက်ခြင်းကြီးစွာ ဖြစ်တတ်သည်။ နုနု ကျွန်မကို ဘယ်လို ကြိုးကိုင်ရမည်ဆိုတာ ကောင်းကောင်းသိလေသည်။ ကျွန်မကတော့ မရိပ်မိသေး။

ဆယ့်ကိုးရက်နေ့မှာ ချောက်ချားသောအိပ်မက်များနှင့် ကျွန်မ အစောကြီးနိုးလာတာ နှစ်များစွာကြာလည်း မှတ်မိရသည်။ ကျွန်မ အိပ်မက်အလွန်မက်တတ်သည်။ အိပ်မက်ထဲမှာ မရောက်ဖူးသော နေရာများလည်း ရောက်နေတတ်ပြီး မတွေ့ဖူးသောလူများနှင့်လည်း တွေ့တတ်သည်။ ပီယာနိုမှာထိုင်ပြီး သီချင်းတစ်ပုဒ်လုံး ဆုံးအောင်လည်း တီးတတ်သည်။ ဝတ္ထုလည်းဖတ်တတ်သလို အိပ်မက်များ ဆန်းကြယ်လာရင်တော့ ငှက်များ၊ ကြောင်များနဲ့ စကားပြောလို့ရသည်။ သစ်ပင်များ အမြစ်တွေနုတ်ပြီး လမ်းလျှောက်ကြသည်။ ချောက်ချားသော အိပ်မက်တွင်းမှာတော့ တစ်ခါမှ မမြင်ဖူးသော သေဆုံးသွားသူများနှင့် တစ္ဆေလိုလူများနှင့် တွေ့နေပြီး ကျွန်မသည် မိဘများကို သူတို့ထဲမှာ ရှာနေတတ်သည်။ ဘယ်တော့မှမတွေ့။ မိဘများရဲ့ ရုပ်ပုံလည်း မှုန်ရီနေသည်။

ဆယ့်ကိုးရက်နေ့က ချောက်ချားသောအိပ်မက်ထဲမှာ ကိုနှင်းနွယ် စိတ်ဆိုးနေသည်ကို တွေ့ရပါသည်။ သူ ဘယ်တော့မှ စိတ်မဆိုးတတ်။ အင်မတန် သိမ်မွေ့အေးဆေးသူပင်။ သူက "သည်နှင်းဆီဝါဝင်ကို ဘယ်သူခုတ်သလဲ"ဟု ထပ်တလဲလဲ မေးနေသည်။ ကျွန်မ သူ့ရဲ့ ကြိုးပွဲနေသော နှင်းဆီဝါပင်ကို ဝမ်းနည်းခြင်းအပြည့်ဖြင့်

ပိုမိုသာယာလေ၏။ လက်ထပ်ပွဲခန်းမဆောင်သည် ပြန်လည် အေးချမ်းသွားပြီး ထိပ်စားပွဲမှ လူကြီးများပင် သတို့သား သတို့သမီးကို နှုတ်ဆက်ကောင်းချီးပေးရန် ထကြလေပြီ။

❒

တကယ်တော့ မှန်တံခါးကြီးကို ဖွင့်လို့ရလေသည်။ မမြင်သာအောင် တပ်ထားသော တံခါးသော့ချက်မှာ ကြမ်းပြင်နှင့် ကပ်လျက်ရှိသော တံခါးပေါင်များနှင့် ရောနေအောင် ဝှက်၍တပ်ထားခြင်းသာ ဖြစ်သည်။ သာမန်အားဖြင့် မင်္ဂလာဆောင်ခန်းသို့ လာရောက်ရမည်မဟုတ်သော စပို့ရှပ်အဖြူ၊ ဘောင်းဘီရှည်အဖြူမျှသာ ဝတ်ထားသော အလုပ်သမား လူငယ်တစ်ယောက်က လာ၍ဖွင့်သည် ကို ကျွန်မ မြင်ရသည်။

လူငယ်သည် တံခါးသော့ချက်ကို ရှူးဖိနပ်ဦးဖြင့် တွန်းလိုက်ရုံဖြင့် မှန်တံခါးများ ဖွင့်လို့ရသွားသည်။ မှန်တံခါးများမှာချောမွတ်သော ဘီးတပ်ထားသည့် ဆွဲတံခါးများဖြစ်သည်။ အသာကလေးတွန်းလိုက်ရုံနှင့် မှန်ချပ်ဘောင်များ ထပ်သွားကာ တံခါးပေါက်ပွင့်သွားသည်။ မှန်ကွဲစ အနည်းငယ် ကျလာပြန်သည်။ လူငယ်သည် မျက်နှာ အနည်းငယ်ပျက်ကာ လိမ္မော်ရောင်ပွင့်များ၊ ရေညှိနွယ်များ လွှမ်းမိုးသည့် ခန်းဆီးများဖြင့် အပေါက်ကို ပိတ်လိုက်သော်

လည်း လေတိုက်သဖြင့် ခန်းဆီးမှာ လှုပ်ရှားလို့တော့နေလေသည်။

ခန်းဆီးနှစ်စ ဆက်မိသည်နှင့်တစ်ပြိုင်နက် လူငယ်သည် အပြင်သို့ရောက်သွားသည်။ ခန်းဆီးစ ထူသော်လည်း အပြင်မှ အလင်းရောင်များသည့်အတွက် ထိုလူငယ်ဒူးထောက်ထိုင်၍ မှန်စများစုမိသံ၊ ထပ်မိသံကိုလည်းကြားရသည်။ လေတိုးဝှေ့ ခွဲဖွင့်လိုက်သည့်အခါ အနည်းငယ်ကွာဟသွားသော ခန်းဆီးနှစ်စကြားမှလည်း လူငယ်ကိုတစ်ချက်တစ်ချက် တွေ့ရသည်။

ကျွန်မသည် ချလာသော အစားအစာများကို မစားဘဲ စိတ်ဝေခွဲဖို့ ကြိုးစားလျက်ရှိ၏။ ထောင့်၌ကပ်ထားသော ကျွန်မ၏ သေးငယ်သည့် စားပွဲမှာ ကျွန်မတစ်ယောက်သာကျန်သည်။ သူ ချွတ်ပစ်ခဲ့သော တိုက်ပုံအင်္ကျီကိုကျွန်မ သေသပ်စွာခေါက်၍ စားပွဲပေါ်တင်ထားရာ အစားအသောက်များ လာချသဖြင့် ကျွန်မ၏ ပေါင်ပေါ်သို့တင်ထားရသည်။ ထိုတိုက်ပုံကို စောစောက မိန်းမဝဝ ညီအစ်မသည် တစ်လှည့်စီ လှမ်းကြည့်လျက်ရှိသည်။ ကျွန်မဘာမှ မစားသောက်သည်ကိုလည်း သတိပြုကြပြန်သည်။

နောက်ဆုံး၌ ကျွန်မ ဝေခွဲ၍ရသည်။ စားပွဲများကြားမှ ဖြတ်သန်း၍ ခန်းမအပေါက်ဝမှ ထွက်ဖို့မလိုဟုဆုံးဖြတ်လိုက်ပါသည်။ စားသောက်နေဆဲလူတို့ မော်ကြည့်မည်လည်း ကြောက်ရွံ့ခြင်းမရှိသည်ကို ဝန်ခံရပါသည်။ ကျွန်မသည် အပြင်သို့ မြန်မြန်ရောက်ချင်ခြင်းသာ ရှိသဖြင့်

လှုပ်ရှားနေသော ခန်းဆီးစကိုဖယ်၍ မှန်ကွဲစများကို ကျော်၍ နီးကပ်သော မှန်တံခါးပေါက်မှ ထွက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သူ့တိုက်ပုံကို ကျွန်မ လက်မောင်းပေါ်၌ ချိတ်ကာ အသာအယာ ထလိုက်ရာ မိန်းမဝဝက လှမ်း၍ "ပြန်တော့မလို့လား"ဟု နှုတ်ဆက်သလို မေးမြန်းလေ၏။ ကျွန်မ အဖြေမပေးပါ။ ပြီးတော့ ခန်းဆီးတစ်စကိုလှပ်ကာ ခြေနှစ်လှမ်းမျှ လှမ်းရုံနှင့် ကျွန်မ အပြင်သို့ရောက်ခဲ့လေသည်။

စပို့ရှပ်နှင့် လူငယ်သည် မှန်စအားလုံးလိုလိုကို စုဆောင်းပြီးစရှိသည်။ မှန်ကွဲအမှုန်များကို လက်နှင့်ကောက်လို့ရသည်မဟုတ်။ သူ့လက်၌ သွေးအနည်းငယ်ပေသည်ကို ကျွန်မ သတိပြုလိုက်၏။ လူငယ်က ပြုံးရယ်ကာ "မမ ဒါ ထွက်ပေါက်မဟုတ်ဘူး"ဟု ပြောပြ၏။

"ကျွန်မ ရေကူးကန်ဘက်သွားမလို့ပါ"

"မသွားပါနဲ့၊ အဲဒီမှာ လူတစ်ယောက်ရေနစ်လို့ လူတွေလည်း အများကြီးအုံနေတယ်၊ ပုလိပ်တွေရောက်နေတယ်"

"ကျွန်မ ဆရာဝန်ပါ"

လူငယ်က ပြုံးရယ်ပြန်ကာ "ကျွန်တော်လည်း လိုက်ခဲ့မယ်"ဟု ပြောသည်။ ကျွန်မက ပြန်မဖြေပါ။ ကျွန်မတို့ ခပ်သုတ်သုတ် ထွက်လာကြသည်။ နွေးထွေးသော နေရောင်ခြည်ကို ဖြတ်သန်းလာပြီး ရေကူးကန်ဘက် ရောက်လာသည်။ ရေကူးကန်၌ ရေသည် လှုပ်ရှားယိမ်း

ထိုးဆဲရှိသည်။ ရေကူးကန်၌ လူတစ်ယောက်မျှမရှိ။ ရေကူး ကန်နှင့် ကိုက်တစ်ရာခန့်ဝေးသော သစ်ရိပ်များအောက်၌ သာ လူအနည်းငယ် စုရုံးနေပါသည်။ ပုလိပ်ဝတ်စုံများ ကိုလည်း လှမ်းမြင်ရသည်။

"ဟိုမှာ မမရဲ့၊ မြက်ခင်းပေါ် မှောက်ရက်ကြီး သေများသေပြီလားမသိ"ဟု လူငယ်ကပြောသည်။

သစ်ရိပ်အောက်သို့ရောက်လျှင် "ဆရာဝန်လာ တယ်"ဟု လူငယ်က ကြေညာသဖြင့် ရှဲပေးကြသည်။ သူသတိမေ့ကာ လဲနေသည်ထင်သည်၊ သူ့နဖူးမှာ ခြစ်မိ သော ဒဏ်ရာမှ သွေးခဲစပြုနေသည်။ ကျောကုန်းမှ မှန်ကွဲ ရှရာမှာမူ သွေးပြန်ထွက်နေသည်။ မျက်နှာ၌ ရေများစိုနေ ဆံပင်။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုဆံပင်။ စောစောက သိမ်း၍မရသော ဆံပင်များ သည်ရေဖြင့်လေးကာ ခေါင်း၌ ကပ်နေကြသည်။

ပုလိပ်သားတစ်ယောက်က "သူရေတော့ တော် တော်အန်ပစ်လိုက်ပါပြီ ဒေါက်တာ၊ ကျွန်တော်လည်း နောက်ထပ်ဘာမှ မလုပ်တတ်တော့ပါဘူး၊ အသက်တော့ မှန်မှန်ရှူနေတာနဲ့ ပူစရာမရှိဘူးထင်တာနဲ့"ဟု ပြောသည်။

ကျွန်မသည် စပို့ရှပ်ဝတ်လူငယ်နှင့် ထိုပုလိပ်ကလေး တို့ အကူအညီဖြင့် သူ့ကို ပက်လက်လှန်လိုက်ပါသည်။ ကျွန်မ၏ ဇာဖြူပဝါဖြင့် သူ့မျက်နှာကို သုတ်ပေးလျှင်တော့ "အို... ဒေါက်တာရယ် ပေကုန်တော့မှာပဲ၊ ပစ်ရတော့မှာပဲ" ဟု ဝိုင်း၍ နှမြောကြသံ ကြားရလေ၏။ ကျွန်မကမူ

သူ့ရဲ့ စိုရွဲနေသော ဆံပင်များကို ဓာဖြူပဝါနှင့် ဆက်လက် ပွတ်တိုက်လျက်နေသည်။ ဆံပင်သွေ့စပြုလျှင် သူသည် အနည်းငယ် လွန့်လိုက်ပြီး မျက်လုံးများပွင့်လာလေသည်။ ကျွန်မကိုမြင်လျှင် ပြုံးလိုက်ကာ "အားနာလိုက်တာ အေး ရယ်၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး"ဟု ခပ်တိုးတိုးပြော လေ၏။ "ကလေးကော ဆယ်လို့ရတယ်မဟုတ်လား"ဟု လက်ထောက်၍ ထထိုင်ရင်း ဘေးဘီသို့ လှည့်ကြည့်ပေ သည်။

လက်ထပ်ပွဲမှ စီစဉ်သူ လူကြီးဖြစ်ဟန်တူသော ဝတ်ကောင်းစားလှနှင့်လူက ဒေါသထွက်နေဟန်ဖြင့် "ကလေးက ဆယ်စရာမလိုဘူး ကိုယ့်လူရဲ့၊ ခင်ဗျားနစ် နေလို့ ဆယ်ရတာ၊ ကလေးက ရေကူးတတ်တယ်"ဟု ပြောသည်။

သူက ခပ်အေးအေးပင် "ကလေးက ရေမကူးတတ် ပါဘူး၊ နစ်နေတာပဲ၊ ကျွန်တော့်ရှေ့တင် နှစ်ခါတောင်မြုပ် သွားတာပဲ၊ ပြီးတော့ ရေကူးတတ်လည်း ရေနစ်နိုင်တာပဲ"ဟု ပြောသည်။

"အတော်ခက်တဲ့လူပဲ၊ ကလေးက ရေကူးကန်ရေလဲ တဲ့ အလုပ်သမားရဲ့ကလေးဗျ၊ ရေကန်ထဲ အခါတစ်ရာကျလဲ သူ့အဖေဆယ်လိမ့်မယ်၊ ဆယ်လည်းဆယ်နေကျတဲ့၊ ခင်ဗျားနဲ့ ဘာဆိုင်လဲ၊ ခုတော့ ကောင်းသေးလား၊ ကျုပ်တူမ ဘိသိက်သွန်းတာ အချိန်လွဲသွားပြီ၊ ၄ စက္ကန့်တိတိ နောက်ကျသွားပြီ၊ သူ့ပောတဲ့ ဗေဒင်သာမှန်ရင်တော့

သေရင်သေ မသေရင်ကွဲပဲတဲ့၊ ကျုပ် ခင်ဗျားကို တရားစွဲချင်တယ်၊ မင်္ဂလာဆောင် နှောင့်ယှက်မှုနဲ့"

သူက လက်များကိုပိုက်ကာ ကြက်သီးများထပါသည်။

"အေးရယ်... ချမ်းလိုက်တာ"ဟု ကျွန်မကို ပြုံး၍ပြောပြန်သည်။ ပြီးတော့ လူကြီးဘက်သို့လှည့်၍ "ဒါတွေတော့ ကျွန်တော် ဘယ်သိမလဲ၊ ကျွန်တော်မြင်တာက ကလေး ရေနစ်နေတာပဲ၊ သူ့ဘဝကလေးဟာ ခုမှစခါစရှိသေးတယ်၊ ရှေ့မှာ အလားအလာတွေ အများကြီးရှိတယ်၊ ဘယ်အဆုံးခံနိုင်ပါ့မလဲ၊ မင်္ဂလာဆောင်ဆိုတာက အပျော်အပါးကိစ္စပဲဗျာ၊ ဒီလိုဖြစ်ရတာ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ လင်မယားဆိုတာလည်း ကွဲတာနဲ့မကွဲတာ တစ်ခုခုတော့ ဖြစ်နေရမှာပေါ့"ဟု ညင်သာစွာပြောပြန်သည်။

စပို့ရှပ်နှင့် လူငယ်က ဝင်၍ "တန်းလျားက ကုလားကလေးလေးလား အလားအလာတွေ အများကြီးတယ် ဟားဟား..."ဟု ရယ်ပါသည်။

"ဒါပေမဲ့ ကိုယ့်လူ၊ ခင်ဗျားခွဲလိုက်တဲ့မှန်က သုံးရာအနည်းဆုံးတန်မှာ၊ ဝယ်လို့လည်းမရဘူး၊ အဲဒါတော့ ခင်ဗျား ဖြေရှင်းရလိမ့်မယ်၊ ကျုပ် လက်လည်းရှကုန်ပြီ" ထို့နောက် သူ့လက်များကိုဖြန့်ကာ သနားကြင်နာသလို ကြည့်နေလေ၏။

ပုလိပ်အရာရှိက စာအုပ်ကလေးထုတ်၍ "ခင်ဗျားနာမည်"ဟု စတင်သည်။

ကျွန်မက "ဒီမှာ သူ အအေးမိနိုင်တယ်၊ အဆုတ်ရောင်တတ်တယ်၊ စောင်တစ်ထည်လောက် ရှာပေးကြပါ" ဟု ပြောလိုက်ပြီး သူ့တိုက်ပုံဖြင့် ခြုံပေးပါသည်။

သူ့ကို ရေအန်စေခဲ့သော ပုလိပ်သားကလေးက "ဟုတ်ကဲ့ ဟုတ်ကဲ့၊ အိပ်ခန်းတွေဘက်မှာ သွားတောင်းရင် ရမှာပေါ့နော်" ဟု ပြောပြောဆိုဆို ပြေးသွားပါသည်။

ဝတ်ကောင်းစားလှနှင့် လူကြီးက ပိုမို၍ ဒေါသထွက်လျက်ရှိသည်။ ထိုးချင်ကြိတ်ချင်ဟန်ဖြင့် လက်သီးတပြင်ပြင် နေလေ၏။ သူ့မျက်နှာတစ်ခုလုံးလည်း ရဲကာ မျက်ထောင့်များနီနေသည်။

"ခင်ဗျား ဘယ်လိုလူလဲ၊ ဘယ်ကလဲ၊ ဖိတ်စာရလို့ လာတာ ဟုတ်ရဲ့လား၊ ခင်ဗျားလိုလူကို ကျုပ်တို့ ဖိတ်မိမယ်လည်း မထင်ပါဘူး၊ ဒီမင်္ဂလာဆောင် အနှောင့်အယှက်များတာ တစ်ပြည်လုံးအသိ၊ ခင်ဗျားကို ဘယ်သူလွှတ်လိုက်သလဲ မှန်မှန်ပြော"

"စကားပြော တယ်ရိုင်းတာကို" ဟု သူက ညည်းရှုံ ညည်းလိုက်ပြီး ဘာမျှမဖြေပါ။

ပုလိပ်အရာရှိက ဖောင်တိန်အသင့်ပြင်၍ "ခင်ဗျား နာမည်" ဟု မေးပြန်သည်။

စောစောက ပုလိပ်သားကလေးသည် သက္ကလတ်စောင်အပြာရင့်ရောင်ကို ပွေ့၍ပြေးလာပါသည်။ သူ့နောက်မှာ ကျွန်မတို့နှင့် ကပ်၍ထိုင်လာသော မိန်းမဝဝညီအစ်မနှင့် လူသုံးလေးယောက် ပါလာပြန်သည်။ မိန်းမဝဝက အနား

ရောက်ရောက်ချင်း–

"သြော်... ဒေါက်တာကိုး"ဟု အနှစ်နှစ်အလလက သိကျွမ်းခဲ့သလို ပြောလိုက်သည်။ ကျွန်မက စောင်ကိုဖြန့်ခါလိုက်ပြီး သူ့ကို ထွေးပတ်၍ ခြုံပေးလိုက်ရာ သူက "ကျေးဇူး"ဟု တိုးတိုးဆိုလေ၏။

ဝတ်ကောင်းစားလှနှင့် လူကြီးက မိန်းမဝဝ နှစ်ယောက်ကို လှမ်း၍မေးပြန်၏။ "မညွန့်တို့ ဒီလူကို သိသလား၊ ဟောဒီဒေါက်တာနဲ့တော့ သိသလိုပဲ"

"အလိုရှင် ကျွန်မတို့နဲ့ မသိပါဘူး၊ တစ်ခါမှ မမြင်ဖူးဘူး၊ ဒေါက်တာ့စားပွဲတော့ လာထိုင်တာပဲ"ဟု ပြောပြီး ကျွန်မကို အားနာဟန်ပြုလေ၏။

ကျွန်မက အားလုံးမျက်နှာကို ကြည့်၍သာနေလိုက်ပါသည်။ ပြီးတော့ သူ့လက်ဖျားများကို ဆုပ်ကိုင်ကြည့်ကာ "ပြာနေတာပဲ၊ ရှင် ချမ်းနေသေးသလား"ဟု မေးပြန်ပါသည်။

ပုလိပ်အရာရှိက "ခင်ဗျားနာမည်"ဟု မေးပြန်ပါသည်။

သူက "နွေးလာပါပြီ"ဟု ကျွန်မကိုပြောပြီးမှ "ကျွန်တော့်နာမည် ဘာဖြစ်လို့ သိချင်ရတာလဲ"ဟု ပြန်မေးလေ၏။

ပုလိပ်အရာရှိက သူပါ ဒေါသကူးစက်လာဟန်ဖြင့် "ကျုပ်က ပုလိပ်ပဲ၊ ခင်ဗျားကို သင်္ကာမကင်းရှိရင် စစ်ဆေးမေးမြန်းနိုင်တယ်၊ ဖမ်းချုပ်နိုင်တယ်၊ အပြစ်ရှိတယ်ထင်ရင်

တရားစွဲနိုင်တယ်”ဟု ပြောလေ၏။

“ခင်ဗျား သက်သေမကင်းဖြစ်ရအောင် ကျွန်တော် ကလေးရေနစ်တာကို ဆင်းဆယ်တာ ခင်ဗျားအသိပဲ”

“ဒါပေမဲ့ ခင်ဗျားနာမည်ကို ဝှက်ထားစရာ ဘာအကြောင်းရှိသလဲ၊ ဝှက်ထားစရာ အကြောင်းရှိသလား”

“မရှိပါဘူး၊ မပြောချင်တာတစ်ခုပါပဲ”

စပို့ရှပ်နှင့် လူငယ်ကဝင်၍ “မှတ်ပုံတင်ကတ်ပြား ပေးလိုက်ဗျာ၊ စကားမပြောချင်ရင်”ဟု အကြံပေးပါသည်။

ပုလိပ်လေးက “နောင်ကြီး မောနေသေးလို့လား” ဟု ပြော၏။

“မမောပါဘူး၊ အကောင်းသားပဲ”

ပုလိပ်အရာရှိက “မှတ်ပုံတင်ကတ်ပြာပေးဗျာ”

သူက ကျွန်မဘက်လှည့်၍ ပြုံးပြန်ကာ “ဘယ့်နှယ် လုပ်မလဲ အေးရဲ့၊ အဲဒီကတ်ပြား တစ်ခါမှ မလုပ်ဖူးသေးဘူး၊ ပြီးတော့ ကတ်ပြားမရှိရင် ကျွန်တော် လူမဟုတ်တော့ဘူးလား၊ သူတို့ သိချင်တဲ့နာမည်ကော ကျွန်တော့်အဖို့ လိုလို့လား၊ သည်မှာနောင်ကြီးရဲ့ လူတစ်ယောက် ကလေးဆယ်ရင်း ရေနစ်တယ်လို့သာ မှတ်လိုက်ပါဗျာ၊ တော်ရောပေါ့၊ ဘာချဲ့နေစရာလိုလဲ၊ ကျွန်တော်လည်း အိမ်ပြန်တော့မယ်”

“ခင်ဗျား မပြန်ရသေးဘူး”ဟု ဝတ်ကောင်းစားလှနှင့် လူကြီးရော ပုလိပ်အရာရှိပါ ပြိုင်တူပြောကြလေ၏။

မိန်းမဝဝက ကျွန်မနားကပ်၍ တိုးတိုးကလေး

"ဒေါက်တာနဲ့ တော်တော်ခင်သလား"ဟု မေးသည်ကို ကျွန်မ ပြန်မဖြေပါ။ မိန်းမသည် ကျွန်မကိုပါ မျက်မှောင်ကုတ်၍ ကြည့်လိုက်ပါသည်။ သူ့ညီမနှင့် တိုးတိုးပြောကြပြန်ပါသည်။ ပြီးတော့ ရှေ့တစ်လှမ်းတိုးကာ "ကျွန်မအထင်တော့ သည်လူ အရက်မူးနေတယ်ထင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ မင်္ဂလာဆောင်ကိုလာတာ ဝင်လာကတည်းက ကျွန်မ ကြည့်နေတယ်၊ ခေါင်းစုတ်ဖွားနဲ့ ဆံပင်တစ်ဖုတ်လုံး မျက်နှာပေါ်ကျလို့၊ ဘန်ကောက်ပုဆိုးနဲ့ ပိုးတိုက်ပုံနဲ့ ဝတ်ထားတာကတော့ အကျပဲ၊ ပြီးတော့ ဟောဒီဒေါက်တာကိုလည်း စကားတွေတစ်ချိန်လုံးပြောနေတာပဲ၊ မူးနေတယ်နဲ့တူတယ်၊ ပြီးတော့ မှန်ပေါက်က စားစရာလာမျှော်တဲ့ သူတောင်စားကလေးတစ်ယောက်ကိုလည်း လက်ညှိုးထောင် ကရော်ရော်လုပ်ပြီး အရောဝင်သေးတယ်"

စိတ်ပူပင်တတ်သော၊ သူ့လောက်မဝသော ညီမဖြစ်သူက "မမကလည်းလေ မဆိုင်တာဝင်ရှုက်နေတာပဲ၊ ပြီးတော့ သိပ်ဣန္ဒြေမရအောင် မူးတာလည်း မဟုတ်ပါဘူး၊ ဒေါက်တာ့စားပွဲထိုင်ပြီး စကားတွေတော့ အများကြီးပြောတာပဲ၊ လင်မယားကွဲတဲ့အကြောင်းတွေ ထင်ပါရဲ့၊ မင်္ဂလာဆောင်မှာ မင်္ဂလာမရှိတဲ့စကားတွေ တစ်ချိန်လုံးပြောနေတာပဲ၊ ဒါကြောင့် ကျွန်မ စိတ်ပူနေတာ၊ အနှောင့်အယှက်ရှိနေတယ်လို့ ဇာဒင်ဟောရတဲ့ကြားထဲ အမင်္ဂလာစကားတွေ တစ်ချိန်လုံးကြားနေရတော့ ဘုရားမလို့ မင်္ဂလာဆောင်ကတော့ ပြီးသွားပါပြီ"

မိန်းမနှစ်ယောက်နှင့် ပါဝင်သူ ယောက်ျားများထဲမှ လူတစ်ယောက်က "ဟာ... မှတ်မိပြီ၊ သူ ကျောင်းတုန်းက ကျွန်တော်နဲ့ တစ်ဆောင်တည်းနေလာတာပဲ၊ အင်းဝဆောင်သားပဲ"ဟု အားရပါးရပြောလေ၏။

"ဟုတ်ပါ့မလား"

"လူမှားနေပြီထင်တယ်"

"ပြန်စဉ်းစားပါဦးရှင်"

ထိုသူ့မျက်နှာကို ကျွန်မ မော့ကြည့်လိုက်လျှင် ချက်ချင်း မှတ်မိပါသည်။ ကျွန်မတို့ တစ်နှစ်တည်း တက္ကသိုလ်ရောက်ခဲ့သူများ ဖြစ်ပါသည်။ ကျွန်မတို့ရောက်စမှာ သိပ္ပံဝိဇ္ဇာမခွဲ၍ အတူရော၍ တက်ကြရပါသေးသည်။ ထိုသူ့နာမည်ကို ယနေ့အထိ မသိသော်လည်း သူသည် အရာရှိကြီးတစ်ယောက် ဖြစ်နေမည်ထင်ပါသည်။ သံရုံးပါတီများ၌ တွေ့ရတတ်သည်။ အစိုးရ အခမ်းအနားများ၌ တွေ့ရတတ်သည်။

"နေဦးဗျ သူ့နာမည် မေ့နေတယ်၊ ဟိုတုန်းကတည်းက အေးအေးနေတာပဲ၊ လှေကားအောက်က ထောင့်ခန်းမှာကုပ်ပြီး စာဖတ်နေလို့ ကျုပ်တို့ကတောင် စာဂျပိုးရွှေတံဆိပ်ဆုမှန်းနေပြီလို့ထင်တာ၊ အတန်းလည်းမတက်ဘူး၊ စာမေးပွဲလည်း မဖြေဘူး၊ ရုပ်ရှင်တော့ နေ့တိုင်းကြည့်ပဲ၊ ဘီအေမအောင်ခင် မိန်းမခိုးပြေးပြီး ရှမ်းပြည်နယ်မှာ စပျစ်သီးစိုက်နေဆိုလား၊ နေပါဦး သူ့နာမည် ပါးစပ်ဖျားတင်ပါ"

သူက ကျွန်မကို ပြုံး၍ကြည့်ကာ သဘောကျနေလေ၏။

ပုလိပ်အရာရှိနှင့် ဝတ်ကောင်းစားလှနှင့် လူကြီးတို့သည် အနည်းငယ် မျက်နှာပျော့ပျောင်းသွားပြီး "မူးနေလားမသိဘူးဗျ၊ နာမည်မေးလို့လည်း မပြောဘူး၊ ဗိုက်ထဲရေသည်လောက်ဝင်တာတောင် အမူးမပြေသေးဘူးထင်တယ်"

"ဟိုတုန်းကတော့ မသောက်တတ်ဘူးဗျ၊ ကျွန်တော်တို့မူးရင် သူကတွဲပြီး အခန်းထဲလိုက်ပို့တတ်တာပဲ၊ ကော်ဖီတွေဘာတွေ ဖျော်တိုက်တတ်တာပဲ၊ နောက်တော့ သူ ပုဂံဆောင်ဘက် ပြောင်းသွားသေးတယ်၊ ဒါနဲ့ တယ်မလုံးမိကြတော့ဘူး၊ သူက လူတော့လူအေးပဲ"

"ခုမူးနေတာမဟုတ်ရင် စိတ်မနှံ့လို့သာ ဖြစ်ရမယ်၊ မှတ်ပုံကပ်ပြားလည်း မရှိဘူးတဲ့ဗျာ၊ တစ်ခါမှ မလုပ်ဖူးဘူးတဲ့၊ အလုပ်လည်းရှိမယ့်သူ မဟုတ်ပါဘူး၊ မှတ်ပုံတင်ကတ်ပြားမရှိဘဲ ရပ်ကွက်ထဲတောင် နေလို့မရဘူး"

အရာရှိကြီးက သတိရလာပြန်၏။ သို့သော် အားနာဟန်ဖြင့် ခပ်တိုးတိုး အားလုံးတော့လည်းကြားအောင် "ဟာ သတိရပြီ၊ လူတော့မှတ်မိနေတယ်၊ နာမည်သာ ခုထိစဉ်းစားလို့မရတာ၊ သူ စာရင်းဌာနမှာ လုပ်တုန်းက အဖမ်းခံရသေးတယ်၊ သတင်းစာထဲပါလို့တောင် ကျုပ်တို့သူငယ်ချင်းတစ်တွေ ငြင်းကြသေးတယ်၊ အစိုးရငွေကွာမှုနဲ့ နောက်တော့ ထောင်နှစ်နှစ်ခွဲလားမသိဘူး ကျသွားတယ်"

ဝတ်ကောင်းစားလှနှင့်လူက "ကဲ ဒါကြောင့်ပြော တာမဟုတ်လား၊ သည်လိုလူမျိုးဟာ ပြည်သူ့ကို အန္တရာယ် ပေးမယ့် လူစားမျိုးပါလို့၊ ခုလည်းကြည့်ပါလား၊ ဘာတစ်ခုမှ မည်မည်ရရ အကြောင်းပြစရာမရှိဘဲ ဟိုတယ်ကမှန်ကို ရိုက်ခွဲတယ်၊ ကုလားထိုင်လည်း ကျိုးပြီ၊ မင်္ဂလာပွဲကံကောင်း လို့ မပျက်တယ်၊ ဒီလိုလူမျိုး လွှတ်ထားလို့မဖြစ်ဘူး ထင်တယ်"

ပုလိပ်အရာရှိက မှတ်စုစာအုပ်၌ရေးရန် ဖောင်တိန် ပင် အသင့်ရွယ်ကာ "ခင်ဗျားနာမည်"ဟု ပြောပြန်လေ၏။

သူက အနည်းငယ်ခြောက်သွေ့စပြုလာသဖြင့် လိမ်ကွေ့ကာ နဖူးပေါ်ဝဲပျံ့ကျလာသော ဆံပင်ကိုသပ်တင် ရင်း ကျွန်မကိုကြည့်၍ ပြုံးပါသည်။ "သုံးခါရှိပြီထင်တယ် နော် အေး"ဟု တိုးတိုးပြောကာ ရယ်လိုက်ပြန်ပါသည်။ ပြီးတော့ "ကျွန်တော့်နာမည် ဘာလို့မေးနေတာလဲ၊ ဘာလိုလို့လဲ၊ ရေနစ်နေတဲ့ကလေးကိုဆယ်တာ ပြစ်မှုလုပ် ဦးမလို့လား၊ ခင်ဗျားတို့ မင်္ဂလာဆောင်ကြီး မလုပ်ရတော့ ကော ဘာဖြစ်သွားမှာလဲဗျာ၊ လူ့အသက်က ပိုအဖိုးမတန် ဘူးလား"ဟု ပြောလေ၏။

ဝတ်ကောင်းစားလှနှင့် လူကြီးက မျက်နှာများနီရဲ၍ နှာခေါင်းပွလာအောင် စိတ်ဆိုးလေ၏။ "ဒီမှာ ခင်ဗျား"ဟု ပုလိပ်အရာရှိကို ရိုရိုသေသေ ပြောလေ၏။ "ဒီလူကို မှတ်ပုံတင်ကတ်ပြားမရှိမှုနဲ့ ဖမ်းလို့မရဘူးလား၊ ဒါမှမဟုတ် ပြည်သူ့ငြိမ်းချမ်းရေး ဖျက်ဆီးမှု၊ ဒါမှမဟုတ် (အလွန်ပီသ

စွာ ပြောလိုက်သည်) ရဲအရာရှိကို ဆန့်ကျင်မှု၊ ခုခံမှုနဲ့”

ပုလိပ်အရာရှိက “အင်း...”ဟုဆိုကာ ဖောင်တိန်အဖုံးကိုကိုက်၍ စဉ်းစားနေဆဲ၊ ဝတ်ကောင်းစားလှနှင့်လူကြီးက ကျွန်မကို ပြောလေ၏။

“ဒီမှာဒေါက်တာ ဒီလူ စိတ်မနှံ့ဘူးဆိုရင် ဘယ်သူ့ကိုမှ ဒီ့ထက်ပို အန္တရာယ်မပေးခင် စိတ်ကျန်းမာရေး ဆေးရုံတို့ ဘာတို့ ခေါ်သွားဖို့ မကောင်းဘူးလား၊ ဒါ ဆရာဝန်တိုင်းရဲ့တာဝန် မဟုတ်ဘူးလား”

သူကဝင်ကာ အသံမာလာကာ “ဆရာဝန်ရဲ့တာဝန်ကို ဒေါက်တာက ခင်ဗျားထက် ပိုသိပါလိမ့်မယ်”ဟု ပြောသည်။

ကျွန်မက ပြောပါသည်။ “အကောင်းဆုံးကတော့ သူဟာ အိမ်ပြန်ပြီး အဝတ်အစားလဲဖို့လိုပါတယ်၊ နွေးနွေးထွေးထွေး နားနေရပါမယ်၊ သူ ရေသိပ်မွန်းဟန်တော့ မတူပါဘူး၊ အဆုတ်ထဲ ရေသိပ်ဝင်မိဟန် မတူပါဘူး”

ဝတ်ကောင်းစားလှနှင့်လူက “သူ့ကို ဆေးရုံပို့လောက်စရာ ဘာမှမဖြစ်ဘူးပေါ့”

“အသေအချာကြီးတော့လည်း ဘယ်ပြောနိုင်ပါ့မလဲရှင်၊ သူ့ကို နည်းနည်းတော့ စောင့်ကြည့်နေရမှာပေါ့”

“ဘာပဲဖြစ်ဖြစ်လေ ထောင်ထဲမှာလည်း ဆရာဝန်ရှိတာပဲ”

ပုလိပ်အရာရှိက “ခင်ဗျားနာမည်”ဟု ထွက်သွားပြီးမှ ကမန်းကတန်း “အေးလေ ဌာနာကျမှ ခင်ဗျားနာမည်

ပြောချင်လည်းပြောတာပေါ့၊ မပြောချင်လည်း ပြောအောင် လုပ်ရမှာပေါ့”ဟု ပြောသည်။

ထို့ကြောင့် ကျွန်မက သူ့ရဲ့နာမည်နှင့် အလုပ် အကိုင်ကိုပါ ပြောလိုက်ပါသည်။ ကျွန်မရဲ့ ဆွေမျိုးတော် ကြောင်းလည်း ပြောလိုက်ပါသည်။ ဒါ အရေးကြီးသည်။ ရှိသေဖွယ်ဟု ထင်ကြလိမ့်မည်။ သူက မကန့်ကွက်ပါ။ ခေါင်းမှ သွေ့ခြောက်လာသော ဆံပင်များကို ဖြီးသင်ချင် ဟန်ဖြင့်သာ ရှပ်အင်္ကျီအိတ်ထဲ၌ ဘီးကိုရှာပါသည်။ အိတ် ထဲမှ လှပသေးငယ်သော ငွေကွပ်ပန်းဖောက် ဆင်စွယ်ဘီး ကလေး ထွက်လာပါသည်။

ပုပင်တတ်သော မိန်းမငယ်က “သူ့ကို ဖမ်းစရာ တော့လည်း လိုမယ်မထင်ပါဘူး အစ်ကိုကြီးရယ်၊ ပန်းချီ ဆရာဆိုတော့ ပန်းချီအသင်းတွေ၊ အနုပညာအသင်းတွေက စကားထများတတ်တယ်”

မိန်းမဝဝက “စောစောကတော့ ပြောနေသံကြား တာပဲ၊ ခင်ခင်ဝိုင်းနဲ့ သူငယ်ချင်းမို့ ဖိတ်စာရလားဆိုလား”

ဝတ်ကောင်းစားလှနှင့် လူကြီးက နှာခေါင်းပွနေ ခြင်း အနည်းငယ်ငြိမ်သွားပြီးမှ ပြန်၍ပွလာပြန်ကာ “ဘာပဲ ဖြစ်ဖြစ် ခင်ခင်ဝိုင်းကတော့ သူ့သမီးမင်္ဂလာဆောင်ကို ပျက်အောင် နှောင့်ယှက်တဲ့လူကို ဘယ်နည်းနဲ့မှ ချမ်းသာ ပေးချင်မှာ မဟုတ်ဘူး၊ ငါကိုယ်တိုင်ကလည်း ဒီလိုလူ့ အပြင်ဘက် လူမျိုးကို သည်းမခံနိုင်ဘူး၊ အနုပညာသည် ဆိုတဲ့ သတ္တဝါတွေကော ငါက ကြောက်ရမှာလား၊

ခြူးပြားမှ မကပ်တဲ့လူစားတွေ၊ ပြီးတော့ သူ့လိုသဘော ထားမျိုးနဲ့ကောင်တွေချည်း ရှိတော့မပေါ့၊ သူ့ကို နေဦး အချုပ်ခန်းထဲ တစ်လလောက်တော့ နေခိုင်းလိုက်ချင်သေး တယ်၊ မှတ်လောက်သားလောက်”

သူက သစ်ပင်ကိုမှီထိုင်နေရာမှ ထလိုက်ပြီး လန် သွားသောစောင်ပြာကို တင်းအောင်ဆွဲခြုံလိုက်လေ၏။ “ကဲ သွားချင်လည်း သွားကြအောင် ချမ်းလှပြီဗျာ”ဟု ပြောလိုက် လေ၏။ မိန်းမအငယ်က “သူ့ဖို့ အဝတ်ခြောက်တစ်စုံ ကျွန်မ သွားရှာလိုက်ဦးမယ်”ဟု ဆိုလေ၏။ မိန်းမဝဝက “ဟိုအခန်းပိုလေးထဲ အရင်ခေါ်သွားကြဦးစို့”ဟု အကြံ ပေး၏။ စပို့ရှပ်နှင့်လူငယ်က ရှထားသောလက်များကို ကြင်နာစွာကြည့်ဆဲ ကျွန်မသိကျွမ်းသော လူအနည်းငယ် သည် မင်္ဂလာပွဲဘက်သို့ စကားငြင်းခုံရင်း ပြန်ကြသည်။ ပုလိပ်အရာရှိက ဖောင်တိန်ပင်ကို အင်္ကျီအိတ်၌ချိတ်၍ မှတ်စုစာအုပ်ကို ဘောင်းဘီအိတ်တွင်းသို့ ထည့်လေ၏။

သူက ကျွန်မကို နှုတ်ဆက်ပါသည်။ “ကဲ သွားမယ်၊ အေးနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ ပြောစရာတွေတော့ ကျန်သေးတယ် အေးရဲ့”

“ပြန်တွေ့ကြဦးမှာပေါ့”ဟု ကျွန်မက ပြောလိုက် ပါသည်။

■

# အပြင်ကာလူ - ၂

## အော်းရဲ့ ဖွင့်ဟဝန်ခံချက်

# အမှာစာ

“အပြင်ကလူ ၂၊ အေးရဲ့ ဖွင့်ဟဝန်ခံချက်” ကို ဖတ်ရသည့်အခါ ဓာတ်ကောင်သုံးယောက်တို့ကို အမြင်တစ်မျိုးဖြင့် မြင်နိုင်လိမ့်မည်။ ကိုနှင်းနွယ်ရဲ့ နာမည်ကို စာဖတ်သူတို့ သိလာရပြီ။ သူသည် ငယ်ရွယ်ဆဲ၊ နုနယ်ဆဲ၊ စိတ်ကူးယဉ်ဆဲ ရှိနေသည်လို့ ဆုံးဖြတ်မယ်ထင်ပါသည်။ နုနုသည် မျက်နှာဖုံး တပ်ဆင်လေ့ရှိပြီး သူ့ဒဏ္ဍာရီနှင့် နေထိုင်ဆဲ၊ အေးက လူ့ဘဝမှာ သုခ၊ ဒုက္ခဝေဒနာနှင့် အတွေ့အကြုံကို ခံစားရသူအဖြစ် ကြီးရင့်လာခွင့်ရှိခဲ့သည်။

ဓာတ်ကောင်သုံးယောက်ကို ပထမအမြင်နဲ့မတူတော့ဘဲ တစ်မျိုးထူးခြားပြောင်းလဲနေသည်ကိုမြင်၍ အံ့အားသင့်သူ၊ မကြိုက်သူ၊ လက်မခံချင်သူလည်း ရှိပေလိမ့်မည်။ ထင်ရှားလာသော တြိဂံမှာ ဘယ်ထောင့်သည် အမှန်တရားနှင့် နီးစပ်ပါသလဲလို့လည်း စေ့ငုလာက စေ့ငုနိုင်သည်။ (တစ်ဖန် ‘အပြင်ကလူ–၃’ ပေါ်လာပြီး ယခု ယုံကြည်ထားသော ရုပ်ပုံများပျက်ပြယ်ကာ အားလုံးပစ်လိုက်ရမည်လားလို့လည်း စိုးရိမ်နိုင်သည်) သို့သော် ဓာတ်ကောင်သုံးယောက်သည် လူအားလုံးလိုပင် ပတ်ဝန်းကျင်စိုးမိုးသည်

ကို ခံယူပြီး ပြောင်းလဲတာမှန်သော်လည်း အတွင်းက အရင်းခံသဘာဝကတော့ ရာခိုင်နှုန်းပြည့် ပြောင်းလဲခြင်းဟာ မတတ်နိုင်သည်ကို မြင်နိုင်သည်ထင်ပါသည်။

ထို့ကြောင့် သူတို့ကို နောင်ကာလမှာ အမြင်တစ်မျိုးနဲ့ ထပ်မြင်ပြီး သူတို့အားလုံး ပြောင်းလဲနေသလို ဖြစ်ပေါ်လာနိုင်သေးသော်လည်း သူတို့ရဲ့ မွေးကတည်းကပါလာသည့် ကိုယ်ပိုင်သတ္တိကတော့ ပြောင်းလဲနေသည်ကို တွေ့လိမ့်မည်မဟုတ်ပါ။

စာရေးသူအနေနှင့် ဝန်ခံချင်သည်မှာ မဆန်းလှပါ။ ဒီဝတ္ထုထဲမှ ဇာတ်ကောင်များသည် ကျွန်မ၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် စိတ်ကူးကို ပေါင်းစပ်လိုက်ရာမှ ဖြစ်ပေါ်လာသူများ ဖြစ်သည်ဆိုတာပင်။ ဘယ်သူ့ကိုမှ နစ်နာစေလိုခြင်း၊ မြှောက်စားချီးကျူးလိုခြင်း အရင်းမခံပါ။

သို့သော် အနုပညာတစ်ရပ်ကို ဖန်တီးဖို့ကြိုးပမ်းရာမှာ ပန်းချီဆွဲသည်ဖြစ်စေ၊ ပန်းပုထုသည်ဖြစ်စေ၊ ဇာတ်ပွဲကသည်ဖြစ်စေ ဂီတပြုသည်ဖြစ်စေ၊ စာရေးသည်ဖြစ်စေ၊ ပညာသည်သည် သူ၌ ဘဝအတွေ့အကြုံက အမှတ်အသားထင်ရစ်သည်ကို ခေါင်းတွင်းဦးနှောက်မှ လှပကွန့်မြူးလာသည့် ရောင်ခြည်အဖြစ် သွန်အန်လိုက်ခြင်းဖြစ်သည် ဆိုနိုင်သည်။ ထို့ကြောင့် ပညာသည် ပါဝင်နေထိုင်သောသုံးပါးသောလောကမှ အတွေ့အကြုံတို့သည် သူ့အနုပညာရပ်မှ အကောင်အထည်ပေါ်နေမှာ အမှန်။ လူက လူ့အကြောင်း ဖွဲ့နွဲ့ရာမှာ လူအများက တို့ဟာ ဒီအထဲက

ဇာတ်ဆောင်တွေပဲလားလို့ စုံစမ်းချင်တယ်ဆိုရင် စာရေးသူ အဖို့ အောင်မြင်သည်။ စိတ်ကြီးဝင်စရာပင်ဖြစ်သည် ဆိုရမည်။

အပြင်ကလူ – ၁ နှင့် ၂ ကြားမှာ နှစ်ပေါင်းများစွာ ခြားခဲ့သည့်အတွက် အခက်အခဲ နည်းနည်းရင်ဆိုင်ရသည်။ အထူးသဖြင့် ဇာတ်ကောင်သုံးယောက်ကို အမြင်တစ်မျိုးဖြင့် မြင်စေချင်သည်မို့ ပိုခက်သည်။ အပြင်ကလူ – ၂ ကို သုံးလေးခါရေးပြီး ရေးထားသမျှအားလုံးကို စုပေါင်းပြီး တစ်ဖန်မလိုအပ်သည်ကို ဖယ်ထုတ်စွန့်ပစ်ရပြန်ပါသည်။ စာဖတ်သူကို ရိုသေသည့်သဘောဖြင့် ကလေးပုံပြင်လို မဖြစ်စေချင်သောကြောင့် ဖြစ်ပါသည်။

"အပြင်ကလူ – ၂၊ အေးရဲ့ ဖွင့်ဟဝန်ခံချက်"သည် အနည်းဆုံး ဖတ်နေဆဲတော့ စာဖတ်သူကို ဖြေဖျော်နိုင်သားပဲဟု ယုံကြည်လျှင် ကျွန်မ ကျေနပ်ပါသည်။

ကြည်အေး
(၁၆–၆–၉၇)

ဆင်ဆိုသည်မှာ ဘာနှင့်တူပါသလဲဆိုသည်ကို ဖြေဖို့ စုံစမ်းကြသော မျက်မမြင်ပုဏ္ဏားခြောက်ယောက်လိုပင် လူတိုင်းသည် ကိုယ့်အသိဉာဏ်၊ ပညာအရည်အချင်းနှင့် ဘဝအတွေ့အကြုံကို အားကိုးပြုပြီး မေးခွန်းများစွာရဲ့ အဖြေကိုရှာကြရသည်။

သူနှင့် အေး အင်းလျားလိပ်ပ်ဟိုတယ်မှာ တွေ့ကြပြီ။ ကောင်းစွာရိပ်မိသည်တစ်ခုမှာ သူ ကိုနှင်းနွယ်အဖို့ လူ့ဘဝရဲ့တစ်ခဏမျှဖြစ်စေ အရေးကြီးသော မေးခွန်းတစ်ခုမှာ နုနုဖြစ်ပြီး၊ ကျွန်မ အေးအဖို့လည်း လူ့ဘဝရဲ့ အမြဲလိုလို အရေးကြီးသော မေးခွန်းတစ်ခုဟာ နုနုပင်ဖြစ်ခဲ့သည်။ နုနုသည် သူ့ရဲ့ အတိတ်ဖြစ်သွားပြီး သည်ဟာသည် မဟာကွာခြားချက်ကြီးပင်။ သူ ဒါကို ကျွန်မကိုပြောပြဖို့ ဆိုပြီး ဆိုသည့်အတိုင်း ပြောပြခဲ့ပြီဖြစ်လေတော့ သူ ကံကောင်းသည်မှာ အမှန်ပင်။ သူနဲ့ နုနုပုံပြင် ပြီးဆုံးလေပြီ။

သို့သော် ကျွန်မရဲ့ ဆက်လက်ဖြစ်ပျက်ဆဲ နုနုပုံပြင်နှင့် ဘယ်လောက်များ ကွာခြားနိုင်ပါလိမ့်။ ပြီးတော့

ကျွန်မ နုနုပုံပြင်ကို နားလည်လက်ခံဖို့ရာ ကျွန်မကို အရင်နားထောင်ရလိမ့်မယ်ထင်သည်။

မျက်မမြင်ပုဏ္ဏားများလိုပင် သူ့ရဲ့ဆင်သည် ယပ်တောင်နှင့်တူဆဲ ကျွန်မရဲ့ဆင်က ကြိုးခွေနဲ့တူတော့သည်။ သူက ဆင်ရဲ့နားရွက်ကို စမ်းမိပြီး ကျွန်မက အမြီးစမ်းမိသည်ကို အခြားသော မျက်မမြင်ပုဏ္ဏားများက စမ်းမိသမျှကို ပြောကြလိမ့်မည်။ ဆင်ဟာ သစ်ပင်နဲ့တူသည်၊ ဆင်ဟာ နံရံကြီးနဲ့တူသည် စသည်ဖြင့်ပေါ့၊ ဘယ်လောက် ပြက်ချော်သော အမြင်များပါလိမ့်။

သို့သော် ပုဏ္ဏားအားလုံးပင် တစ်ဝက်တစ်ပျက် မှန်ကန်လေသည်။ ပုဏ္ဏား ၆ ယောက်လုံးရဲ့အမြင်ကို ပေါင်းလိုက်လျှင် ဆင်တစ်ကောင်၏သဏ္ဍာ မှန်ကန်စွာဖြစ်လာနိုင်သည်။ ဒီတော့ ကိုနှင်းနွယ်နဲ့ အေးတို့ရဲ့ နုနုပုံပြင် ၂–ခုကို ပေါင်းလိုက်လျှင် ပုံပြင်အမှန် ပေါ်လာဖို့အကြောင်း ရှိပါသည်။

ကိုနှင်းနွယ်အဆိုအရ သူနှင့် နုနုတို့ရဲ့ လင်မယားဘဝသည် အချစ်ဖြင့်စသော်လည်း အသွင်မတူကြသဖြင့် သုံးနှစ်ခွဲသာခံသည်။ ထို တိုတောင်းသောကာလအတွင်းမှာလည်း မပျော်ရွှင်ကြ၊ ဘဝမှာ သူတို့ အလိုရှိကြပုံချင်း မတူကြ။ နုက သာမန်မိန်းကလေး၊ သူက ပန်းချီဆွဲခြင်း တစ်ခုနောက်ပဲ ကောက်ကောက်လိုက်မည့်သူ၊ နုနုက သူ့လို အဆင်းရဲမခံနိုင်၊ ကျွန်တော့်အပြစ်သက်သက်ပါပဲလို့ သူက တာဝန်ယူခဲ့ပါသည်။

သူ နုနုကို ချစ်တယ်တဲ့။ သူသည် အချစ်အိပ်မက် မက်တတ်သူ၊ စိတ်ကူးသိပ်ယဉ်သူဆိုတာ ကျွန်မ အသိဆုံး၊ သူ နုနုကို ခိုးပြေးတော့ ၁၈ နှစ်တောင် မပြည့်သေး၊ သူ နုနုကို တကယ်ချစ်ခဲ့သည် ကျွန်မ မထင်ပါ။

နုနုကတော့ သူ့ကို တကယ်ချစ်ခဲ့သလား၊ နုနုကို ကျွန်မ ရင်းနှီးစွာသိခဲ့ရသည်။ နုနုကို ကျွန်မ ပိုပြီးသိခဲ့သည်မှာအမှန်။ ညီအစ်မနှစ်ဝမ်းကွဲ။ အင်းလျားဆောင်မှာ တစ်ခန်းထဲ သုံးနှစ်နေခဲ့သူ။ ကျွန်မအိမ်မှာ ဆယ်နှစ်ကျော် လာနေခဲ့သူ။ ထိုအတောအတွင်း ကျွန်မ ဘင်တန်ဆောင်မှာ၊ ပြီးတော့ အင်္ဂလန်မှာ နေခဲ့သဖြင့် နုနုတို့သားအမိနဲ့ တကယ် အတူနေခဲ့ရသည် မဟုတ်သော်လည်း နုနုနှင့် ကျွန်မ မခွဲခွာကြသေး၊ ဆက်စပ်နေဆဲ။

ကိုနှင်းနွယ် မသိတာတွေ အများကြီးရှိသည်လို့ ကျွန်မ ဆုံးဖြတ်ချက်ချခဲ့သည်။ လက်ထပ်ပွဲမှာ သူပြောသည့် ပုံပြင်အရ နုနုသည် ငယ်ရွယ်လှသော လူ့ဘဝမှာ သက်သောင့်သက်သာ နေချင်တတ်သော၊ တခြားဘာမှ စိတ်မဝင်စားတတ်သော သာမန်မိန်းကလေးမျှသာဖြစ်သည်။ ကျွန်မ သိသည်မှာ နုနုသည် အမှန်က ကိုနှင်းနွယ်ထက် ငါးနှစ်ကြီးပြီး သူနှင့်လိုက်ပြေးတော့ နှစ်ဆယ့်သုံးနှစ်ကျော် ရှိလေပြီ။ လူလားမြောက်အရွယ်ရောက်ခဲ့သော မိန်းမတစ်ယောက်ဖြစ်ပြီ။ ဒါကတော့ ကိုနှင်းနွယ် မသိတာတွေအများကြီး ထဲက ပထမဆုံး ဥပမာပေါ့။

နုနုက သူ့ကိုချစ်သလား၊ နုနု ဘာစိတ်ကူးပေါက်

ပြီး သူ့ကိုချစ်ပါတယ်ဆိုပြီး အင်းလျားဆောင်ကထွက် သူ့နောက်လိုက်သည့်ကိစ္စကို ကျွန်မတစ်သက်လုံး အံ့သြလို့မဆုံး၊ နားမလည်နိုင်လို့ မဆုံးသည်မှာ ယခုထိပင်။ နုနုကလည်း ဘယ်သူ့ကိုမှ ဖွင့်ပြောလိမ့်မည်မဟုတ်။ နုနုကို ကျွန်မ ကောင်းစွာသိခဲ့လေပြီ။ ကျွန်မပြောမည့် နုနုပုံပြင်သည် ကိုနှင်းနွယ်ရဲ့ ပုံပြင်နဲ့ အများကြီးကွာခြားလိမ့်မည်။ ကြားရသူတို့ အလွန်အံ့အားသင့်လိမ့်မည်။

ကိုနှင်းနွယ်ပဲ မှားသလား၊ ကျွန်မပဲ မှားသလား၊ ကျွန်မတို့နှစ်ယောက်လုံး နည်းနည်းစီတော့ မှန်ကောင်းပါရဲ့ဟုသာ ကျွန်မ မျှော်လင့်ဆုတောင်းပါသည်။

❐

အင်းလျားလိပ်ဟိုတယ်က လက်ထပ်ပွဲမှာ သူနှင့် ကျွန်မ တွေ့ကြပြီး ခွဲခွာကြသည့်အခါ သူပြောခဲ့သည်မှာ...

"အေးနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ"

သူ့ရဲ့မျက်လုံးများ စူးရှတောက်ပြောင်နေပါသည်။ သူ့ရဲ့ဆံပင်များလည်း ခြောက်သွေ့စပြုလာပြီ။ သူ့ရဲ့ခေါင်းမာသော ဆံပင်ခွေသည် နဖူးပေါ်ကျလာပြန်သည်။ သူ့ရဲ့ အမြဲပြုံးနေတတ်သော မျက်နှာသည် ပြာနှမ်းရာမှ အနီရောင်သွေးရောင်လျှမ်းလာပြီး ကြည့်လို့ကောင်းလာပါသည်။

"အေးနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ ပြောစရာတွေတော့ ကျန်သေးတယ် အေးရဲ့"

"ပြန်တွေ့ကြဦးမှာပေါ့"ဟု ကျွန်မက ပြောလိုက်ပါသည်။

ဒီလောက်မြန်မြန်ကြီး ပြန်တွေ့မည်လို့တော့ မထင်ခဲ့ပါ။ ဟုတ်ပါသည်။ သူ အဆုတ်ထဲရေဝင်ပြီး ဖျားနိုင်တာ၊ ဆေးရုံကိုခေါ်ခဲ့ဖို့ကောင်းတာ၊ နောက်ကျပြီး သတိရခဲ့တာ အမှန်၊ သတိရတော့ သူ လျင်မြန်စွာ ထွက်ခွာသွားလေ

ပြီ။ သူ စောင်းဦးဘသန်းတို့ လူသိုက်ထဲဝင်သွားတာ မြင်လိုက်ပြီး သူ ဘယ်မှာတည်းပါလိမ့်၊ ဘယ်လောက်ကြာကြာ ရန်ကုန်မှာ နေဦးမှာလဲ၊ သူ့အိမ်က ကလောမှာ ဆိုထင်ပါရဲ့ စသဖြင့် တစ်ဆက်တည်းတွေးခဲ့ပြီး သူ့ဘဝ သူကျောင်းလိမ့်မည်ဆိုကာ အဆုံးသတ်ရသည်။ သူ့ကို ကျွန်မ စိတ်ဆိုးဆဲပင်၊ သူ့ကို စိမ်းကားဝေးကွာစွာ စကားပြောခဲ့သည်။ သူနဲ့နုနုအကြောင်း စိတ်ကူးယဉ်ယဉ်နဲ့ ဖွဲ့နွဲ့ခဲ့တာကို ပြုံးပြီးသာ နားထောင်ခဲ့ပါသည်။ သူ့စကား သူယုံနေသမျှ သူစိတ်အေးချမ်းလိမ့်မည်။ အေးချမ်းပါစေတော့ဟုသာ စိတ်ထားခဲ့သည်။ သူက ပြောစရာတွေ ကျန်သေးတယ်ဆိုတာကိုတော့ နားမလည်လှ၊ သူ့နုနုရဲ့ ပုံပြင် ပြီးသွားပြီ၊ ဘာပြောစရာကျန်ပါသေးသလဲ။

နှစ်ရက်အတွင်း ပြန်တွေ့ကြသည်မှာ ကျွန်မရဲ့ ဆေးရုံမှာ သူ အဆုတ်ရောင်ရောဂါနှင့် လာတက်သည့်ည ဖြစ်၏။ ညတာဝန်ကျသော လက်ထောက်ဆရာဝန်က ကျွန်မကို ဖုန်းဆက်ပါသည်။

"မမ မအိပ်သေးပါဘူးနော်၊ လူနာက မမနဲ့ခင်တယ်၊ ဆွေမျိုးတော်တယ်ဆိုတယ်၊ ချောင်းဆိုးရင် သွေးပါပါခဲ့တယ်ဆိုလို့ မမကို မခေါ်ရင် စိတ်ဆိုးမှာစိုးလို့ ခေါ်တာပါ၊ သူက ဒေါက်တာဒေါ်သင်းအေးနဲ့ စကားပြောချင်တယ်တဲ့၊ နည်းနည်းသက်သာရင် မိုးလင်းလင်းချင်းလည်း ဆင်းချင်တယ်တဲ့၊ ကျွန်တော်လည်း ဘာလုပ်ရမယ်မသိတာ အမှန်တဲ့၊ လူက ခေါင်းခပ်မာမာပဲ" စသဖြင့် တောက်

လျှောက်ပြောသည်။ အဖျားတော့ကျသွားပြီတဲ့၊ ချောင်းဆိုးလည်း သွေးမပါတော့၊ ဆေးရုံမတက်ခင် အပြင်မှာ ဆရာဝန်နဲ့ ဆေးထိုးနေပြီး ချောင်းဆိုးရာမှ သွေးပါလာသဖြင့် ဆေးရုံတက်ရခြင်းဖြစ်သည်။ ရေနစ်စဉ်က အဆုတ်ထဲရေဝင်ပြီး ရောင်လာတာဖြစ်သည်။

ပထမ ကျွန်မ သတိရသည်မှာ နုနုအိမ်မှာမရှိ၊ နုနုတို့ မော်လမြိုင်ရောက်နေတာ သုံးလကျော်တာပင်၊ နုနုသား ကျောင်းမပိတ်ခင်ကတည်းက နုနုရဲ့ဖခင် ဦးလေးကြိုင် အိပ်ရာထဲ နောက်ဆုံးလဲသည်မို့ ပြန်ကြရသည်။ သူတို့ မော်လမြိုင်မှာ ဆက်နေကြဖို့ရှိသည်ထင်သည်။ နုနု အလုပ်ပြောင်းလုပ်ချင်မလားမသိ၊ သူ့သားကို ရန်ကုန်မှာ ကျောင်းအိပ်ကျောင်းစား ထားဖို့လည်း စိတ်ကူးသည်တဲ့။ သူ့အဖေဘက် မောင်ဝမ်းကွဲကိုလေးကလည်း မော်လမြိုင်မှာ ကားဝပ်ရှော့ဆိုင်ခွဲဖွင့်ပြီး နုနုရဲ့ မိဘများကို စောင့်ရှောက်နေခဲ့ပြီ။

ကျွန်မ လက်ထပ်ပွဲက ပြန်လာသည်။ တနင်္ဂနွေနေ့က နုနုကို ဖုန်းဆက်ပြီး ကိုနှင်းနွယ်နဲ့ တွေ့ခဲ့ရပုံကို ပြောပြခဲ့သေးသည်။

"နုနု မဝိုင်းသမီး လက်ထပ်တာ သိတယ်မဟုတ်လား"

"သိတယ်လေ၊ မဝိုင်းတို့က သိပ်ချမ်းသာနေတော့ အရမ်းအကျယ်ချဲ့တော့မယ်ဆိုတာ ကြားပြီးသား၊ ပြောပါဦး၊ ပြောပါဦး မဝိုင်းက မင်္ဂလာဆောင်မှာဝတ်ဖို့ သက်သက်

အမေရိကက စိန်တွေမှာတယ်ဆို၊ ယိုးဒယားက သစ်ခွပန်းတွေ လှိုင်နေတာဆို၊ မင်္ဂလာမဆောင်ခင် တစ်လလုံး ညတိုင်း လူတွေဖိတ်ပြီးကျွေး၊ အရက်တိုက်တာ အကြီးအကျယ်ဆို၊ ပိုက်ဆံအားတိုင်းဖြုန်းနေတာ အံ့ဩပါရဲ့၊ မနာလိုလို့ပြောတာ မဟုတ်ပါဘူး"

"လက်ထပ်ပွဲကို ကိုနှင်းနွယ်လာတယ်၊ ဘာမှပြောင်းမသွားဘူး၊ အရင်အတိုင်းပဲ၊ မနေ့တစ်နေ့ကမှပဲ တွေ့ခဲ့ရသေးသလိုပဲ"

နုနုက တိတ်ဆိတ်သွားပြီး "သူဘာကိစ္စ ရန်ကုန်လာတာလဲ၊ လက်ထပ်ပွဲလာချင်လို့သက်သက် မဟုတ်နိုင်ပါဘူး"

"စောင်းဦးဘသန်းနဲ့ တွေ့ချင်လို့ဆိုလား၊ ပြီးတော့..."

"ပြီးတော့..."

"ပြီးတော့ အေးကိုတွေ့ပြီး နုနုနဲ့သူ ဖြစ်ပျက်ခဲ့သမျှတွေ ပြောပြချင်တယ်ဆိုတယ်"

"အဟင်း... အဟင်း... သူ ဘာတွေပြောသလဲ" ဟု နုနုက စိုးရိမ်ကြောင့်ကြသံနှင့် မေးသည်။

"အခု တယ်လီဖုန်းပေါ်မှာ အကုန်ပြောလို့မရဘူး၊ နုနုနဲ့ တွေ့တော့မှ တစ်နေကုန်ထိုင်ပြောမယ်၊ ဘယ်တော့ ရန်ကုန်ပြန်လာမလဲ၊ ဦးလေးကြိုင်ကော မသက်သာသေးဘူးလား၊ ပြီးတော့ ပိုအရေးကြီးတာက သူ ရေကူးသန်ထဲ ကလေးတစ်ယောက်နစ်နေတာ ဆင်းဆယ်ရင်း သူပါနစ်

သွားတယ်၊ ရေလည်းမကူးတတ်ဘဲနဲ့ နုသိတဲ့အတိုင်း သူက စိတ်ကူးယဉ်သမား၊ သူ့စိတ်ကူးနဲ့ လုပ်ချင်ရာလုပ်တတ်တာ"

"အေး ပိုသိမှာပေါ့၊ မိတ်ဆွေဟောင်းကြီးပဲ"

ကျွန်မက ဂရုမစိုက်ဘဲ–

"အဲဒါ နု နောက်ဆုံးကြိုးစားတဲ့အနေနဲ့ သူ ဘယ်နေတယ်ဆိုတာ စုံစမ်းပြီး လိုက်သွားရင် မကောင်းဘူးလား၊ သူ ဖျားနာနေရင် ဘယ့်နှယ်လုပ်မလဲ"

နုနုက အလွန်စိတ်ဆိုးသွားပါသည်။

"အံ့သြပါရဲ့ အေးရဲ့၊ ပြောမှပြောတတ်တယ်၊ သူ့ကို ပစ်ထားခဲ့ပြီး နှစ်ဆယ်၊ ဆယ့်ငါးနှစ်အတွင်း တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မဆက်ဆံ၊ မပတ်သက်ခဲ့ဘဲ ခုမှ ဘာကြောင့်လိုက်ပြီး ဖျားများနေမလားလို့ ပူပင်ရမှာလဲ၊ အံ့သြပါရဲ့၊ သူ့ကို ဘယ်လောက်မေ့ထားတာတုံး နေပြီဆိုတာ မသိဘူးလား၊ အံ့သြပါရဲ့"

ဟု ထပ်တလဲလဲ အံ့သြနေပါသည်။

"မသိဘူးလေ၊ အေးကတော့ နု သူ့ကို စောင့်နေတုန်းပဲထင်တာ"

"အေး မသိတာ အများကြီးပဲ၊ ပြီးတော့ ဒီအရွယ်ကြီးအထိ စိတ်ကူးယဉ်တုန်းပဲ"ဟု နုနုက ဆိုပါသည်။

"အေးလေ၊ အေးက မြန်မာပြည်မှာ မရှိတာလည်း အကြာကြီးကို၊ အေးသိအောင် ပြောရဦးမယ်၊ နု ဖေဖေ့ဘက်က မောင်ဝမ်းကွဲ ကိုလေးနဲ့ လက်ထပ်ဖို့စီစဉ်ထား

တာကြာပြီ၊ ကိုလေးက နုကိုကြိုက်လိုက်တာ ရူးမတတ်ပဲ ဟဲဟဲ၊ သားသားကို ချော့နေရလို့ ခုလောက်ကြာနေတာ၊ ခု သားသားက ကျေနပ်သွားပါပြီ၊ ဒါပေမဲ့ ဖေဖေက ထပြီး အိပ်ရာထဲလဲပြန်တော့ တစ်ခါရွှေ့ရပြန်ရော၊ မေမေက ပြောတယ်၊ သမီး အသက် ခုမှ သုံးဆယ်ပြည့်ရုံရှိသေးတာ စောင့်လက်စနဲ့ ဆက်စောင့်လိုက်ပါဦးတဲ့၊ ဖေဖေကတော့ မသေခင် အခြေအနေကျသွားတာ မြင်ချင်တယ်တဲ့၊ ခပ်မြန်မြန် အကျဉ်းရုံးပြီး လုပ်ဖြစ်ချင်လည်း လုပ်ဖြစ်မယ်"

အမှန်က နုနုသည် အသက်လိမ်ပြောထားသဖြင့် ကျွန်မထက် တစ်နှစ်မျှငယ်နေသေးသည်။ နုနု ၃၇ နှစ်ကျော်ပြီ၊ ဒါပေမဲ့ သူ့မှသာဝါဒသည် ကျွန်မနှင့်မဆိုင်၊ သူ့တာဝန်သာ ဖြစ်လေသည်။

"နုတို့ ဥပဒေအရ ကွာရှင်းပြီးပြီလား"

"ကွာရှင်းပြီးပြီ"

"သူ အေးကိုမပြောဘူး၊ ဘယ်တုန်းကလဲ"

"လေးငါးနှစ်ရှိပြီ"ဟုပြောပြီး "ကျေနပ်ပြီလား"ဟု ထပ်ဆက်လိုက်ပါသည်။

"ဘာဖြစ်လို့ အေးက ကျေနပ်ရမှာလဲ၊ ဒါမှမဟုတ် မကျေမနပ် ဖြစ်ရမှာလဲ၊ နုနုနဲ့ ကိုနှင်းနွယ်ကိစ္စ အေးနဲ့ ဘာဆိုင်သလဲ"ဟု ကျွန်မက ပြောသည်ကို နုနုက တယ်လီဖုန်းပေါ်မှ ကျယ်လောင်စွာ ရယ်မောပါသည်။ သူရယ်မောလို့ မဆုံးနိုင်သည်မို့ ကျွန်မ သည်းမခံနိုင်တော့ဘဲ "ဘာဖြစ်လို့ ဒီလောက်ရယ်လို့ မပြီးနိုင်တာလဲ နု"ဟုမေးမိပါသည်။

နုနုက ဆက်လက်ရယ်မောနေသေးပြီ။

"အေးလေ နောက် စနေတနင်္ဂနွေမှာ ရန်ကုန်လာခဲ့မယ်၊ လေယာဉ်ပျံလက်မှတ် ဝယ်လို့ရကောင်းပါရဲ့၊ ပြီးတော့ ခုချက်ချင်းပဲ ဆုံးဖြတ်လိုက်ပြီ၊ ကိုလေးနဲ့မြန်မြန်လက်ထပ်လိုက်တော့မယ်၊ ဖေဖေလည်း အသေဖြောင့်အောင်၊ ဆန်စက်ကို သူ အုပ်ချုပ်လုပ်ကိုင်ပေးနေတာလည်းကြာပြီ၊ အားလုံး ကိစ္စရှင်းသွားမှာပေါ့၊ အေးတို့အိမ်မှာလာပြီး နေခွင့်ရတာတော့ ဘယ်တော့မှ ကျေးဇူးမမေ့ပါဘူး၊ ဖေဖေကလည်း သူမှားပါတယ်ဆိုတာ ခဏခဏပြောတာပဲ၊ သူ့သမီး သူများအိမ်မှာသွားနေရတာ သူ့အပြစ်ပါပဲလို့ဆိုတယ်၊ အေးနဲ့တွေ့တော့မှ ရှင်းစရာ၊ ပြောစရာတွေအများကြီးရှင်းရ၊ ပြောရဦးမယ်"

"ဘာတွေများလဲ နုရယ်"ဟု ကျွန်မ မေးမြန်းဆဲ–

"တွေ့တော့ သိမှာပေါ့၊ ဟားဟား"ဟု နုနုက ရယ်မောပြန်ပါသေးသည်။

"ဘယ်အချိန် လေယာဉ်ပျံကွင်းရောက်မှာလဲ၊ အေးလာကြိုမယ်လေ"

"မလိုပါဘူး"ဟု နုနုက မာနကြီးစွာပြောပါသည်။

"မသိဘူးလား၊ ကိုလေးက ရန်ကုန်မှာလည်း ကားဝပ်ရှော့ဆိုင်ခွဲတွေ ဖွင့်ထားတာ၊ သူ့ကားနဲ့ဒရိုင်ဘာလာကြိုလိမ့်မယ်၊ နုပစ္စည်း နည်းနည်းပါးပါးကျန်တာလာယူချင်လို့၊ အေးနဲ့ခဏတွေ့တော့ ပြောစရာရှိတာတွေလည်း ပြောရသေးတာပေါ့"

"နုတို့ တစ်ခါတည်း အပြီးပြောင်းပြီပေါ့"

"အေး မသိဘူးလား၊ ပစ္စည်းတွေ အကုန်နီးပါး ပြောင်းပြီးသား"

"အေးက အိမ်ပေါ်မှာပဲနေ၊ ဆေးရုံမှာချည်းပဲလည်း အချိန်ကုန်တော့ အောက်ထပ်မှာ နုနု ဘာလုပ်နေတယ် ဆိုတာ သိပ်မသိပါဘူး၊ မစပ်လည်း မစပ်စုချင်လို့မို့ နုနု စိတ်လွတ်လွတ်လပ်လပ်ရှိအောင်လို့ပါ"

"ကျေးဇူးပါပဲ ဆရာဝန်မကြီးရယ်"ဟု နုနုက ရယ်မောလိုက်သေးသည်။

"ပြန်တွေ့ကြသေးတာပေါ့"ဟု ကျွန်မက တိတ်ဆိတ်စွာပြောလျှင် နုနု ထပ်ရယ်မောပြီး ပြန်တွေ့ကြသေးတာပေါ့ဟု သဘောတူပါသည်။

နုနုနှင့်ကျွန်မ ကိုနှင်းနွယ်အကြောင်းကို ဒီတစ်ခါ ရင်ဆိုင်ပြီး ကျကျနန စကားပြောကြဖို့ရှိသည်။ သူတို့ ကွာရှင်းပြီးသားဆိုသည်ကိုလည်း ခုမှသိရပြီး ကိုနှင်းနွယ်က လက်ထပ်ပွဲမှာ ဘာမှမပြောခဲ့တာ သိရသေးတယ်၊ သူ မေ့သွားလို့ဖြစ်မှာပဲ၊ သူက ဥပဒေကိစ္စတွေဘာတွေ သိပ် ဂရုစိုက်တဲ့လူမဟုတ်၊ ကွာရှင်းတာထက် ခွဲခွာတာက ပို အရေးကြီးတာ ဖြစ်လိမ့်မည်။

နုနုနှင့် စကားပြောပြီး တနင်္ဂနွေတစ်ညလုံး ကျွန်မ ကောင်းကောင်းအိပ်မပျော်ဘဲ အိပ်မက်များဖြင့် ချောက်ချား နေသည်။ အိပ်မက်ထဲမှာ ကျွန်မတို့အားလုံး ငယ်ရွယ်သေး ပြီး အင်းလျားဆောင်ကနေ ကျောင်းတက်ကြမည့်အချိန်

ဖြစ်သည်။ ထိုပတ်ဝန်းကျင်ကို ကျွန်မ ခဏခဏ အိပ်မက်မက်တတ်လို့ ကျွန်မရဲ့ အတွင်းစိတ်က ဝိုးတိုးဝါးတား၊ တစ်ခါတစ်ရံ ပီသထင်လင်းစွာ အရိပ်အရောင်နှင့် အကောင်အထည်ပေါ်လာတတ်သည်။

ထိုည အိပ်မက်ထဲမှာ ကိုနှင်းနွယ်နှင့်တွေ့ပြီး ကျွန်မက "ဘာဖြစ်လို့ နုနုနဲ့ ကွာရှင်းတာ ပြောမပြတာလဲ" လို့ မေးနေသည်။ "သူ သိပ်မိုက်တာပဲ" လို့လည်း အပြစ်တင်နေသည်။ "သူရော အေးပါ သိပ်အတာပဲ" လို့လည်း ထပ်တလဲလဲ ပြောနေသည်။

နိုးလာလျှင် ကျွန်မဖတ်ခဲ့ရသော ဖရိုက်၏ အိပ်မက်များကို ဘာသာပြန်ခြင်းစာအုပ်အရ ကျွန်မ ညက အိပ်မက်ကို ဘာသာပြန်ဖို့ ကြိုးစားသော်လည်း သိပ်မသေချာပါ။

ပြီးတော့ ကိုနှင်းနွယ်ကို ဆေးရုံခေါ်ခဲ့ဖို့ကောင်းတယ်၊ သူ နမိုးနီးယားဖြစ်ရင် ဘယ့်နှယ်လုပ်မလဲ၊ သူ့ကိုယ်သူ ဂရုမစိုက်လို့ အဖျားပြင်းပြီး သေသွားရင် ဘယ့်နှယ်လုပ်မလဲ၊ သူသေသွားရင် အေး နောင်တရလို့ ဆုံးနိုင်မယ် မဟုတ်၊ သူ့ကို အေး စိတ်ဆိုးတာ၊ ခွင့်မလွှတ်တာ၊ စိမ်းကား စကားပြောတာသာ သူသိပြီး သေဆုံးသွားရရင် အေးတော့ ရူးမှာပဲ၊ သေချင်မှာပဲ။

သူဖျားရင် ဆေးရုံကြီးတော့ ရောက်လာရမှာပဲ၊ သည်လောက် သူ့ဘဝကို ဆိုးဆိုးဝါးဝါး အဖြစ်ခံအောင် မိုက်မဲသူတော့ မဟုတ်နိုင်၊ ဆေးရုံရောက်လာသည့် လူနာသစ်စာရင်းမှာ သူ့နာမည်ပါလာလေမလား။

တနင်္လာနေ့မှာ သူ့နာမည်မတွေ့။

အင်္ဂါနေ့ညမှ ဆေးရုံက ဖုန်းဆက်ခေါ်တော့သည်။

"မမ မအိပ်သေးပါဘူး"ဟု ကျွန်မက လက်ထောက်ဆရာဝန်ကို ပြောလိုက်ပါသည်။ ပြီးတော့ ဆေးရုံကို ချက်ချင်းလာခဲ့သည်။ လူနာကို ပြောထားစေချင်သည် ဆိုတာတွေ စီစဉ်ပြီး ထိုည ဆေးရုံမှာ အိပ်ဖြစ်ချင်ဖြစ်ဖို့ အတွက် စီစဉ်ပါသည်။ ကြောင်မလေး ပက်ပီကို အစာ သစ်စားဖို့ ရေသစ်သောက်ဖို့ ဖြည့်ရသည်။ ရေလဲရသည်။ ခြံစောင့်ဒရဝမ်ကို ရှင်းလင်းပြောပြရသည်။ မမ နက်ဖြန် ညမှ ပြန်လာနိုင်မယ်ထင်တယ်ဆိုတာ။

ကျွန်မရင်ထဲ တထိတ်ထိတ်ခုန်စွာ၊ လက်ဖျားများ တုန်စွာ မထင်မမှတ်မိဘဲ ကားကို လျင်မြန်စွာမောင်းခဲ့၊ ဆေးရုံသို့ ရောက်ခဲ့လျှင်တော့ သူလှေကားဝမှာ လာကြို နေသည်ကို မြင်ရ၏။ လက်ထောက်ဆရာဝန်က တစေ့ တစောင်းကြည့်ပြီး စောင့်နေပါသည်။ လှေကားမှ အပြေး တက်ခဲ့ပြီး "ဘာလို့ အိပ်ရာထဲ လှဲမနေနိုင်တာလဲ"ဟု ကြိမ်းမောင်းမိပါသည်။ ပြီးတော့ သူ့ကို လူနာအထူးကု ခန်းမှ ကျွန်မရုံးခန်းနှင့် ကပ်နေသော အခန်းနံပါတ်တစ် သို့ရွှေ့ဖို့ စီစဉ်ချင်သည်။

"စစ္စတာ၊ စစ္စတာ"

လက်ထောက်ဆရာဝန်နှင့် စစ္စတာတို့ အလုပ်များဆဲ ကျွန်မ သူ့ရဲ့ လူနာမှတ်တမ်းကို ဖတ်ရ၏။ သူဆေးရုံ မရောက်ခင် ရခဲ့သည့်ဆေး၊ အဖျားအပူချိန်၊ အသက်ရှူပုံ၊

နှလုံးနှင့် သွေးတိုးပုံတို့ကို လေ့လာရ၏။ သူ အဖျားကျသွားပြီ၊ ဓာတ်မှန်ကမူ အဆုတ်ရောင်၍ ရေဝင်ဟန်ကိုပြဆဲ၊ ရောဂါပိုးသတ်ဆေး၊ အိပ်ဆေးနှင့် ချောင်းဆိုးဆေးလည်း ပေးထားကြတော့ သူ အများကြီးသက်သာနေတာ သိရပါမည်။ ညနေက အစာလည်း နည်းနည်းဝင်ပြီတဲ့။

နာရီဝက်မျှ ကြာသွားပြီး သူလည်း အခန်းတစ်ထဲရောက်သင့်ပြီထင်ကာ ကျွန်မ ရုံးခန်းမှထွက်ခဲ့၏။ သူ့အိပ်ရာဘေးထိုင်မိလျှင်တော့ သူ အိပ်ပျော်သွားသည်ကို သိရ၏။ သူ့ရဲ့ ခေါင်းမာသော ဆံပင်ခွေသည် နဖူးပေါ်ကျနေမြဲပင်။ သေသေချာချာကြည့်တော့ သူ့မှာ ထိပ်ဖွေဆိုတာရှိပြီး နဖူးအထက်က ဆံပင်သည် ခွေရစ်၍ ပေါက်သည်မို့ နောက်ပြန်ဖြီးသပ်လို့ မရနိုင်တာ နားလည်ရသည်။ သူ့ရဲ့ ဖြောင့်တန်းသော နှာတံနှင့် သပ်ရပ်သော နှုတ်ခမ်းစုံများကို ပိုမိုသတိပြုမိကာ "လူချောပဲ"ဟု ခပ်ပြုံးပြုံးတွေးပါသည်။ သူ အိပ်ပျော်နေတော့ ကျွန်မ သက်သောင့်သက်သာစိတ်ထားနိုင်ပြီ၊ စိတ်ဆိုးခြင်းဖြင့် စိမ်းကားဝေးကွာဟန် ပြနေဖို့မရှိပါ။

သူနဲ့အေး ကောလိပ်ကို တစ်နှစ်တည်း ရောက်ခဲ့တာ၊ နှစ်ယောက်စလုံး ၁၅ နှစ်ကျော်ရှိသေးတော့ ကောလိပ်တက်ခွင့်ရဖို့ ကြိုးစားကြရမှာ ကျောင်းအုပ်ရုံးခန်းထဲမှာ တွေ့ပြီး သိကျွမ်းကြတာ သတိရနေသည်။ သူနဲ့ကျွန်မ နှစ်ယောက်လုံး ဂုဏ်ထူး ၂ ခုစီနှင့် မက်ထရစ်အောင်လာသူများဖြစ်တော့ စာဖတ်ဝါသနာပါသူ၊ ဂီတဝါသနာပါသူ

များဖြစ်တော့ စကားပြောလို့ကောင်းသည်။ သူက ပန်းချီဆရာဖြစ်ချင်သည်။ ကျွန်မကလည်း ဝါသနာပါသူ၊ ဒါပေမဲ့ ဆရာဝန်လိုင်း လိုက်ရမည်လို့ မိဘမရှိသော ကျွန်မကို အုပ်ချုပ်သောဒေါ်ကြီးက စီမံခဲ့လေပြီ။

သူက မန္တလေးသားမို့ အင်းဝဆောင်မှာ အခန်းရသည်။ ကျွန်မက ရန်ကုန်သူဖြစ်သော်လည်း ၆ မိုင်မှာနေလေတော့ အင်းလျားဆောင်မှာ အခန်းပေးရပြန်သည်။ ကျောင်းအုပ်ရုံးခန်းမှာ ၂ ခါ၊ ၃ ခါတွေ့ပြီး "ကျွန်တော်လာလည်မယ်နော် အေး"လို့ သူက ပိုင်စိုးပိုင်နင်း ပြောလိုက်သည်။ ဘယ်တော့မှ မသင်းအေးလို့မခေါ်ခဲ့၊ အမြဲတမ်း အေးပဲ၊ အေးက ကျွန်မလို့မပြောတတ်ဘဲ အေးလို့ကိုယ့်ကိုယ်ကိုယ် ခေါ်နေလို့လားတော့မသိ။

သူက ဖျတ်ခနဲ နိုးလာပါသည်။ အေး ငြိမ်သက်စွာထိုင်နေသည်ကိုမြင်ပြီး ပြုံးပြလိုက်ပါသည်။ သို့သော် ခေါင်းအုံးများဆင့်ထားသည်ကို မှီမြဲမှီနေရင်း "ကျွန်တော်အများကြီး နေကောင်းသွားပြီ၊ ဒါကြောင့် အေးကိုခေါ်ပေးပါလို့ ပြောရတာ၊ စိတ်မဆိုးပါဘူးနော်"ဟု မေးပါသည်။

"ကျွန်တော် မြန်မြန်လည်း ကလောပြန်ချင်တယ်၊ အေးနဲ့မတွေ့ရဘဲ မပြန်နိုင်လို့ အေးကိုခေါ်ခိုင်းရတာ"

"ကိစ္စမရှိပါဘူး"ဟု ကျွန်မက ခပ်ပြတ်ပြတ်ပြောစပြုပါသည်။

"အေးကို စောင့်နေရင်း ဘယ်လိုအိပ်ပျော်သွားမှန်းမသိဘူး၊ အိပ်ဆေးပေးထားတော့ တားလို့မရဘူး၊ နေလည်း

ကောင်းနေလို့ထင်ပါရဲ့၊ အသက်ရှူလည်း မကျပ်တော့ဘူး"

"ရင်ဘတ်မနာတော့ဘူးလား"

"မနာတော့ဘူး၊ ချောင်းဆိုလည်း သက်သာနေပြီ၊ မနက် ဆင်းလို့ရမလား"

"ရန်ကုန်မှာ ဆက်မနေချင်ဘူးလား"

"ဆက်နေစရာ အကြောင်းမှမရှိတာ"

"ဓာတ်မှန်က သိပ်မကောင်းသေးဘူး"ဟု ကျွန်မ ပြောလိုက်ပြီး ကျွန်မတို့ တိတ်ဆိတ်နေပါသည်။

ကျွန်မ အနည်းငယ် ဝမ်းနည်းလာပြီး လောကမှာ ငါတစ်ယောက်တည်းဆိုသည့်အတွေးများ ဝင်လာပါသည်။

"အေး အိပ်ပျက်နေပြီ"လို့ သူက စကားစပါသည်။

"ကျွန်မ သိပ်မအိပ်တတ်ပါဘူး၊ လုပ်စရာရှိတာပဲ နေ့ရောညပါ လုပ်နေတာပဲ၊ စာဖတ်၊ သီချင်းနားထောင်နေတာပဲ"

"လူနာတွေကိစ္စနဲ့ မအားဘူးပေါ့နော်၊ ကျွန်တော်က ခုတော့ အေးရဲ့လူနာပဲ"

"ဒါပေါ့ရှင်"လို့ ကျွန်မက စကားများများမပြောချင်ဟန်နှင့် ဆိုလိုက်ပြီး သူ့ကို အေးက စိတ်ဆိုးနေလျက်နဲ့ သေသွားမှာ ဘယ်လောက်ပူခဲ့တယ်ဆိုတာ သူဘယ်တော့မှ သိမယ်မဟုတ်၊ သိအောင်လည်း မပြောနိုင်၊ အင်အားမရှိ၊ သတ္တိမရှိ၊ ဘာကြောင့်များ လူ့ဘဝဟာ ရှုပ်ထွေးပွေလီနေပါလိမ့်ဟု သတိရသည်။

"ကျွန်တော်လည်း ဒီည ဘယ်လို ဒီဆေးရုံမှာ နေရမယ်ဆိုတာ မစဉ်းစားတတ်ဘူး၊ အိပ်ဆေးသောက်ပြီး လည်း ထပ်မအိပ်ချင်တော့ဘူး၊ စာအုပ်လည်းပါမလာဘူး၊ အေး အိမ်ပြန်ချင်ပြီလား"

"မပြန်သေးပါဘူး"

"အေး ဒီမှာထိုင်ပြီး ကျွန်တော်နဲ့ စကားပြောနေ ချင်မယ် မဟုတ်ပါဘူး၊ တကယ်ပါ၊ ကျွန်တော် သိပ်အား နာပါတယ်၊ အေး အိမ်ပြန်တော့လေ"

လို့ သူကပြောနေလျှင် သူ ဒီလိုပြောရက်တယ်ဟု ကျွန်မသည် စိတ် ထစ်ခနဲဆိုးပြီး "ဒီမှာ ကိုနှင်းနွယ်"လို့ ခေါ်လိုက်ပါသည်။

သူက မျက်လုံးများ စူးရှပြောင်လက်လာပြီး လက် နှစ်ဖက်ကိုပိုက်၍ သူ့ကိုယ်သူ ဖက်ထွေးလိုက်ကာ–

"အေးရယ် ဝမ်းသာလိုက်တာ၊ ကျွန်တော့်နာမည် ခေါ်တာ ပထမဆုံးကြားရတာ"

ကျွန်မက ဘာမှမပြောဘဲ နေပြန်တော့–

"တနင်္ဂနွေနေ့က တစ်ချိန်လုံး လက်ထပ်ပွဲမှာ ကျွန်တော်တို့ သူစိမ်းတွေလိုပဲ၊ အေးက ရှင်နဲ့ကျွန်မနဲ့ ပြောသံ စကားသံက စိမ်းကားလိုက်တာ၊ ကျွန်တော့်ကို သိပ်စိတ်ဆိုးနေတာသိပေမဲ့ စိတ်ဆိုးသင့်ပေမဲ့ ဒီလောက် အကြာကြီးတော့ မဆိုးသင့်ပါဘူး ထင်တာပဲ၊ အေးက နနကို တော်တော်ချစ်တာပဲ၊ နနအတွက် သိပ်နာတာပဲ"

ကျွန်မက ဘာမှမပြောဘဲနေဆဲ သူ ကျွန်မကို

စနေတာပဲလို့ တွေးနေဆဲ...

"ဒါပေမဲ့ အေးကို ကျွန်တော် ထပ်ပြောရဦးမယ်၊ ကျွန်တော့်ကို ရက်စက်တယ်၊ ရိုင်းစိုင်းတယ် ထင်ချင်ထင်ပါ၊ ကျွန်တော် နုနုကို စိတ်လုံးဝ မဝင်စားတော့ဘူး၊ သူ့ကို ခဏလေးနဲ့ စိတ်ပျက်ခဲ့ပြီး သူထွက်သွားတော့ တကယ်တော့ တစ်ခါမှ မလွမ်းခဲ့ မဆွေးခဲ့ သတိမရ၊ မတမ်းတနိုင်ခဲ့ပါဘူး၊ တမ်းတစရာမှမရှိတာ၊ တကယ်တော့ သူ့ကို ချစ်တယ်ဆိုတာတောင် ကိုယ့်ကိုယ်ကိုယ် လှည့်စားတဲ့စိတ်ပဲ ထင်ပါတယ်၊ အမှားလုပ်ခဲ့ပြီဆိုတာ ဝန်မခံချင်လို့ အမှန်ကို ငြင်းဆန်ခဲ့တဲ့စိတ်ပဲ ထင်ပါတယ်"

"ဩော်...ဟုတ်လား" ကျွန်မ စိတ်ဆိုးနေဆဲပင်။ "ဘယ်တုန်းက အဲဒီလို နိုးကြားသိမြင်လိုက်ပါလိမ့်ရှင်"ဟု မေးလိုက်ပါသည်။ "မင်္ဂလာဆောင်မှာ တွေ့တုန်းကတော့ တစ်မျိုးပါလား၊ ရှင် နုနုကို ကျေနပ်အောင် အများကြီး လုပ်ခဲ့တယ်မဟုတ်လား၊ အများကြီး သည်းခံခဲ့တယ်မဟုတ်လား၊ စာရေးတောင် ဝင်လုပ်သေးတယ်မဟုတ်လား၊ ဒီသားနဲ့ ဒီမယားနဲ့ တစ်သက်လုံး စွဲစွဲမြဲမြဲ နေတော့မယ်လို့ ကြိုးစားခဲ့တယ်မဟုတ်လား"

သူက အနည်းငယ်အံ့အားသင့်ပြီး တုံ့ဆိုင်းနေပြီး "အဲဒါတွေ ကျွန်တော်မလုပ်ခဲ့ရင် ကျွန်တော် လူကောင်းတစ်ယောက် ဘယ်ဖြစ်နိုင်ပါ့မလဲအေးရယ်၊ နုနု ကျွန်တော့်ကို ချစ်တယ်လည်းထင်တော့ သူ့အချစ်ကို ရိုသေထိုက်တယ်လည်း ထင်ပါတယ်၊ ကျွန်တော့်ကို ဘယ်သူ

တွေဘယ်လို စွပ်စွဲကြပေမဲ့ ကျွန်တော် ဘယ်သူ့ကိုမှ ရန်မပြုချင်တာ အရင်းခံအမှန်ပါ၊ ကျွန်တော့်ဘဝကို ကျွန်တော် ကြိုက်သလို နေတဲ့အဖြစ်မှာ ဘယ်သူမှ ပါဝင် ဒုက္ခရောက်စေဖို့ မလိုလားအပ်ပါဘူး၊ ကျွန်တော်ဟာ အိမ်နဲ့ရာနဲ့ သားနဲ့မယားနဲ့ နေထိုက်သူ မဟုတ်ထူးထင် ပါတယ်၊ အားလုံးဟာ ကျွန်တော့်အမှားပဲ၊ ကျွန်တော့် အပြစ်ပဲလို့ ထားပါလို့ ပြောပြီးပြီမဟုတ်လား၊ ဒါပေမဲ့ အေး သိစေချင်တာက ကျွန်တော် နုနုအပေါ် မေတ္တာလုံးလုံး မရှိနိုင်တာ ကြာပြီ၊ နှစ်များစွာကြာခဲ့ပြီ၊ လင်မယားဘဝနဲ့ ကိုယ်ခန္ဓာချင်းတောင် ကောင်းကောင်းမချစ်နိုင်ခဲ့ဘူး၊ မနော ချစ်ဆိုတာလည်းမရှိခဲ့၊ သူနဲ့ မဖြစ်နိုင်ဘူး၊ အဲဒီလိုပဲ ပြန် ပြန်တွေးတာပဲ”

ကျွန်မတို့သည် တိတ်ဆိတ်နေကြပြန်ပါသည်။ အပြင်မှ သူနာပြုဆရာမများ၊ အလုပ်သင်ဆရာဝန်များ တစ်ချက်တစ်ချက် ဖြတ်လျှောက်သွားခြင်းက ကျွန်မကို သတိရစေသည်။ သူနှင့် ကျွန်မသည် လူနာနှင့် ဆရာဝန် ဖြစ်ပြီး ကိုယ်ရေးကိုယ်တာကိစ္စများ၊ ဆေးရုံခန်း နံပါတ် တစ်မှာ ကြာရှည်ပြောနေကြဖို့ မသင့်လျော်ဘူးထင်ပါသည်။

သူက ချောင်းအနည်းငယ် ဆိုးနေပြန်သည်။ သူ ပင်ပန်းနေပြီလား၊ အဖျားရောဂါ ထင်သလောက်သက် သာတာ မှန်ရဲ့လားလို့ ကျွန်မ ပူပင်ပြီး သူသေသွားရင် ဘယ့်နှယ်လုပ်မလဲ၊ အေး ဒုက္ခရောက်မှာအမှန်ပဲလို့ တွေးပြန် သည်။

သူ ဘာဖြစ်လို့ အေးကို ဒါတွေပြောနေတာလဲလို့ မေးချင်ပြီး မမေးနိုင်။

"အေး စိတ်မဆိုးပါနဲ့၊ ဒါပေမဲ့ ပြောပါရစေဦး၊ နုနုဟာ အေးနဲ့ ညီအစ်မတော်တာ အေး သူ့အတွက်နာတာ နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်လည်း အေးနဲ့ သူငယ်ချင်းတော်ပါတယ်၊ သူငယ်ချင်းတော်တယ်လို့ထပ် ပြောချင်တယ်၊ မရယ်ပါနဲ့၊ ကောလိပ်မှာ ကျွန်တော်တို့ ခင်ခဲ့ကြတာကို တန်ဖိုးမထားတော့ဘူးလား၊ အဲဒီသူငယ် ချင်းအဖြစ်ဟာ တစ်သက်လုံးမြဲရမယ့်အဖြစ်ပါ၊ ကျွန်တော့် ဘဝထဲမှာ နှစ်နှစ်သုံးနှစ်လောက် နုနုနဲ့ပတ်သက်ပြီး ကိစ္စများ ပြီး နောက်တော့လည်း ပြေပျောက်သွားတာဟာ ဒီလောက် ပဲ အရေးကြီးသလား၊ အဲဒီ ခဏတစ်ဖြုတ် ကိစ္စတစ်ရပ် အတွက် အေးရဲ့ သူငယ်ချင်းမိတ်ဆွေအဖြစ်ကို လက်လွှတ် ရမယ်လား၊ အေးကို ကျွန်တော် ဆုံးရှုံးရမယ်လား၊ အင်း လျားဆောင်မှာ နုနု ကျွန်တော့်ဘဝထဲ မသိမသာ ဝင်လာ ကတည်းက အေး ကျွန်တော့်ကို စိမ်းကားခဲ့တယ်၊ ရှင်နဲ့ ကျွန်မနဲ့ပဲပြောပြီး ကျွန်တော့်နာမည်တောင် မခေါ်နိုင်ခဲ့ တာ သတိထားခဲ့ရတယ်"

ကျွန်မ သူ့ကိုသာကြည့်ပြီး သူပြောသမျှသာ နား ထောင်နေလိုက်သည်။

"အေး မကြိုက်လည်းနေ၊ စိတ်တစ်သက်လုံး ဆိုး ချင်လည်းဆိုး၊ အမှန်ပြောရရင် နုနုဟာ ကျွန်တော့်ဘဝထဲ မဝင်သင့်ဘဲ ဝင်လာပြီး ကျွန်တော့်ဒုက္ခဟူသမျှဟာ အဲဒီက

တည်းက စတယ်ထင်တာပဲ၊ သူထွက်သွားတော့မှ ငြိမ်းချမ်းသွားတာပဲ၊ အနာကျက်ပြီး အမာရွတ်ဖြစ်သွားတာပဲ"

"သူ ဘာဖြစ်လို့ ဒါတွေပြောနေတာလဲ" ကျွန်မ နောက်ဆုံး မေးလာနိုင်ပါပြီ။

"ညက တစ်ညလုံး အိပ်မပျော်ဘူး၊ အဲဒါက အေးပြောသလို နိုးကြားသိမြင်လိုက်ခြင်းအစပဲ"ဟု သူက စတင်ပါသည်။ "ကျွန်တော် တစ်ခါမှ ဆေးရုံမတက်ဖူးတော့ သေခါနီးလူနာတွေကြားထဲမှာ ကျွန်တော်လည်း သေသွားရင် သေသွားနိုင်တယ်ဆိုတဲ့အကြောင်းကို တွေးနေမိတယ်၊ သေမင်းနဲ့ မျက်နှာချင်းဆိုင်မိပြီပေါ့၊ ကျွန်တော် သိပ်ကို ထိတ်လန့်သွားတယ်၊ မနက်မိုးလင်းလာတာ၊ နေထွက်လာတာ၊ ငှက်ကလေးတွေမြည်ကြတာ၊ လူတွေနိုးလာတာ၊ မြင်ရတော့ပါ့မလားလို့ တွေးတယ်၊ သေသွားပြီဆိုရင် အားလုံးပြီးဆုံးပျက်ပြားသွားပြီပေါ့၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းသွားခြင်းပေါ့၊ ဒီတော့ ဘယ်လို ကိုယ့်ဘဝမှာ နေခဲ့ပါလိမ့်၊ ကျေနပ်စရာဘဝမှ ဟုတ်ရဲ့လားလို့ စေ့ငုချင်လာတယ်"

သူ့မျက်လုံးများ ဝင်းပလာပြန်သည်။ သူ စိတ်အားထက်သန်လာသည်။

"တကယ်တော့လည်း ကျွန်တော် မသေချင်သေးပေမဲ့ သေရမှာလည်း မကြောက်လှပါဘူး၊ တွေးမိတယ် တစ်ခုပဲ ဝမ်းနည်းစရာက ငါ စိတ်ရှိသလောက် ပန်းချီချပ်များများ မဆွဲခဲ့ရသေးဘူး၊ တကယ် ကိုယ်တိုင်ကြိုက်တဲ့

ကား တစ်ချပ်နှစ်ချပ်တောင် မဆွဲရ၊ မစရသေးဘူးလို့၊ ပြီးတော့ သေခါနီး မောလာရင် ဝေဒနာခံစားလာရရင် ဆရာဝန် ဆရာမတို့ကို မြန်မြန်ပြီးဆုံးသွားအောင် ကူညီကြပါလို့ တောင်းနိုင်ပါ့မလား၊ အကူအညီပေးကြပါ့မလားလို့ ပူတယ်၊ ဒါလည်း သိပ်အရေးမကြီးပါဘူး၊ ဝေဒနာခံစားရတာကို သေခါနီး သိချင်မှ သိတော့မှာ၊ အရေးအကြီးဆုံးကတော့ အေးကို တွေ့ချင်တာပါပဲ”

ကျွန်မ တိတ်ဆိတ်မြဲ တိတ်ဆိတ်ဆဲ၊ သူက...

“အေး ယုံစေချင်တယ်၊ အေး ယုံရဲ့လား”

ကျွန်မသည် ဆို့နင်နေသည်ကို မျိုချပြီး “အေး ယုံပါတယ်”ဟု ပြောလိုက်ပါသည်။

“သေမင်းနဲ့ ရင်ဆိုင်တွေ့လိုက်ရတာ ကျွန်တော့်ကို အသိအမြင်မှန်တွေ ရလိုက်စေတယ်လို့ ပြောရမလား၊ ကျွန်တော် ဟန်ဆောင်နေတာတွေ ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားနေတာတွေ၊ မာနထားမှန်းမသိ ထားနေတာတွေ၊ အမှန်ကို ဝန်ခံရမှာ ရှက်နေတာတွေ၊ အဲဒါတွေအားလုံးဟာ လုံးဝ အသုံးမကျဖြစ်သွားပြီ၊ ကျွန်တော် ညံ့ဖျင်းခဲ့တဲ့ဘဝကို သိစေချင်၊ သိဖို့ကောင်းတဲ့သူဟာ အေးတစ်ယောက်ပဲလို့ အလင်းရောင်ကောင်းကောင်း ရခဲ့တာပါပဲ”

“ဒါပေမဲ့ တနင်္ဂနွေနေ့ကမှ ကျွန်မတို့ ပြန်တွေ့တာပဲ”ဟု ကျွန်မက ပြောလိုက်လျှင်–

“နနထွက်သွားပြီး အေးကို ဆေးကျောင်းမှာ ကျွန်တော် လာတွေ့ဖို့ အခါတစ်ရာ ကြိုးစားတာ အေး

မသိဘူးလား၊ အေး လက်မခံခဲ့ဘူးထင်တာပဲ၊ ကျွန်တော် အမြဲအံ့ဩခဲ့တယ်၊ ကျွန်တော့်ကို ဘာကြောင့်များ ဒီလောက် ရှောင်ကွင်းနေပါလိမ့်၊ ဘာကြောင့် စိတ်ဒီလောက်ဆိုးရတာ လဲ၊ မသိနိုင်၊ နားမလည်နိုင်၊ အေး ဘာမှ ပြောမပြ...”

“အေး အင်္ဂလန်သွားနိုင်ဖို့ ကြိုးစားနေ၊ အလုပ် များနေတာပဲ၊ မြန်မာပြည်ပြန်လာဖို့တောင် စိတ်မရှိ၊ မသေချာတော့ ဘာကိုမှ မတွယ်တာချင်တော့ဘူး”ဟု ကျွန်မက တစ်ဝက်တစ်ပျက် ဖြေရှင်းသလို ပြောသည်။

သူက ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး ကျွန်မနဲ့ နီးစပ်စွာ မျက်နှာချင်းဆိုင် ထိုင်လိုက်ပြီး–

“ဟိုးရှေးဘဝ တကယ့်အစကအကြောင်းကို စရရင် မှတ်မိသေးလား၊ ၄၇ ခုနှစ် ကျောင်းပိတ်ရက် တစ်နေ့မှာ အေး ရန်ကုန်ကထွက်သွားတာ ခါတိုင်းလို ဆူးလေဘုရားနဲ့ ရွှေဘုံသာလမ်းမှာ ကျွန်တော်နဲ့ မလည်နိုင်တော့ဘူး၊ မော် လမြိုင်ကို နုနုနဲ့ လိုက်သွားတာလေ၊ အဲဒီတုန်းက နုနုဟာ အေးရဲ့ ညီအစ်မသူငယ်ချင်းအနေနဲ့ ကျွန်တော်တို့ကြားထဲ အနှောင့်အယှက်ပေးဖို့ ဝင်လာတယ်တောင် ထင်မိတယ်၊ အဲဒီကတည်းက အေးဟာ ကျွန်တော့်ကို စပြီး စွန့်ခွာ တယ်လို့ ခံစားခဲ့ရတယ်”

ကျွန်မသည် “ကိုနှင်းနွယ်”လို့ ညင်သာစွာ ခေါ် လိုက်ပါသည်။ ကျွန်မအသံ တုန်အက်သည်ကိုလည်း မဖုံးကွယ်နိုင်ပါ။ စိတ်ဆိုးခြင်းထက် ဝမ်းနည်းကြေကွဲ ခြင်းက ပိုမိုသွားပြီ။

"ကိုနှင်းနွယ် အေးဆီကို ဘာလို့ စာမရေးသလဲ"

သည်မေးခွန်းကိုမေးဖို့ နှစ်များစွာစောင့်ခဲ့သည်။

"ကိုနှင်းနွယ် အေးဆီကို စာမရေးဘူး၊ သူ့စာကို နေ့တိုင်းမျှော်တယ်၊ စာပို့သမားလာပေမဲ့ စာပါမလာဘူး၊ တစ်နှစ်လုံး စာတစ်စောင်မှမရဘူး"

သူ စာမရေးသည်ကို ကျွန်မ နားမလည်နိုင်ခဲ့၊ ခွင့်မလွှတ်နိုင်ခဲ့၊ မော်လမြိုင်အိမ်မှာ စာပို့သမားလာလျှင် နုနုက အရင်ဦးအောင် ပြေးဆင်းစုံစမ်းကာ "တစ်စောင်မှ မပါဘူး အေးဖို့"ဟု ခပ်ပြတ်ပြတ်ပြောကာ ခေါင်းခါနေတတ်သည်။

ကျွန်မ ဘယ်လောက် ဝမ်းနည်းခဲ့သလဲ၊ ရင်တွင်း ပူပင်ခဲ့သလဲ၊ ရှက်ကြောက်ခဲ့သလဲ၊ ဘာမှ မထိခိုက်လှသလို ဟန်ဆောင်ခဲ့သလဲ၊ နုနုကို မကောက်ကျစ်ဘူးလို့ ယုံကြည်ခဲ့သလဲ။

သူက ကျွန်မရဲ့ပခုံးများကိုကိုင်ပြီး လှုပ်ယမ်းပြီး "အေး... အေး... ကျွန်တော် စာတွေရေးတာပေါ့အေးရယ်၊ အေးမရဘူးပေါ့၊ အေး စာမပြန်တာပဲ ကျွန်တော်သိတယ်၊ အေး ကျွန်တော့်ကို မဆက်ဆံချင်တော့ဘူးလို့ပဲ ထင်ခဲ့တယ်"

ကျွန်မတို့နှစ်ယောက်လုံး စကားမပြောနိုင်အောင် အံ့အားသင့်နေကြသည်။ သည်လို သူတစ်ပါးစာများကို ကြားထဲက ဖြတ်ယူဖျောက်ဖျက်သည့်အမှုဆိုသည်မှာ လောကမှာ ရှိသည်လို့တောင် သူရောကျွန်မပါ စိတ်မကူး

ခဲ့မိ၊ မထင်ယောင်ခဲ့မိ၊ မစုံစမ်းခဲ့မိ။ ကိုနှင်းနွယ်နဲ့ ကျွန်မ ဒီလောက်ပဲ အလေသလား၊ ယုံလွယ်လေသလား၊ ရိုးဖြောင့်လွန်းလေသလား။

"နုနုပဲ"ဟု သူကပြောတော့–

"နုနုပဲ ကြားကဖျက်ဆီးတာ"ဟု ကျွန်မက ပိုပြီး တိကျစွာပြောလိုက်ပါသည်။

"ဒီနေရာမှာ ခဏရပ်ရအောင်"ဟု ကျွန်မ ပြောလိုက်သည်ကို သူက ကျေးဇူးတင်စွာ သဘောတူ၍ ကျွန်မတို့သည် ဆက်လက်ပြီး နုနု၏ ညံ့ဖျင်းသောအပြုအမူကို မဆွေးနွေးနိုင်၊ ရက်ဖွယ်ရာလို့ပင် ထင်သည်။ သို့သော် ဒေါသအမျက်ပြင်းပြကာ ယူကျုံးမရ နာကြည်းတာကတော့ သူလိုငါလို ကျွန်မတို့ ခံစားရသည်မှာအမှန်။ ကျွန်မ ရဟန္တာမဟုတ်၊ ဒါပေမဲ့ နုနုလို ဝက်တိရစ္ဆာန်နှင့် ပြိုင်သတ်ရင် မနိုင်နိုင်ဘူး၊ ရွံ့ပေးမှာပဲဟုတွေးပြီး သူကလည်း မျက်မှောင်များကြုတ်ကာ တွေဝေနေသည်။

"အေး အခုလို ဖွင့်မေးတာ ကျွန်တော် သိပ်ဝမ်းသာတာပဲ"ဟုတော့ ခပ်အေးအေးပြောပါသည်။

"ကျွန်တော့်မှာလည်း ဖွင့်မေးစရာတစ်ခုရှိတယ်"

"မေးပေါ့"လို့ ကျွန်မက အနည်းငယ်ထိတ်လန့်လာသည်။

"မော်လမြိုင်မသွားခင် စနေနေ့တစ်နေ့ အေးလာခဲ့ပါ၊ ကျွန်တော် အရေးတကြီး ပြောစရာတစ်ခုရှိတယ်လို့စာရေးတာ မှတ်မိသေးလား၊ ကျွန်တော် စမတ်အင်

မူကာဒန် စာအုပ်ဆိုင်နားက စောင့်နေတာ တစ်နေကုန်ပဲ၊ အေး မလာဘူး”

“အေး လာတာပေါ့”လို့ဆိုပြီး ကျွန်မ ငိုချင်လာပါသည်။

“အေး မလာပါဘူး”

“အေး လာတယ်၊ နုနုက ကပ်လိုက်လာတယ်၊ ကားရပ်စရာတောင် မရှာတတ်၊ မမြင်တတ်တော့ဘူး၊ နုနုက အေးရှက်အောင် အမျိုးစုံပြောတယ်၊ သူ အေးကို အလကားညာနေတာလို့ ယုံလာအောင် စိတ်ပျက်စိတ်ညစ် လာအောင် တစ်ချိန်လုံးပြောနေတယ်၊ နုနုက အေးထက် ငါးနှစ်ကျော်လည်းကြီးတော့ အေးက ငယ်လည်းငယ်၊ အလည်းအတော့ ဘာမှမလုပ်တတ်တော့ဘူး၊ အေးမှားတာပဲ၊ ဒါနဲ့ ဆူးလေဘုရားကို ထပ်တလဲလဲ ပတ်မောင်းနေတာ ဘယ်လောက်ကြာမှန်းမသိ၊ သူက အနားမှာ ကပ်ပါလာတော့ ဘာမှလည်း ပြောလို့လုပ်လို့ ရမှာမဟုတ်ဘူး၊ ဒါနဲ့ အင်းလျားဆောင်ကို ပြန်ကြတယ်”

ကျွန်မ မျက်ရည်ဝိုင်းလာသည်ကို ထိန်းသိမ်းနေပါသည်။ ငါ ဆယ့်ခြောက်နှစ်အရွယ် မဟုတ်တော့ဘူး၊ ဆယ့်ခြောက်နှစ်က ဖြစ်ပျက်ခဲ့တာဟာ အသက်သုံးဆယ်အထိ မရွေ့မလျား တည်နေသော်လည်း ဆယ့်ခြောက်နှစ် တုန်းကလို ငိုချင်တိုင်းငိုလို့ မရတော့ဘူး။

သူကတော့ပြောမည်၊ “ဘယ်သူ ဘာပြောမှာ ပူစရာလား အေးရယ်”လို့။ “အေးနဲ့ ကျွန်တော်တို့ကိစ္စဟာ

ကျွန်တော်တို့နဲ့သာ ဆိုင်ပါတယ်”လို့ သူ တကယ်ပြော သည်မှာကတော့…

“ကျွန်တော့်အမှားကတော့ နောက် အေးနဲ့တွေ့ကြတဲ့အခါမှာ အေး ဘာလို့မလာတာလဲလို့ မမေးနိုင်တာ ပဲ၊ အေးက အခုလို ဖြေရှင်းလိမ့်မယ်လို့ မျှော်လင့်တယ်”

“အေးကလည်း သူမမေးဘူး၊ မမေးချင်လို့၊ အရေးမကြီးလို့၊ ဂရုမစိုက်လို့ပဲလို့ ထင်တယ်”

“ကျွန်တော်တို့ သိပ်ငယ်ရွယ် နုံအခဲ့တယ်ဆိုရ မလား၊ စိတ်ကူးနေတာပဲရှိတယ် ဆိုရမလား”

“အေးတို့ ဆယ့်ခြောက်နှစ်ကျော်၊ ဆယ့်ခုနစ်နှစ်ထဲ ရှိသေးတယ်၊ ခုပြန်ကြည့်တော့ ဘယ်လောက်အတွေ့အကြုံနည်းပြီး စိတ်ကူးနဲ့ပဲ မှားပြီးရင်းမှားနေသလဲဆိုတာပဲ၊ အဲဒီတော့ မာရ်နတ် ခြေထိုးလို့ သိပ်လွယ်တာပေါ့”

ဟု ဒေါသထွက်မြဲ မချုပ်တည်းနိုင်သေးဘဲ ပြောလိုက်လျှင် သူက–

“အရေးကြီးတာက အတိတ်မဟုတ်ဘူး၊ အခုလောလောဆယ်မှာ ဘာလုပ်ကြမလဲ”

ဒါဆေးရုံ၊ တစ်ခါက သူနှင့်ကျွန်မတို့ အတူထိုင်၊ စကားတွေ့ကရာ ပြောမဆုံးနိုင်ခဲ့သည့် အင်းလျားကန်ဘောင်မှမဟုတ်၊ ရွက်နုသစ် ဆင်လုလုမှာ အရင်ဦးအောင်ပွင့်ကြသည့် ပန်းဝါဝါ အခိုင်ပေါင်းတစ်ရာ ခိုတွဲစီးကစားကြသည့် ငုပင်အောက်က ခုံတန်းလျားပေါ်မှာမဟုတ်။

ကျွန်မ ဘာလို့များ ဒါဆေးရုံလို့ အကြိမ်ကြိမ်

သတိပေးနေပါလိမ့်။ ဆရာဝန်ဘဝဟာ လှုံစရာ တစ်လမ်း ပဲရယ်လို့ နှစ်များစွာ ကိုယ်စိတ်နှစ်ပါး နှစ်ခဲ့လေလို့လား၊ ဆေးရုံ၏ နာခြင်း၊ အိုခြင်း၊ သေခြင်း၊ ဝေဒနာ ခံစားခြင်း တို့ကပဲ အရေမထူနိုင်တတ်သော ကျွန်မကို သတိရှိခြင်းနဲ့ပဲ ကာကွယ်တတ်သည့်အတတ် သင်ပေးခဲ့လေသလား။

အသက် သုံးဆယ်ဆိုတာ မအိုသေးပါဘူးလို့ ကျွန်မ အားတက်လိုက်ပါသည်။ ကျွန်မကို နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ်လို့ ထင်ကြသေးသည်။ နနကပင် "အေးအေး ဘယ်တော့မှ မအိုတော့ဘူးလား"လို့ ချီးမွမ်းသလို၊ ခြေ ကြောက်သလို ပြောခဲ့သေးသည်။ အသက် လေးဆယ်မှာ လူ့ဘဝစတင်သည်ဆိုလျှင် ကျွန်မ ထိုစတင်သည့်အမှုပြုဖို့ ဆယ်နှစ်တောင် ပြင်ဆင်ခွင့်ရဦးမည်။ ကျွန်မ ပြုံးချင်လာ ပါပြီ။ သူ့ကိုကြည့်ပါဦး၊ ဘယ်လောက် ငယ်ရွယ်ဟန် ပေါက်သည့် လူလတ်ရွယ် ရှိသေးသူပါလဲ၊ လူ့ပြည်မှာ ကျွန်မတို့ နောက်ထပ် အနှစ်သုံးလေးဆယ် ဆက်နေကြ ရဦးမည်။ အဲဒါ ဘယ်လိုနေချင်သလဲ။

ပြတင်းကိုကျော်၍ ကြည့်လိုက်လျှင် ဆေးရုံကြီးကို ဝိုင်းရံထားသည့် ကုက္ကိုပင်များမှာ ပန်းနုရောင်အပွင့်များ အထပ်ထပ်အုပ်ပြီး ပုလဲနှင့်ကျောက်နီ ရောမွှေထားသလို လှနေကြသည်ကို မြင်ရပါသည်။ ဝတ်ဆံလေးတွေက အဖြူပဲ၊ အပွင့်လေးတွေကလည်း သေးနုပါဘိ။

"အေး ငေးနေတာကြာပြီ"လို့ သူက သတိပေးတော့

"ဟုတ်တယ်၊ အေး တွေးနေတာ၊ မသေခင် ည

ပေါင်းများစွာ ဖြတ်သန်းရဦးမယ်၊ နေ့မှာ အေး ဒုက္ခသိပ် မများဘဲ နေတတ်တယ်၊ ညမှာ မအိပ်တတ်ဘူး”

ကျွန်မရဲ့ အိပ်မက်ချောက်ချားတတ်သော ညများ အေးမြငြိမ်းချမ်းချင်လှပါပြီ။ အိပ်မက်များစွာနဲ့ မနာကျင်ချင်၊ ခေါင်းအုံးမှာ မျက်ရည်မစိုထိုင်းစေချင်၊ ဒါ ဆေးရုံပေမဲ့ သူ့ကို မေးခွန်းတစ်ခု မေးရဦးမည်။

“ကိုနှင်းနွယ် အေးကိုချစ်သလား”

သူက ချက်ချင်းပင် လွယ်ကူစွာ “ချစ်တာပေါ့ အေးရယ်”လို့ တစ်ခွန်းပဲဆိုသည်။

ကျွန်မတို့နှစ်ယောက်လုံး တုန်လှုပ်မသွားပါ၊ အတူ သိခဲ့ကြသည်ပဲ၊ ကျွန်မတို့သည် ကောင်းသောသူငယ်ချင်း ကောင်းသောအဖော်များလည်း ဖြစ်ခဲ့ပြီ။ ပခုံးချင်းမှီနွဲ့ပြီး ထိုင်ပြီး ရုပ်ရှင်ကြည့်ခဲ့ကြသည်။ လက်တွဲပြီး လမ်းကူးခဲ့ကြသည်။ မျက်နှာချင်းဆုံလျှင် ပြုံးရယ်ပျော်ရွှင်မြဲ။ လူ့ဘဝမှာ ဘယ်လိုနေထိုင်ကြမည်ဆိုတာ တိုင်ပင်မြဲ။ သူက ဂိုဂင်လို ပန်းချီဆွဲမည်၊ အေးက ဆရာဝန်လုပ်မည်၊ ဘာမှ အထူးအထွေမရှိ။

“အေး ကျွန်တော့်ကိုချစ်သလား”လို့ သူက မေးပြန်တော့–

“သူ သိသားနဲ့” ကျွန်မ နည်းနည်းတော့ရှက်သလိုပင်။

“သေသေချာချာ ကြားရအောင် ပြောပါဦး၊ သူငယ်ချင်းကောင်းပီပီ”လို့ သူက ရယ်ရွှင်လိုက်လျှင်–

"သူ့ကို ချစ်တာပေါ့"

သူက လက်လှမ်း၍ ကြိုယူပြီး ကျွန်မနှင့်အတူ အိပ်ရာပေါ်ထိုင်ကြပါသည်။ ပြီးတော့ ကျွန်မတို့ ပထမဆုံး အကြိမ် နမ်းကြပါသည်။

သို့သော် ရုတ်ခြည်းပဲ ကျွန်မ ငိုယိုချလိုက်ချင်၏။ မိဘနှစ်ပါးကို ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးခဲ့ရသဖြင့် အားငယ်မြဲရှိသော ကျွန်မရဲ့ ကလေးဘဝက ကြောက်ရွံ့ ခြင်းမျိုးအပြည့် လွှမ်းမိုးလာပါသည်။ မိဘက စွန့်ခွာခဲ့သည့် ကျွန်မသည် စွန့်ခွာခြင်းခံရမည်ကို အမြဲကြောက်ရွံ့နေလိမ့် မည်။ မိဘ၏အချစ်က ကျွန်မကို မကာယ်ဆယ်နိုင်ခဲ့။ တစ်ယောက်တည်း ကျန်ရစ်စေခဲ့သည်။ ဒီတော့ ဘယ်သူ့ အချစ်ကကော ကယ်ဆယ်နိုင်မည်လဲ၊ မြဲခိုင်နိုင်မည်လဲ၊ ကြာရှည်တည်တံ့နိုင်မည်လဲ၊ ကျွန်မကို တစ်ယောက်တည်း မကျန်ရစ်စေနိုင်မည်လဲ၊ ဘယ်သူ တာဝန်ခံနိုင်မည်လဲ။

မိဘဆုံးသွားသည်ကို ဘယ်သူမှ အစားမထိုးနိုင် သလို၊ ကျွန်မချစ်သူ ကိုနှင်းနွယ်ကိုလည်း ဘယ်သူမှ အစားမထိုးနိုင်ခဲ့။

အင်္ဂလန်မှာနေစဉ်က ကျွန်မရဲ့ဆရာ ပရော်ဖက်ဆာ ဂျွန်ဂရစ်ဖစ်က ပြောခဲ့သည်မှာ အေး အင်မတန်ကြိုးစား အားထုတ်နိုင်မှ ထိုအားငယ်ခြင်း၊ အချစ်၌ တကယ်မယုံဝံ့ ခြင်း၊ အားမကိုးဝံ့ခြင်းတို့ ပျောက်ပျက်နိုင်မည်တဲ့၊ ဘယ် လိုအားထုတ်ရမလဲဆိုတော့ စွန့်စားခြင်းအပြည့်နဲ့ အချစ် ကို ရှာဖွေရမတဲ့။

အေး စွန့်စားချင်တာပေါ့၊ အချစ်ကိုရချင်တာပေါ့၊ သို့သော် ကိုနှင်းနွယ်ကိုတောင်မှ အားမကိုးရလျှင် ဘယ်သူ့ကို အားကိုးနိုင်မည်လဲဆိုတဲ့အတွေးနှင့် မအောင်မြင်နိုင်ခဲ့။

ကိုနှင်းနွယ် လွတ်လပ်နေသည်ဆိုတဲ့အသိကလည်း ကျွန်မကို ချုပ်နှောင်ထားသည်။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် လွတ်လပ်သော အဖွဲ့အနှောင်မရှိသူအဖြစ် ထားရမည်။ တစ်နေ့ ပြန်တွေ့ဖို့ ကျွန်မ အမြဲစောင့်စား မျှော်လင့်ခဲ့ပြီး ကံကြမ္မာကိုသာ လမ်းပြသူလို့ မှီခိုပြီး ဘာမှမလှုပ်ရှားခဲ့။ ချောက်ချားသည့် တိရစ္ဆာန်ကလေးများ ဘာမှ မလုပ်တတ်တော့ဘဲ မြေမှာ ငြိမ်ဝပ်နေသလို မလှုပ်မယှက် သေဟန်ဆောင်သလို။

ခုတော့ ကံကြမ္မာသည် ဆန်းကြယ်ပြီး ခမ်းနားကြီးကျယ်နိုင်သော လမ်းထွင်လေပြီ။ သို့သော် မတွန်းလှန်နိုင်သော ကြောက်ရွံ့ခြင်း စိုးမိုးလာသည်တွင် ကျွန်မသူ့ကို တွန်းပစ်ခဲ့ကာ လူနာအခန်း နံပါတ်တစ်မှ ခပ်သုတ်သုတ် ထွက်လာပြီး ရုံးခန်းသို့ ဝင်ခဲ့ပါသည်။ ကျွန်မ တစ်ကိုယ်လုံး တုန်နေသည်။ အေး ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ မေးရမယ့်သူမရှိ။ အို မဟုတ်ဘူး၊ သူ့ကိုပဲမေးပေါ့၊ ကိုနှင်းနွယ်ကို မေးပေါ့၊ သူတစ်ယောက်ပဲ ယုံရမည့်သူရှိတာပဲ။

ကျွန်မသည် မျက်နှာကို လက်ဖြင့်အုပ်ပြီး စားပွဲမှာ ဘယ်လောက်ကြာကြာ ထိုင်မိသည်မသိ၊ မျက်ရည်လည်း ကျသည်မဟုတ်၊ ဘာမှမလုပ်တတ်ခြင်းသာရှိသည်။ ပိတ်

ထားခဲ့သောတံခါးကို ဖြည်းဖြည်းညင်သာ ခေါက်သံကြားမှ ထိတ်ခနဲထမိပါသည်။ "ဝင်ခဲ့ပါ"ဟု ပြောလိုက်ပြီး အခန်းထောင့် ကြွေလက်ဆေးခွက်အထက်မှ မှန်တွင် ကိုယ့်မျက်နှာကို ကြည့်လိုက်ပါသည်။ မှန်ထဲမှာ ကျွန်မရဲ့အရိပ်သည် မျက်ရည်များမရှိဘဲ ဘယ်လောက်ကြောက်ရွံ့သည်ဖြစ်စေ သတ္တိဆောင်၍ လိုအပ်သမျှကို ရင်ဆိုင်ဖို့ ပြင်ဆင်ဟန်ပြပါသည်။

တံခါးကို ဖြည်းညင်းစွာဖွင့်၍ ဝင်လာသူမှာ ထင်မိသည့်အတိုင်း ကိုနှင်းနွယ်ပဲ၊ သူပဲ။ "ထိုင်ပါ"ဟုပြောပြီး ကျွန်မက စပြီးထိုင်ပါသည်။ သူက ထိုင်သော်လည်း ပြတင်းဘက်ကို မျက်နှာလှည့်ပြီး စိတ်ဝင်စားခြင်းမရှိဘဲ ကောင်းကင်၊ သစ်ပင် လူသူတို့ကို ငေးမောနေပါသည်။ ကျွန်မတို့အကြားကြီး တိတ်ဆိတ်နေပါသည်။ သူ တံခါးကို အနည်းငယ်ဟထားခဲ့သဖြင့် အထူးကုအခန်းမှ တစ်ချက်တစ်ချက် လူနာညည်းသံ၊ ဆရာမများ စကားတိုးတိတ်ပြောကြသံ၊ လက်ထောက်ဆရာဝန်နှင့် အလုပ်သင်ဆရာဝန်တို့ ခပ်သုတ်သုတ် လျှောက်သွားကြသံကို ကြားရသည်။ ခန်းဆီးကာသဖြင့် ဘာမှတော့ မမြင်ရပါ။ ဆရာဝန်မကြီးရဲ့အခန်းကို ဘယ်သူမှ တံခါးမခေါက်ဘဲ ဝင်လာဖို့မရှိ၊ တယ်လီဖုန်းဖြင့်ပင် အင်မတန်လိုအပ်မှ ခေါ်ကြမည်။ ပြီးတော့ လူနာ ဦးနှင်းနွယ်သည် အရေးကြီးသောသူဖြစ်သည်ဆိုတာ အနည်းငယ်တော့ ရိပ်မိကြလိမ့်မည်။ မကြာခင်ဘဲ အိုပန်းချီဆရာ နှင်းနွယ်လားဆိုပြီး ရှေးဟောင်း

နောက်ကြောင်းတွေ ပေါ်လာပါလိမ့်ဦးမည်။

နောက်ဆုံး သူက “ကျွန်တော် ကလောပြန်ရမလား”လို့ မေးပါသည်။

“ပြန်ချင်သလား”လို့ ကျွန်မက ပြန်မေးလိုက်တော့...

“မပြန်ချင်ဘူး”

ကျွန်မ သတိရလာပြီး “သူ ခု ဘယ်မှာတည်းနေသလဲ”

“ဦးရွှေလှိုင်အိမ်မှာ”

“ဒီလိုလုပ်လေ၊ အင်းလျားလိပ်ဟိုတယ်မှာ ပြောင်းနေ၊ အေး အခန်းတစ်ခန်း ငှားခိုင်းလိုက်မယ်၊ အဲဒီမှာနေဦးပေါ့၊ အေးမှာ ကားအပိုတစ်စင်းရှိတာလည်း ယူထားပေါ့၊ အေး ခွင့်တစ်ပတ်ယူလိုက်မယ်၊ သူ ဆေးရုံမှာ နှစ်ရက်လောက်တော့ နေပါဦး၊ ဓာတ်မှန်ထပ်ရိုက်ပြီး အဆုတ်ထဲ ရေကုန်သွားတာတွေ့မှ စိတ်ချရမှာ၊ ပြီးတော့ အေးက ခွင့်ရဖို့စီစဉ်ရဦးမယ်၊ နောက်အပတ်လောက်မှ ရမှာ၊ သူ ဆေးရုံကဆင်းတော့ ဟိုတယ်ကို အေး ညနေတိုင်းလာမှာပေါ့” စသည်ဖြင့် တစ်ထိုင်တည်း စီစဉ်သည်ကို သူက မျက်လုံးများဝင်းလာပြီး ငေးကြည့်နေသည်။

“အေးမှာ သိပ်တာဝန်များနေမှာပဲ၊ ကျွန်တော်လည်း ဂိုဂင်လို မဆင်းရဲပေမဲ့ အင်းလျားလိပ်ဟိုတယ်တော့ မတတ်နိုင်ဘူး၊ ကျွန်တော် ရန်ကုန်မှာ ဘယ်လိုဆက်နေ

ရမလဲ မပြောတတ်ဘူး”

“အေး စိစဉ်သလိုနေရုံပေါ့၊ ဘာများခက်နေသလဲ” ဟု ကျွန်မက ပြောလိုက်ပါသည်။ ကျွန်မရဲ့ ငယ်ငယ်က လို ကြီးစိုးသောလေသံကို သူကလည်း နှစ်ခြိုက်ပုံရသည်။ ကျွန်မ ကြေးငွေတတ်နိုင်သည်ကိုလည်း သူ မငြူစူသူပါ။

“အေး ခြောက်မိုင်ကအိမ်မှာပဲပေါ့”

“ဟုတ်တယ် လေးငါးခါ ရောက်ဖူးတယ်မဟုတ် လား”

“လေးငါးခါ ဘယ်ကမလဲ၊ ကျွန်တော် ရန်ကုန် ရောက်တိုင်း၊ အေးရဲ့အိမ်ကို လာကြည့်တာပဲ၊ ခြံတံခါးက အမြဲသော့ခတ်ထားတော့ အလွယ်တကူ ဝင်ခဲ့လို့မရဘူး၊ တစ်ခါ မာလီကုလားအဘိုးကြီးနဲ့တွေ့တယ်၊ အရင်အဘိုး ကြီးပဲနော်၊ သိပ်လည်း အိုမသွားဘူး၊ သူက မမ မရှိဘူးတဲ့၊ ဒါပေမဲ့ အေး အပေါ်ထပ်မှာရှိတယ်ထင်တာပဲ၊ ပြီးတော့ နုနုတို့နဲ့လည်း မတွေ့ချင်ဘူး၊ သူတို့ မော်လမြိုင် ခဏခဏ ပြန်တာ၊ ကလေး ဘော်ဒါကျောင်းမှာထားမယ်ပြင်တာတော့ သိပါတယ်”

“ဆေးကောလိပ်ကိုလာရင် ရတာပဲ၊ ဆေးရုံကြီး လာလည်း ရတာပဲ”

“ဒါပေမဲ့ အေးရယ်၊ အေး ကျွန်တော့်ကို လုံးဝ မလိုလားတော့ဘူး၊ နာမည်တောင် မကြားချင်တော့ဘူး၊ သေလူလို သဘောထားလိုက်ပြီဆိုတာ လူတိုင်းသိတာပဲ၊ ကျွန်တော် အသိဆုံးပေါ့၊ တစ်ခါနှစ်ခါထက်ပိုပြီး မကြိုး

စားတော့ဘူး၊ အဲလေ ကျွန်တော့်အပြစ်လုံးလုံးပဲ ထားလိုက်ပါ၊ အေး စိတ်နာပြေတော့မှ အေးက စခေါ်တော့မှ ကျွန်တော် ထူးနိုင်တော့မယ်လို့ပဲ သဘောထားပါတယ် ဒါပေမဲ့...”

“ဘာ ဒါပေမဲ့လဲ...”

“မဝိုင်းသမီး လက်ထပ်ပွဲကို အေး လာမယ်ဆိုတာ စုံစမ်းထားလို့သိရတော့ ကျွန်တော် ရန်ကုန်ဆင်းလာတာပဲ၊ လူတွေကြားမှာတော့ အေး ကျွန်တော့်ကို မနှင်ထုတ်နိုင်ဘူးလို့ တွက်ခဲ့တာပဲ”

“ပြီးတော့ နုနုအကြောင်းပဲ တစ်ချိန်လုံးပြောနေတာပဲ”

“နုနုကို မချစ်တဲ့အကြောင်း တစ်ချိန်လုံးပြောနေတာ အေး အသိပဲ၊ အမှန်ကတော့ ကျွန်တော်ဟာ ဘယ်လောက် ညံ့ဖျင်းနိုင်၊ ဆိုးဝါးနိုင်၊ အားနည်းနိုင်၊ အမှားလုပ်နိုင်၊ တစ်ကိုယ်ကောင်းလည်း ကြံနိုင်တဲ့လူမျိုးလည်းဆိုတာ အေး သိစေချင်တယ်၊ တစ်ခါ ကျွန်တော်ဟာ အနည်းဆုံး ရိုးဖြောင့်တဲ့လူ၊ သူတစ်ပါးနစ်နာအောင် မလုပ်တတ်တဲ့သူ၊ အန္တရာယ်မရှိတဲ့သူ၊ ရန်မပြုတတ်သူဆိုတာကိုလည်း သိစေချင်တယ်၊ ကျွန်တော့်ကို အေး ဘယ်လိုထင်မြင်တယ်၊ ဘယ်လိုထင်မြင်သည်ဖြစ်စေ ခွင့်မလွှတ်နိုင်အောင် နားလည်နိုင်တယ်ဆိုတာဟာ ဘဝမှာ အရေးကြီးဆုံးအချက်ဆိုရင် အေး ယုံမှာလား”

ကျွန်မ ပြတင်းဘက်သို့ မျက်နှာပြုပြီး အပြင်မှ

နေရောင်မှာ စိမ်းမြရွှန်းလက်နေသည့် သစ်ပင်၊ သစ်ရွက်များကို ငေးမောနေလိုက်ပါသည်။ သူ့ရဲ့ တိုးတိတ်သော အသံသည် နားထဲမှာ ပီသကျယ်လောင်လျက်ရှိသည်။ ချက်ချင်းပင် အပြင်မှဆေးရုံကိစ္စနှင့်ပတ်သက်သော အသံဗလံတို့ကို သဲ့သဲ့ကြားရပြန်သည်။ ကျွန်မ ထပြီး တံခါးပိတ်လိုက်သည်။ နှလုံးခုန်သံ ကျယ်လောင်လာပြီး သူတောင် ကြားလေမလား ထင်ရပါသည်။

"ပြောခဲ့တဲ့အတိုင်း ညက တစ်ညလုံး အိပ်မပျော်ဘူး၊ ဆေးရုံမတက်ဖူးတော့ လူနာတွေကြားမှာ သေခြင်းတရားနဲ့ ရင်ဆိုင်တွေ့တာအမှန်ပဲ၊ ကျွန်တော် သေသွားရင် သေသွားနိုင်တယ် ထင်ပါတယ်၊ အေးကို တစ်ချိန်လုံး တွေးနေတယ်၊ ခုနေသေသွားရင် မသေခင် နောက်ဆုံးတွေ့ချင်တာက အေးပဲ၊ မတွေ့နိုင်လို့ မှာခဲ့ချင်တဲ့စကားဟာလည်း အေးဖို့ပဲ၊ အေးကို ကျွန်တော် ဘယ်လောက်ချစ်တယ်၊ အေး တစ်ယောက်တည်းကိုသာ ကျွန်တော် တစ်သက်လုံး ချစ်တယ်ဆိုတာ ဘယ်လိုနားလည်အောင် ပြောရပါ့မလဲလို့၊ မှာခဲ့ရပါ့မလဲလို့ ပူနေတာပါပဲ၊ အေး ဒါကို နားလည်နိုင်ရင်၊ လက်ခံနိုင်ရင် ကျွန်တော် သေရမှာ မကြောက်တော့ဘူး၊ လူ့ဘဝရဲ့ လုပ်ငန်းကြီးတစ်ရပ် ပြီး စီးခဲ့ပြီလို့ ထင်ပါတယ်၊ ကျွန်တော် သိပ်စိတ်ကူးယဉ်ခဲ့ သူလို့ ပြောဦးမှာလား"

ကျွန်မ တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ၁၂ နာရီ ထိုးလုပြီဟု သိရသည်။ ကျွန်မ နေ့လယ်စာ စော

စောထွက်စားနိုင်ပြီ။ ညနေပိုင်းအတွက် အလုပ်ခွင်ကို ပြန်ဝင်နိုင်မည့်အင်အား မရှိတော့ပါ။ တစ်သက်လုံး ခွင့်မည် မည်ရရမယူဘဲ အလုပ်မှာ ဘဝနှစ်ခဲ့သည့် ဆရာဝန်မကြီး ကို တစ်နေ့ဝက်မျှ ဖြုန်းခနဲခွင့်ယူထွက်သွားသည့်အတွက် ဘယ်သူမျှ အပြစ်ယူမည်မဟုတ်ပါ။

ကျွန်မ ပြတင်းပေါက်မှ ခွာလာပြီး သူ့ကုလားထိုင် နောက်မှနေပြီး ဆံပင်ခွေရစ်သော သူ့ခေါင်းကို ပွေ့ဖက် လိုက်လျှင် သူက ခေါင်းကိုမော့ပြီး ကျွန်မရင်ခွင်ထဲမှာ မှီလိုက်ပါသည်။ ကျွန်မက ငုံ့ပြီး သူ့ကောက်လိမ်သော နဖူးပေါ်ကျမြ ဆံခွေကို နှုတ်ခမ်းနှင့်ထိလိုက်လျှင် ကျွန်မ၏ မျက်ရည်ပေါက်များသည် သူ့မျက်နှာပေါ်ကျကာ သူ့မျက် ရည်များနှင့် ရောနှောသွားပါသည်။

"ကျွန်တော် ဘယ်လောက်များ အမှားတွေလုပ်မိ လို့ပါလိမ့်"ဟု သူကဆိုတော့...

"အေးကော ဘယ်လောက်များ မှားခဲ့ပါလိမ့်"

ကျွန်မတို့ အတူနမ်းကြပြန်ပါသည်။ ကျွန်မ မကြောက်ရွံ့တော့ပါ။ ကျွန်မတို့ အင်းလျားလိတ်ဟိုတယ် ဘက်သို့ ကားမောင်းလာခဲ့ကြတော့ အလွန်ငယ်ရွယ်သော ယခင်ကဘဝကို ပြန်ရောက်သွားကြသည်။ သူနှင့်ကျွန်မ အပြန်အလှန် ပိုင်ဆိုင်ကြပြီ။ ကျွန်မ စိတ်ပေါ့ပါး လန်း ဆန်းလာသည်။ အရေးကြီးသောကိစ္စတစ်ရပ် ရှင်းလင်းသွား လေပြီ။ ဘာကြောင့် ဆယ်နှစ်ဆယ့်ငါးနှစ်မျှ အချိန်ယူရ ပါသလဲဆိုတာကတော့ အံ့သြစရာ၊ နားမလည်နိုင်စရာ

လို့ ဆိုကြမည်။ သို့သော် သူရော ကျွန်မပါ တစ်မူခြားနား သောလူမျိုး ဖြစ်ပါလိမ့်မည်။ သူ့ကိုရော ကျွန်မကိုပါ တစ်စုံတစ်ရာသည် ချုပ်ချယ်ထားပြီး ထိုတစ်စုံတစ်ရာကို ကျွန်မ နားလည်စပြုလာသည်။ ထိုတစ်စုံတစ်ရာနှင့် ကျွန်မ အတူမွေးဖွားခဲ့သလားမသိ။ ကျွန်မရဲ့ အရည်အချင်းကောင်း လား၊ ဆိုးသလား ဘယ်သူပြောနိုင်မလဲ၊ ထိုတစ်စုံတစ်ရာ သည် ကျွန်မတို့ သတ္တလောက၊ တိရစ္ဆာန်လောကအတွင်း အမြင့်ဆုံးသို့ ရောက်လာတဲ့ ဦးနှောက်ကြီးမား ပြောင်မြောက် တဲ့ လူသတ္တဝါတို့ အောင်မြင်ရရှိလာတဲ့ အစွမ်းကုန်ထွန်း တောက်ခဲ့သော ရင့်ကျက်ယဉ်ကျေးမှုဖြစ်နိုင်သည်။ တစ်ပါး သူကို ရန်ပြုတိုက်ခိုက်ခြင်းမှ ကင်းလွတ်လာသောအစွမ်း လို့ ဆိုရမည်။ ဥပမာ လောကမှာ သူသတ်သူနှင့်၊ အသတ်ခံရသူ နှစ်မျိုးပဲရှိသည်ဆိုပါတော့ ထိုအစွမ်းကြောင့် ကျွန်မသည် မသတ်တတ်နိုင်ဘဲ အသတ်ခံရသူသာ ဖြစ် တော့သည်။ ဒါလည်း အစွမ်းကုန် ထွန်းတောက်ခဲ့သော ရင့်မာခြင်းဖြစ်တော့သည်။

ကျွန်မ ငယ်ငယ်က ဖတ်ရသော ငါးရာ့ငါးဆယ် ဝတ္ထုပေါင်းချုပ်ထဲမှာ သည်းခံသူ ရသေ့ကို စမ်းသပ်သည့် ဘုရင့်အမိန့်အရ ရသေ့ကို နှာခေါင်းဖြတ်လိုက်၊ နားရွက် ဖြတ်လိုက်၊ လျှာဖြတ်လိုက်၊ မျက်လုံးဖောက်လိုက်လုပ်တော့ ရသေ့သည် ဒေါသမောဟနှင့် ဝေဒနာကို ချုပ်တည်းနိုင်မြဲ ချုပ်တည်းဆဲ၊ သည်းခံတရားကိုပဲ ဆက်ဟောသတဲ့။ ဘုရင်က လက်လျှော့ပြီး "သင်ရသေ့ သင့်ရဲ့ သည်းခံတရား

နဲ့ သင်နေရစ်ပေတော့”ဆိုပြီး စွန့်ခွာခဲ့သည်မှာ မြေမျိုခံရလေသည်။

ထိုမျှ သည်းခံနိုင်ခြင်းကို ကျွန်မ နားလည်ဖို့ တစ်သက်လုံး ကြိုးစားခဲ့၏။ ဘုရားရဟန္တာ၏ သတ္တိကို ကျွန်မ သာမန်လူက ဘယ်လို လုံးဝနားလည်နိုင်မလဲ။ သို့သော် ရှေ့ကပြောခဲ့သည့် ကျွန်မနှင့်အတူ မွေးဖွားခဲ့သည်ထင်ရသော ထိုတစ်စုံတစ်ရာသည် ဘုရားရဟန္တာ၏ သည်းခံခြင်း သတ္တိအောက်ခြေအစလို့ တင်စားနိုင်မည်ထင်ပါသည်။

ကျွန်မကို ရန်ပြုတိုက်ခိုက်သူ၊ မကောင်းကြံသူသည် တစ်ယောက်သော နနဖြစ်လျှင် ထိုနနမှာ တာဝန်ကြီးစွာ ရှိသည်လို့တော့ ကျွန်မ ယုံပါသည်။ လူသတ်သမားမှာ တာဝန်ကြီးစွာ ရှိသည်အမှန်ပေါ့။ သို့သော် အသတ်ခံရသူကလည်း အသတ်ခံဖို့ ရွေးချယ်ခြင်းအတွက် တာဝန် အနည်းငယ်မျှပင်ဖြစ်စေ၊ မရှိထိုက်ဘူးလား။ သည်လို စိစစ်ပြန်တော့ နနကို စက်ဆုပ်ခြင်း အနည်းငယ် လျော့ပါးသွား၏။ ကျွန်မ လုံးဝပယ်ဖျောက်ဖို့ မတတ်နိုင်သေးသော ဒေါသမောဟမီးတို့မှလည်း ပူလောင်ခြင်းခဏ သက်သာသွား၏။

ကိုနှင်းနွယ်က ကျွန်မနှင့် သဘောတူယုံကြည်ပါသည်။ သူလည်း အသတ်ခံတတ်သူ တစ်ယောက်ပင်တည်း။ သို့သော် သူနှင့်ကျွန်မသည် သာမန်လူများပင် ဖြစ်နေသေးကာ ဒေါသမောဟနှင့် ဒုက္ခဝေဒနာကို နိုင်နင်းချေ

ဖျောက်နိုင်သည့်အတတ် မရရှိသေးလေတော့ မကောင်းမှု ဆိုသည်မှာ မကောင်းမှုသာဖြစ်၍ ထိုမသမာ ရန်ပြုခြင်းသည် အလွန်ယုတ်ညံ့မြဲ ယုတ်ညံ့နေကာ လက်ခံနိုင်သောကိစ္စ၊ စွန့်လွှတ်နိုင်သောကိစ္စ မဟုတ်လို့ ကျွန်မ ပြောချင်သည်။

"နုနုအကြောင်း မပြောကြပါစို့နဲ့လား အေးရယ်"လို့ ကိုနှင်းနွယ်က ပြော၏။ "ဖြစ်ပျက်ခဲ့သမျှအတွက် လူတစ်ယောက်တည်းက အားလုံး တာဝန်ယူနိုင်တယ်ဆိုရင် ကျွန်တော် တာဝန်ယူနိုင်ပါတယ်"

"ဟင့်အင်း"ဟု ကျွန်မ မြဲမြဲစွာဆိုသည်။ "ပြောရမယ်၊ ပြောရဦးမယ်၊ ဘယ်လောက် စိတ်မချမ်းသာဖြစ်ရပါစေ၊ ဘယ်လောက် အရုက်ကွဲ သိမ်ဖျင်းတဲ့စကားလုံးသုံးရသည်ဖြစ်စေ ပထမဆုံးနှင့် နောက်ဆုံးအကြိမ်အဖြစ်တော့ ပြောရမယ်၊ မပြောရရင် အေး ဘယ်တော့မှ ရင်အေးနိုင်မယ်မဟုတ်ဘူး၊ မကျက်နိုင်တဲ့ဒဏ်ရာလို တစစ်စစ်ကိုက်နေမှာပါ၊ အေးကို ခွင့်လွှတ်ပါ"

ကျွန်မရဲ့ ရင်တွင်မက ခေါင်းတွင်း၊ ဦးနှောက်တွင်းကပါ နာကြည်းသည်ကိုဖြေဖို့၊ ကုသဖို့လို့ ကျွန်မ ဝန်ခံသည်။ အေးကို သည်းခံပြီး နားထောင်ပါ၊ အေးရဲ့ဝေဒနာနဲ့ ထိုဝေဒနာကို ဖန်တီးခဲ့တဲ့ နုနုအကြောင်း ဆွေးနွေးချင်သေးသည်။ ဒီဒဏ်ရာကို နှစ်များစွာပင် ကြိုးစားချေဖျောက်လို့ မရခဲ့ဘူး၊ တစ်နေ့တော့လည်း တဖြည်းဖြည်း

မေ့ပျောက်လွင့်ပြယ်သွားမှာပဲ၊ ဒါပေမဲ့ ကံကြမ္မာကပေး လိုက်တော့ အခု သူနဲ့ ရင်ဆိုင်ပြီးတွေ့တဲ့အခါ ရှင်းပစ် လိုက်ရင် ပိုမကောင်းဘူးလား၊ ဘာလို့ ဆယ်နှစ်ဆယ့်ငါး နှစ် ထပ်စောင့်နေမလဲ။ လူ့ဘဝမှာ ဆက်နေသည့်အချိန် တွင်းမှာ ဖြစ်နိုင်ရင် ဒဏ်ရာအနာများ ကောင်းစွာကျက်ပြီး စိတ်အေးချမ်းမြ နေချင်ပါတယ်။ အေးဟာ လူ့ဘဝကို ချစ်ခင်သူ၊ တွယ်တာသူ၊ လူ့ဘဝကပေးတဲ့ တရားသဖြင့် ရနိုင်သမျှ ကောင်းမြတ်တာမှန်သမျှကို ဘယ်သူ့ကိုမျှ ရန်မပြုရ၊ မတိုက်ခိုက်ရဘဲ ရယူပိုင်ဆိုင်ချင်ပါတယ်။ ပြီးတော့ လူ့ဘဝ ဒီတစ်ဘဝကိုသာ ယုံကြည်ပြီး ကိုယ်စိတ် ချမ်းသာစွာနဲ့ နေချင်တဲ့အေးကို ဘယ်သူအပြစ်တင်လည်း၊ မပူပင်ပါဘူး၊ ကိုနှင်းနွယ်က အေးဘက်ကလူလား။

"ဟုတ်တယ်၊ အေးဘက်ကလူ၊ အေးသိသားပဲ"

ကျွန်မရဲ့ လူ့ဘဝရဲ့သုခ၊ ဒုက္ခဝေဒနာမှန်သမျှကို အံဝင်ခွင်ကျ ဝင်ရောက်နားလည်၊ အတူခံစားနိုင်စွမ်းရှိသူ တစ်ယောက်ကတော့ ကိုနှင်းနွယ်ပဲ၊ သူ့ကို ပြန်လည်ရရှိ ရတာ သိပ်ကျေနပ်စရာပဲ၊ တကယ်တော့ သိပ်ပျော်တာပဲ၊ ဒီလို ကျွန်မ ရိုးသားပွင့်လင်းစွာ သူ့ကိုပြောနိုင်တာကို သူက နားလည်ရှိသေသည်။ ဘယ်သူ ပြက်ရယ်ပြုစေ၊ အရှိအသေတန်စေ၊ အရုက်ရစေအောင် ကြံစေကာမူ ကိုနှင်းနွယ်နှင့် ကျွန်မ အတူယုံကြည်ကြသော တရားအရပ် ရပ်တို့သည် အင်အားကြီးလှပြီး ကျွန်မတို့ကို ပိုပြီး သတ္တိ

ရှိစေပါသည်။ ယခု ကျွန်မတို့သည် တစ်ယောက်ကိုတစ် ယောက် ယုံသည်သာမက ချစ်သည်ဆိုတာပါ ဖွင့်ဟဝန်ခံ ပြီးဖြစ်လေရာ လူ့ဘဝမှာ နေထိုင်လို့ကောင်းဖို့သာ ရှိတော့ လေသည်။

❐

ကလေးဘဝက ခံစားခဲ့ရသည့် အားငယ်ဝမ်းနည်းပြီး ကြောက်ရွံ့လွယ်ခြင်းသည် ကြက်ပျောက်ငှက်ပျောက် ဖြုန်းခနဲ ပျံပြေးပျောက်ကွယ်သွားသည်။ ကျွန်မတို့ မနက် အစောကြီးထပြီး နေတက်လာတာ ကြည့်ကြသည်။ ငှက်ကလေးတွေ နိုးကြ၊ စကားပြောကြ၊ သီချင်းဆိုကြတာ နားထောင်ပြီး ဆက်ရက်ကလေးတစ်ကောင် သစ်ပင်ထိပ်ပေါ်တက်နားပြီး ကျကျနန သံနေသံထားနှင့် ကဗျာရွတ်သလို ဂီတဖြစ်စေသည်ကို အံ့သြရွှင်လန်းစွာ ကြည့်ကြ၊ နားထောင်ကြသည်။ ဆတ်ရက်ကလေးမလန့်အောင် အသာကလေး သစ်ပင်အောက်ကဖြတ်ပြီး လမ်းလျှောက်ထွက်ကြသည်။ ပြီးတော့ ကားနှင့် ရောက်ရာ တစ်လှည့်စီ မောင်းကြသည်။ လမ်းမှာ စားစရာဝယ်စားကြသည်။ ပဲခူးဘက် ခဏခဏရောက်သည်။ ခြောက်မိုင်အိမ်ဘက် ပြန်ကြသည်။ အိမ်မှာတော့ မအိပ်ကြ။ အိမ်ကိုသာ သန့်ရှင်းအောင် ကျွန်မ လုပ်ချင်သေးသည်။ နုနုရဲ့ အရိပ်အငွေ့ တစ်စေ့မျှမကျန်အောင် သန့်ရှင်းပစ်ချင်သည်။

တကယ်တော့ နုနု ဘယ်တော့မှ ပြန်လာဖို့မရှိတော့။ အင်းလျားလိတ်ဟိုတယ်သို့မသွားခင် ကိုနှင်းနွယ်ကို ဆေးရုံမှာထားခဲ့ပြီး ကျွန်မ အိမ်ပြန်ခဲ့သေး၏။ နုနုကို ရင်ဆိုင်ဖို့ပေါ့။ ရန်ကို ရင်ဆိုင်ဖို့ပေါ့။ ကျွန်မ သူ့ကို တယ်လီဖုန်းနဲ့ ခေါ်ပါသည်။

"ဟဲလို... အေး"ဟု နုနုက ပေါ့ပေါ့ဆဆ ထူးလေသည်။ ကျွန်မက ဘာမှအစပျိုးမနေတော့၊ "အေးမော်လမြိုင်လိုက်လာတဲ့ နွေးကျောင်းပိတ်ရက် မှတ်မိလား" လို့ မေးပါသည်။

"ဆိုပါဦး"

"အဲဒီတုန်းက ကိုနှင်းနွယ် စာတွေရေးတာ ဖြတ်ယူဖျောက်ဖျက်ပစ်တယ်မဟုတ်လား"

ကျွန်မ နုနုရဲ့မျက်နှာ ဘယ်လိုဖြစ်သွားမယ်ဆိုတာ သိချင်ပါသည်။ ဒါပေမဲ့ နုနုကို မတွေ့ချင်တော့တာမို့ မကြည့်ရလည်း နေပါစေတော့။ သူ့မျက်နှာ ဘာမှလည်း ဖြစ်ချင်မှဖြစ်မယ်မဟုတ် ကျွန်မမသိ။

"ဒေါ်ကြီးလည်း ပါတာပဲ"ဟု နုနုက ဝေ့လည်ကြောင်ပတ်ဖြေသည်။

"လူ့ဘဝမှာ တစ်ခါလောက် မလိမ်မကောက်ဘဲ မုသာဝါဒမပါဘဲ၊ ဟုတ်မဟုတ် တစ်လုံးတည်းဖြေစမ်းပါ" ဟု ကျွန်မက စက်ဆုပ်သံနှင့်ပြောလျှင် နုနုသည် တိတ်ဆိတ်နေရာက ကြိုးစားပြီး ရယ်ဟာဟာလုပ်သော်လည်း

မအောင်မြင်ဘဲ ခပ်ညည်းညည်းအသံဖြင့် "သိပ်စွဲတာနော်" ဟုပြောလေသည်။

ကျွန်မသည် ဆက်လက်ပြီး မေးနေလို့ အကျိုးမရှိသည်ကို နားလည်လိုက်၏။ ထို့ကြောင့် တတ်နိုင်သမျှ အေးဆေးစွာ...

"နုနုကို တစ်သက်လုံး ပြန်မတွေ့ပါရစေနဲ့၊ လမ်းမှာမတော်လို့ ဆုံမိတောင် မမှတ်မိလိုက်ပါနဲ့၊ အေးက နုနုကို ဘယ်တော့မှ မှတ်မိမှာ၊ သိတော့မှာ မဟုတ်ဘူး"

"ကိုနှင်းနွယ်နဲ့ ပြန်တွေ့ကြပြီပေါ့"ဟု သူက လည်ပတ်သူဖြစ်သည့်အတိုင်း ရိပ်မိနားလည်လိုက်ပါသည်။

ကျွန်မက အတော်ပျော်ရွှင်သွားပြီး...

"အို... ပြန်တွေ့ကြတာပေါ့၊ အိမ်ကို ဘယ်တော့မှ မလာပါနဲ့၊ ပစ္စည်းကျန်သမျှ စုပြီး ပို့ပေးလိုက်မယ် ဒါပဲ၊ ဩော်... ဒါထက် တစ်ခုမှတ်လိုက်ပါဦး၊ လောကမှာ ကောင်းမြတ်ခြင်းဆိုတာရှိတယ်၊ ကောင်းသူကို ဘုရားမ တတ်တယ်၊ မာရ်နတ် အမြဲရှုံးတယ်"

ကျွန်မ တယ်လီဖုန်းချလိုက်ပြီး အပြေးပြိုင်ရာမှ ပထမရဖို့ ကျောင်းသူကလေးလို အသံထွက်ရယ်မောနေလိုက်ပါသည်။ ရယ်မောပြီး ရယ်မောရင်း မဆုံးနိုင်တော့ပါ။ စင်စစ် နောက်ဆုံးရယ်သူမှာ ကျွန်မဖြစ်လေသည်။ ကိုနှင်းနွယ်နှင့် ကျွန်မတို့ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ကျွန်မ တကယ်စက်ဆုပ်ရွံရှာသော၊ စင်စစ်မဟုတ်နိုင်သော၊ နုနုအကြောင်းကို စိတ်မချမ်းသာဖြစ်လည်းပြော

ရ ရှင်းလင်းသုတ်သင်ရသည်။ အနာပြည်ဖောက်ပြီး ဆေးကြောပစ်သလိုပေါ့၊ ကိုနှင်းနွယ်က သည်းခံလိမ့်မယ် လို့ ကျွန်မ ယုံကြည်ပြီး အချုပ်အတည်းသိပ်မရှိဘဲ နုနု အကြောင်းကို ကျွန်မရဲ့ နုနုပုံပြင်ကို ပြောရပါသည်။ သို့ရာတွင် ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် ရိုသေခြင်းဖြင့်၊ ရိုးဖြောင့်လိုခြင်း ဖြင့် အမှန်ကိုရှာချင်ခြင်းဖြင့်တတ်နိုင်သမျှ တရားမျှတလို ခြင်းဖြင့်သာ နုနု ပုံပြင်ကို ပြောချင်သည်။ ပြီးတော့ ကိုနှင်းနွယ်ကို ပြန်လည်ရရှိပြီမို့ နုနုပုံပြင်သည် သိပ်ပြီးတောင် အရေးမကြီးတော့ပါ။ သို့သော်လည်း ပြောခဲ့သလို အနာပြည်ဖောက်သလိုပဲ သဘောထားရလည်း ကောင်းတာပဲ။ ပြီးလျှင် နုနုသည် ချန်ရစ်စွန့်ပစ်ခဲ့သော၊ အဖိုးလုံးဝမရှိသော၊ သုညသာဖြစ်သော အတိတ်ဖြစ်သွား လိမ့်မည်။ ဒီနာမည်ကို ကျွန်မ ကြားဖူးတော့မယ် မဟုတ် တော့။ ကျွန်မ ကံကောင်းလာသည်။

❒

နုနုပုံပြင်ကို စရလျှင် ၁၉၄၆ ခုနှစ်မှာ ကံကြမ္မာ ဖန်တီး လိုက်သည့်အတိုင်း ကိုနှင်းနွယ်နှင့် အေးတို့ ကောလိပ် ရောက်လာပြီး သိက္ခမ်းပြီး သုံးလေးလကြာတော့ နုနုသည် ဘင်တန်မှ အင်းလျားသို့ ပြောင်းလာသည်။

စစ်ပြီး၍ ပြည်ကောလိပ်ကျောင်း စဖွင့်သည့်အချိန် ပေါ့။ စစ်အတွင်း ပညာလစ်ဟင်းခဲ့သည့် လူငယ်များ ရန်ကုန်ကောလိပ်သို့ ဝမ်းသာအားရလာကြသည်။ အသက် ကြီး အိမ်ထောင်ကျသွားသူများထဲမှပင် ကျောင်းပြန်တက် ကြသူများ ရှိကြသည်။ သူတို့သည် ကိုနှင်းနွယ်နှင့် အေးတို့လို အလွန်ငယ်ရွယ်သောသူများနှင့် တစ်ခုံတန်း လျားတည်း ထိုင်စာသင်ရသည်ကို နည်းနည်းရှက်နေကြ သည်။ ဆေးကောလိပ်လည်း ပြန်ဖွင့်ပြီး ဆရာဝန်လိုင်းနှင့် အင်ဂျင်နီယာလိုင်း အလွန်ခေတ်စားလာသည်။ လူငယ် တို့သည် ကြီးပွားချင်စိတ်၊ ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားမှ လူငယ်များကို အားကျသည့် ပြိုင်ဆိုင်ချင်သည့်စိတ် မြင့် လာကြတာများသည်။ စစ်အတွေ့အကြုံက လူငယ်အများ

ကို သိမြင်နားလည် ကြီးရင့်စေသည်။ ကမ္ဘာ့အဆင့် အတန်းကိုမီဖို့ မျှော်မှန်းကြသည်။

မိဘက ပို့သဖြင့် ကောလိပ်ရောက်ပြီး ဖဲရိုက်၊ အရက်သောက်၊ မိန်းမလိုက်ပြီး အချိန်ဖြုန်းကြသူများလည်း ရှိသည်ပေါ့။

ကောလိပ်ရောက်ရင် အထက်တန်းစားဆိုသည့်လူ များနှင့် တွေ့ဆုံပြီး ကိုယ်ပါ အထက်တန်းစားဖြစ်ဖို့ လမ်းထွင်နိုင်သူလို့ မျှော်မှန်းရောက်လာကြသူများလည်း ရှိသည်။ နုနုလို...။

နိုင်ငံရေးရာများ ပြောင်းလဲတာကို မသိမီနိုင်ဘဲ အင်္ဂလိပ်ထုံးစံကို စုံမက်တုပပြီး ဟန်ပန်ကြီးချင်ကြသူ များလည်းရှိသည်။ သည်အသိုက်မှာ မြန်မာစကားပြောရမှာ ရှက်သူများဖြစ်၏။ သူတို့ပြောသော အင်္ဂလိပ်စကားမှာ လည်း သိပ်ပီသ အထက်တန်းကျလှသည်လည်း မဟုတ်၊ သို့သော် သူတို့မသိ။ ကောလိပ်လာသည်မှာ ကပွဲကောင်း ကောင်းသွားဖို့၊ အနောက်တိုင်းဆန်တတ်ဖို့၊ အိမ်ထောင်ရေး အဆင်ပြေဖို့လို့လည်း တင်စားကြသည်။

ဤတစ်သိုက်သည် စာပေရေးရာ အနုပညာမှာ ဝါသနာပါကြသူများလည်း ဖြစ်ပြန်တော့ တစ်မျိုးသော လူ့အပြင်ကလူများလို့ နာမည်ပေးထားကြပြန်သည်။

ကိုနှင်းနွယ်နှင့် အေးတို့ကတော့ အေးချမ်းငြိမ်သက် သူများဖြစ်လေတော့ လူစုလူဝေး အမျိုးမျိုးရှိသည့်အထဲ ဘယ်ထဲမှမပါချင်။ နှစ်ယောက်သား လျှင်မြန်စွာ ရင်းနှီး

သွားပြီး တတွဲတွဲရှိနေတာပဲ ပြောစရာရှိလေသည်။ ကိုနှင်းနွယ်ရော ကျွန်မပါ ဂုဏ်ထူးနှစ်ခုစီရပြီး တခြားဘာသာရပ်များမှာလည်း အမှတ်များလှသည်။ အသက် ဆယ့်ခြောက်နှစ်မပြည့်သေးဘဲ ကောလိပ်တက်ခွင့်ရပါသည်။ ကျွန်မက ဒေါ်ကြီးစီမံတိုက်တွန်းချက်အရ ဆရာဝန်လိုင်း လိုက်ရပါသည်။ ဒေါ်ကြီးက LMP ဆရာဝန်ဖြစ်ပြီး ခေတ်ပြောင်းသွားချိန်မှာ အမ်ဘီဘီအက်စ်ဖြစ်ဖို့ ကျောင်းပြန်တက်ရန်လိုသည်။ ကျွန်မ မိဘများ ဆုံးပါးသည့်အတွက် အလုပ်ကထွက်ဖို့ပဲ ဆုံးဖြတ်ပြီး ကျွန်မကို ဆက်လက်စောင့်ရှောက်လာသည်။ ဒေါ်ကြီးအလိုအရ ကျွန်မ ဆရာဝန်လုပ်ရမည်။ တကယ်တော့ ကျွန်မသည် သီချင်းဆို၊ ပီယာနိုတီးချင်စိတ်သာ ရှိလေသည်။ အနောက်နိုင်ငံများမှာ မွေးချင်ရင်တော့ ဂီတပညာသည် သူဖြစ်ရမှာပဲလို့လည်း တောင့်တဖူးသည်။ ဒါမှမဟုတ် ပန်းချီဆရာလုပ်ချင်သည်။ ကျွန်မ ကလေးဘဝတစ်ခုလုံး သူတစ်ပါးမသိစေဘဲ ခဲနှင့်မင်နဲ့ ပုံတူများဆွဲခဲ့သည်မှာလည်း စိတ်ကျေနပ်စရာကောင်းသားလို့ ထင်လေသည်။ သို့သော် ဒေါ်ကြီးအလိုအရ ကောလိပ်မှာပညာသင်ရမည်။ ရန်ကုန်ကောလိပ်မှာ ပန်းချီပညာ၊ သီချင်းဆိုပညာ၊ တူရိယာတီးမှုတ်ခြင်းပညာ သင်ယူစရာ အခွင့်အရေးမရှိ။

ကိုနှင်းနွယ်က ပန်းချီဆရာ ဖြစ်ချင်သူဆိုပြန်တော့၊ စာအုပ်များသာ ဖတ်ချင်သူဖြစ်ပြန်တော့ ထပ်ပြီးစကားများစွာ ပြောလို့ကောင်းပြန်သည်။ ကဗျာအတူရွတ်ပြီး၊

သီချင်းအတူဆို၊ အတူနားထောင်နိုင်သည်။ ကိုနှင်းနွယ်က ဂီတာတောက်တောက်တီးတတ်ပြန်တော့ ပီယာနိုတီးသူ အေးနဲ့ အဆင်ပြေနေပြန်မှာပဲ။ ဒေါ်ကြီးက ယောကျ်ားသူငယ် အိမ်ခေါ်လာတာမကြိုက်၊ အိမ်လာလည်ပါလို့ ရတ်တရက် မဖိတ်ဝံ့၊ ပြီးတော့ ကျွန်မ အင်းလျားဆောင်မှာနေတာများ ပြီး အိမ်ကို တစ်လတစ်ခေါက်မှ မှန်မှန်မပြန်တာမို့ သူ ကလည်း အင်းဝဆောင်သားမို့ ညနေကျောင်းပြီးချိန်သာ ဧည့်ခန်းမှာ တွေ့ဆုံနိုင်၊ အင်းလျားကန်သို့ လမ်းလျှောက် သွားနိုင်ကြလေသည်။ ကျွန်မ ကားနှင့် မောင်းလိုရာမောင်း သွားနိုင်သေးသည်။

ကျွန်မအဖို့ ရန်ကုန်ယူနီဗာစီတီမှာ ၂ နှစ်နေပြီး ဆေးကျောင်းကို ပြောင်းရမည်ဖြစ်သော်လည်း အင်းလျား မှာ ၇ နှစ်လုံးလုံး ဆက်နေဖို့ဆုံးဖြတ်ပြီးသား၊ အင်းဝ ဆောင်နဲ့ နီးသည်ကို။ ကောလိပ်မရောက်ခင်ကတည်းက ရူပဗေဒနှင့် ဓာတုဗေဒ ယူလာသူမို့ ဘိုင်အိုတစ်ခုသာ ကျက်မှတ်ဖို့ရှိပြန်သည်။ အင်္ဂလိပ်စာနှင့် မြန်မာစာမှာ ကျွန်မ ဂုဏ်ထူးရသော ပညာရပ်များပင်၊ ဒီတော့ ဆေး ကျောင်းမရောက်ခင် နှစ်နှစ်မှာ ရန်ကုန် ယူနီဗာစီတီမှာ ကျွန်မအဖို့ တပင်တပန်း စာကျက်ရမည့်နှစ်များမဟုတ်၊ မရည်ရွယ်သော်လည်း နှစ်နှစ်မျှ ခပ်အေးအေးနေပြီး ဝတ္ထု ဖတ်၊ ရုပ်ရှင်ကြည့် ဖြစ်နိုင်ရင် ခပ်ပျော်ပျော်ရွှင်ရွှင်နေဖို့ ပင်၊ သို့သော် မိဘမဲ့သူမို့လားမသိ၊ ရယ်ရွှင်ဟက်ပက်မနေ တတ်ခဲ့ရာ ကျွန်မကို သိပ်ပြီးတည်တာပဲ၊ ငြိမ်တာပဲ၊

လူကြီးကလေးလိုပဲ၊ ဆယ့်ငါးနှစ်သမီးကလည်း နှစ်ဆယ့်ငါးနှစ်သမီး ကျနေတာပဲ စသဖြင့် အပြောခံရတတ်သည်။ ဒေါ်ကြီးကလည်း အပျိုကြီးဆိုတော့ အိမ်ထောင်ပြုတာ၊ ရည်းစားထားတာ မလိုလားအပ်သောကိစ္စများလို့ သွန်သင်နည်းပြ ဆုံးမခဲ့လေရာ ကျွန်မသည် သူငယ်ချင်းမိတ်ဆွေဆို၍ ကျောင်းမှာသာတွေ့ဆုံနိုင်ပြီး အိမ်လည်းမလည်ရ၊ မလည်တတ်၊ ဒေါ်ကြီးမပါဘဲ မသွားရ၊ မသွားတတ်၊ တစ်ယောက်တည်းနေလေ့ရှိခဲ့တာအမှန်ပင်။ ဆယ်တန်းရောက်မှ ကားမောင်းခွင့်ရပြီး အိမ်ပြင်ကို တစ်ယောက်တည်း ထွက်ခွင့်ရလေသည်။ ဒေါ်ကြီးက သိပ်မကြိုက် "လူတွေက သိပ်ရှေးဆန်သေးတယ်၊ အေး ကားမောင်းထွက်တာကို ကဲ့ရဲ့တာ ကိစ္စမရှိဘူး၊ မကောင်းကြံသူက ကြံနိုင်တယ်"

ကျွန်မက မယုံနိုင်ဘဲ "ဒေါ်ကြီးကလည်း ဘယ်သူက အေးကို မကောင်းကြံချင်မှာလဲ၊ အေးမှာ ရန်သူမရှိပါဘူး"ဆိုတော့ ဒေါ်ကြီးက "အေးမသိတာတွေ လောကမှာ အများကြီးရှိသေးတယ်"ဟု မပြီးမပြတ်ပြောပါသည်။

ကျွန်မ မသိတာတွေ အများကြီးရှိသေးတာ တကယ်ပါပဲ။ တစ်ခါတစ်ရံ ကျွန်မသည် မယုံနိုင်အောင် အလှန့်လှပါသေးသည်။ ကျွန်မဘဝမှာ ဘယ်တော့မှ ရန်သူဆိုတာ ပေါ်လာလိမ့်မယ်မထင်၊ လောကမှာ မလိုအပ်သည့်ကိစ္စများသည် ဘယ်တော့မှ ဖြစ်လာလိမ့်မယ်လည်း မဟုတ်လို့သာ စိတ်ကူးရှိပါသည်။ ရန်သူသည် သူငယ်ချင်းယောင်

ဆောင်ကာ ညီအစ်မယောင်ဆောင်ကာ အလွယ်တကူ မသိမြင်နိုင်ဘဲ ကျွန်မထံ ရောက်ရှိဖို့ မဖြစ်နိုင်။ ဒါပေမဲ့ ပြောခဲ့သည့်အတိုင်း ကျွန်မသည် အလွန် အတတ်၊ နံ့တတ်၊ ယုံတတ်သူဖြစ်နေတတ်ပြီး ရန်ကိုမတွန်းလှန်တတ်၊ မခုခံတတ်ရုံမက ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကြာပြီးမှ သြော် အဲဒီတုန်းက အဲဒီလို မကောင်းကြံတာ ခံခဲ့ရပါကလား၊ အဲဒီရန်သူဟာ အေးရဲ့ဘဝကို လမ်းကြောင်းပြောင်းပစ်ခဲ့တာပါကလား၊ ရန်သူမှန်း နည်းနည်းမှ မရိပ်မိခဲ့ပါကလား လို့ သိမြင်ရင်နာ ဒေါသဖြစ်ရတော့သည်။

ညီအစ်မဆိုသော်လည်း သိပ်ပြီး တွေ့ဆုံခဲ့ဖူးသည် မဟုတ်တော့ ပထမတော့ ခပ်စိမ်းစိမ်းပင်၊ နုနုက အသက်လျှော့ထားသဖြင့် ကျွန်မထက် တစ်နှစ်ငယ်နေသေးသည်။ ကျွန်မကတော့ ယုံတတ်သူ၊ ဘယ့်နှယ်လုပ်ပြီး ဆယ့်လေးနှစ်နဲ့ ကောလိပ်ရောက်လာလိမ့်လို့ အံ့ဩတော့ နုနုက "အသက်လိမ်ပြောပြီး ဝင်ရတာပေါ့"လို့ ဖြေရှင်းပါသည်။ ကျွန်မကို မမအေးလို့ ခေါ်ခိုင်းရင်တော့ နုနုသည် စိတ်မလုံဖြစ်ကာ အို နုနဲ့အေးပေါ့၊ ရွယ်တူသူငယ်ချင်းပေါ့လို့ ပြောသည်။ ကျွန်မ သူ့ကို ကိုယ့်ထက်ငယ်သူလို့ သည်းခံချင်စိတ်ထားခဲ့သည်။ သူက နှုတ်ချိုချင်ရင် သိပ်ချိုတတ်၊ စကားပြောကောင်း၊ သွက်လက်သူ၊ လောက လူမှုရေးရာ သိတတ်သူ၊ စာမဖတ်၊ ပန်းချီမဆွဲသော်လည်း သိချင်းတော့ ဆိုတတ်သူ၊ ကလည်း ကတတ်သူ၊ လှလှပပ ဝတ်စား ပြင်ဆင်တတ်သူ၊ အင်းလျားမှာ အသိမိတ်ဆွေများစွာ

ချက်ချင်းဖြစ်ပြီး အခန်းတကာ တစ်ညနေလုံး လျှောက်လည် စကားများတတ်သူ၊ စာမကျက်ချင်ဘဲ အလွယ်ဆုံးဘာသာ ရပ်ကိုယူသူ၊ ကျွန်မနှင့် သိပ်တွဲဖက်မိဖို့မရှိ။

မှတ်မိသေးသည်မှာ အင်းလျားရောက်ကတည်းက ကျွန်မ အိပ်လို့မရ၊ ဘာတွေကိုက်မှန်းလည်းမသိ၊ သိပ်ယား နာတာပဲလို့ ပြောမိတော့ နုနုကလာပြီး ကျွန်မခုတင်ကို ကြည့်ပြီး "သြော်... ဖြစ်မှဖြစ်ရတယ်၊ အိပ်ရာမခင်းခင် ခုတင်ကို လှဲကျင်းဖုန်သုတ်ရတယ် အေးရဲ့"လို့ ဆိုပါသည်။ အင်းလျားဆောင်မှာပေးသော ခုတင်များမှာ ဝါးကြမ်းခင်း လေ့ရှိရာ အိပ်ပျော်ရင်း လူးလွန့်လျှင် တချပ်ချပ်မြည်တတ် သေးသည်။ နုနုက တံမြက်စည်းတစ်ခု ရှာဖွေယူလာပြီး ကျွန်မခုတင်ကို ရှင်းလင်းသုတ်သင်ပေးပါသည်။ ကိုက်တတ် သော ပိုးကောင်များရှင်းသွားပြီး ထိုညမှစပြီး ကျွန်မ ကောင်းစွာ ကျေးဇူးတင်စွာ အိပ်ရပါသည်။ နုနုက သိပ် စိတ်ကောင်းစေတနာကောင်းသူ၊ ကျွန်မကို ကူညီချင်သူ၊ သူငယ်ချင်းကောင်းဖြစ်မည့်သူလို့ ယုံကြည်လိုက်ပါသည်။ နုနုက ချက်ပြုတ်တတ်သူ၊ စားကောင်းသောက်ကောင်း ရှာဖွေတတ်သူ၊ အိမ်သိမ်းတတ်သူလည်း ဖြစ်သေးသည်။ ကြမ်းပြင်ကို ပေါလစ်သုတ်ပြီး ဖိနပ်မစီးရလို့ တားမြစ်ပါ သည်။ ကျွန်မက ဂရုမပြုဘဲ ဖိနပ်မချွတ်တော့ သူ လက် လျှော့သွားပါသည်။ ကျွန်မ စကားများများမပြောတတ်၊ စာဖတ်နေရုံသာ နေတတ်လျှင် နုနု ပျင်းလာပြီး အခန်းလည် ထွက်လေ့ရှိသည်။

ညနေ ခြောက်နာရီထိုးလျှင်တော့ အင်းလျားဆောင် ဧည့်ခန်းမှာ လူပြည့်နေတတ်သည့်အတွင်းမှာ ကျွန်မအပါ အဝင်ဖြစ်သည်။ နုနုမှာလည်း သူ့မော်လမြိုင်က မိတ်ဆွေများ လာသည်ကို ဧည့်ခံလို့မဆုံး၊ ကျွန်မမိတ်ဆွေကတော့ ကိုနှင်းနွယ်တစ်ယောက်တည်းပင်။

ပြီးတော့ ကိုနှင်းနွယ်သည် ညနေတိုင်း မှန်မှန်လာခဲ့တော့သည်။ တစ်ခါတစ်ရံ သူ့အဆောင်မှ မိတ်ဆွေတစ်ယောက်နှစ်ယောက် ခေါ်လာတတ်သည်။ အများအားဖြင့်တော့ ကျွန်မနှင့်သူ နှစ်ယောက်တည်းဖြစ်ကာ စကားဦးတည်တာ ဘာမှအစီအစဉ်မရှိ ပြောတတ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စာအုပ်လှဲလှယ်ဖတ်ထားသည်ကို ဆွေးနွေးတတ်သည်။ သူက ခဲနှင့်ဆွဲသော ရုပ်ပုံများစွာ ယူလာပြီး ပြတတ်သည်။ အများအားဖြင့် သူ့အင်းဝဆောင်မှ လူငယ်တို့၏ ခေါင်းပုံများ၊ မျက်နှာများဖြစ်သည်။ ဘယ်တုန်းက ကူးယူလိုက်မှန်းမသိသော ကျွန်မရဲ့ မျက်နှာတစ်ခြမ်းပုံ၊ ဆံပင်ရှည်လေလွင့်ဟန်၊ ငေးမောနေဟန်၊ စာအုပ်ငုံ့ဖတ်နေဟန် စသည်တို့ကိုပြပြီး ကျွန်မ အံ့အားသင့်သည်ကို သူက သဘောကျ ရယ်မောတတ်သေးသည်။

"သူ သိပ်တော်တာပဲ၊ ပန်းချီဆရာဖြစ်မယ့်လူပဲ" လို့ ကျွန်မက ချီးကျူးလျှင် သူ ပွင့်လင်းစွာ ကျေနပ်ဝမ်းသာတတ်ပါသည်။

"နိုင်ငံခြား ပန်းချီကျောင်းတစ်ခုမှာ သွားတက်ချင်တယ်" လို့လည်း ညည်းညူတတ်သည်။

"သွားပါလား၊ သွားချင်ရင်"

"ပိုက်ဆံမတတ်နိုင်ဘူး"

"အေးက ပို့ပေးမှာပေါ့"လို့ ကျွန်မက အတည်လို လို နောက်ပြောင်သလိုပြောလျှင် "အေး ချမ်းသာမှန်းသိပါ တယ်၊ ကျွန်တော်လည်း သိပ်သွားချင်တာပဲ၊ ဒါပေမဲ့ အဖေကလည်း နောက်မိန်းမနဲ့ ကလေးအငယ်လေးတွေ နှစ်ယောက်နဲ့ ကျွန်တော် သူ့ကို ဒုက္ခပေးရမှာ သိပ်အား နာတာပဲ"ဆိုပါသည်။

"သူ့မေမေက ဘယ်မှာလဲ"

"ဆုံးသွားပြီ၊ အမေမသေခင် ကျွန်တော့်ကို အဖေ မသိအောင် ပေးခဲ့တဲ့ လက်ဝတ်လက်စားတွေ အဖေတောင်း တော့ ပေးလိုက်တယ်၊ ကျွန်တော့်လက်ထဲ ဘာမှမရှိတော့ ဘူး၊ အမေ့နာမည်နဲ့ ကလောမှာ အိမ်ကလေးတစ်လုံးရှိ တာတော့ ကျွန်တော် မိန်းမယူရင် လက်ဖွဲ့အဖြစ်ရမယ်ဆို တယ်၊ မိန်းမမြန်မြန်ယူပြီး အိမ်ရတော့ ရောင်းပြီး ပဲရစ်ကို သွားမှ ထင်ပါရဲ့"

"မိန်းမကို ပစ်ထားခဲ့မယ်..."လို့ ကျွန်မ အံ့သြ လျှင် သူက ပြုံးရုံပြုံးသည်။ အဲဒီကတည်းက ကျွန်မစိတ် ကူးထားသည်မှာလည်း ဆေးကျောင်းပြီးရင် အလုပ်မဝင် သေးဘဲ ခြံမြေတစ်ဝက်ရောင်းပြီး အင်္ဂလန်စာသင်သွားဖို့ ပင်။

"အေးလည်း ဒီလိုပဲ"ဟု သူ့ကိုပြောပြလိုက်ပါ သည်။

"အေးက ဆေးကျောင်းပြီးဖို့ရာ ခုနစ်နှစ်တောင် လိုတာနော်၊ အကြာကြီးပဲ၊ ကျွန်တော်ကတော့ ဒီဂရီရအောင် လေးနှစ်တောင် ဒီမှာမနေချင်တော့ဘူး၊ ဒီဂရီရတော့ ဘာလုပ်မှာလဲ"

ကျွန်မတို့ ဘာမှမပြောတတ်ဘဲ တိတ်ဆိတ်နေဆဲ။

"ကျွန်တော် အခု အလုပ်ထွက်လုပ်ရင် အောက်တန်းစာရေးတော့ ဖြစ်မှာပဲ၊ တစ်လ တစ်ရာကျော်ရတယ် ဆိုလား"

"ဘာကိစ္စလဲ"လို့မေးတော့–

"မသိဘူးလေ၊ မိန်းမ လုပ်ကျွေးရအောင်ထင်ပါရဲ့"

ကျွန်မတို့ ရယ်ကြသည်။

"အေး ပဲရစ်ကို မသွားချင်ဘူးလား"လို့ သူက ပြုံးပြီးမေးတော့–

"လန်ဒန်နဲ့နီးနီးလေးပဲ"လို့သာ ကျွန်မ ပြောနိုင်သည်။

"လမင်းနဲ့ခြောက်ပဲနိဆိုတဲ့ဝတ္ထု ဖတ်ရတယ်မဟုတ်လား၊ အဲဒါ ဂိုဂင်ရဲ့ဘဝကို တစ်မျိုးပြန်ရေးထားတာလေ၊ အဲဒီလူဟာ သူစုံမက်တဲ့အလုပ်တစ်ခုကို လုပ်ချင်တာနဲ့ လက်ရှိဘဝကိုပစ်ပြီး စွန့်ထွက်သွားတာ၊ သိပ်အံ့ဩဖို့ကောင်းတာပဲ၊ ကျွန်တော့်မှာ အဲဒီလောက် သတ္တိမရှိပါဘူး"

"သူ့အသက် ဆယ့်ငါးခြောက်နှစ်မှာ ဒီလိုသတ္တိမျိုး ဘယ်ရှိနိုင်မလဲ"ဟု ကျွန်မကပြောလျှင် သူက အလွန်တည်ကြည်စွာ မျက်လုံးများတော့ စူးရှပြောင်လက်လာပြီး...

"အသက်က အရေးမကြီးပါဘူး၊ ကျွန်တော် တစ်ခါမှ ဆယ့်ငါးနှစ်ရှိသေးတယ်၊ ဆယ့်ခြောက်နှစ်ရှိသေးတယ်လို့ သတိမရတတ်ပါဘူး၊ အမေဆုံးသွားကတည်းက လူကြီးဖြစ်လာတယ် ထင်တာပဲ၊ အမေက ကျွန်တော့်လက်ပေါ်မှာ အသက်ရှူရခက်ပြီး မောနေတာ အကြာကြီးပဲ၊ အမေ ကျွန်တော့်ကို သိပ်ချစ်တာပဲ၊ ကျွန်တော် မိတဆိုးဖြစ်မှာ သိပ်ကြောက်တယ်တဲ့၊ မသေဘဲဆက်နေရအောင်လည်း မလုပ်တတ်ဘူးတဲ့၊ အဖေက နောက်မိန်းမမြန်မြန်ယူတတ်တဲ့လူမျိုးတဲ့၊ အမေနဲ့ အဖေက သိပ်မတည့်ဘူး၊ စကားတောင် အကြာကြီးမပြောဘဲ နေတတ်ကြတယ်။ သားမဆင်းရဲအောင်တဲ့ အမေက သူ့လက်ဝတ်လက်စားတွေ ပေးခဲ့တယ်၊ အဖေမသိစေနဲ့တဲ့"

ကျွန်မသည် ကိုနှင်းနွယ်အတွက် တိတ်ဆိတ်စွာငိုခဲ့သည်။ မျက်ရည်များကို ကျွန်မ မသုတ်ဘဲ မျက်နှာတစ်ဖက် လှည့်ထားလိုက်ပါသည်။ သူ သိသွားမှာ စိုးလှသည်။

"အမေ့ စိန်လက်ကောက်တစ်ရံလောက် ပြန်ရရင် ရောင်းပြီး ပဲရစ်သွားချင်ပါတယ်"

"ပြီးတော့ ဂိုဂင်လို ဆင်းရဲငတ်ပြတ်ရှုးသွပ် ဖြစ်လည်းဖြစ်စေ၊ ပန်းချီကောင်းကောင်း ဆွဲမယ်ပေါ့"

သူက ခြောက်သွေ့သော ရယ်မောခြင်းဖြင့်–

"ပန်းချီကောင်းဆွဲဖို့ရာ ငတ်ပြတ်ရှူးသွပ်မှ မဟုတ်ပါဘူး အေးရယ်၊ ခေတ်တွေ ပြောင်းလဲသလိုပဲ လူ့ဘဝ

ပုံစံတွေလည်း ပြောင်းလဲနေမှာပဲ၊ ပီကာဆိုကိုကြည့်ပါဦး ဘယ်လောက် ချမ်းသာနေပြီလဲ"

ကိုနှင်းနွယ်သည် သူ့အဖေရှိရာ မန္တလေးသို့ တက်သွားတတ်သည်။ ရွှေမြန်မာ ပန်းချီကားတွေ ရှာဖွေဖို့တဲ့။ စစ်ကိုင်း၊ ပုဂံ စသည်ကိုလည်း သူ သွားတတ်ပြန်သည်။ အောက်ပုဇွန်တောင်မှ ပန်းချီဆရာကြီး ဦးရွှေလှိုင် ခရီးလှည့်ရာ ပါသွားတတ်ပြန်သည်။ ကျောင်းရောက်သော ပထမနှစ်ကတည်းက သူ ကျောင်းမှန်မှန်မတက်ဖြစ်ပါ။

"အေးလူက ဘယ်လိုလဲ"ဟု နုနုက မေးမြန်းတတ်ပါသည်။

"ဘာ အေးလူလဲ"လို့ ကျွန်မက မေးပြန်လျှင်–

"ပန်းချီဆရာ နှင်းနွယ်လေ၊ သူ့လက်ရာတွေ မဂ္ဂဇင်းတွေထဲ ခဏခဏ ပါနေတာလေ၊ ငယ်ငယ်လေးနဲ့ အတော်လူသိများနေပြီ"

"ဩော်... နုက ဒါတွေ စိတ်ဝင်စားသားပဲ"ဟု ကျွန်မ ပြောမိလျှင်–

"အင်းလျာတစ်ဆောင်လုံး သိတာပဲ၊ အေးရဲ့လူက ပန်းချီဆရာနှင်းနွယ်၊ ကျောင်းဘယ်တော့မှမတက်လို့ ဆရာတွေ ခဏခဏ အပွက်ခံရတဲ့သူ၊ ဘယ်တော့မှ ကြီးပွားမယ့်သူမဟုတ်ဆိုတာ နာမည်တော့ အတော်ကြီးလာသား"

"အေးရဲ့ မိတ်ဆွေပါ"

နုနုက ပြုံးတစ်ဝက်၊ မဲ့တစ်ဝက်နဲ့ "အေးရဲ့မိတ်

ဆွေက တစ်ခါတစ်ခါ ပျောက်သွားပေမဲ့ လာတဲ့အခါ ညနေတိုင်း လာနေတာ ဘာတွေများ ပြောစရာရှာတွေ့နိုင်ကြပါလိမ့်၊ ညနေတိုင်း သုံးလေးနာရီဆက်တိုက် ဧည့်ခန်းတံခါးပိတ်တော့တောင် မပြန်ချင်သေးသလိုပဲ၊ တော်တော်ခင်တဲ့ မိတ်ဆွေနော်”

“တော်တော်ခင်ပါတယ်”လို့သာ ကျွန်မဝန်ခံလျှင်

“ချစ်လိုက်တာ၊ ကြိုက်လိုက်တာလို့ တစ်ခါမှ မပြောကြဘူးနော်”

ကျွန်မ အတော်စိတ်ဆိုးသွားပါသည်။ ကျွန်မသည် ငယ်ရွယ်ရုံမက နုနုပြောဆိုပုံကို သေးသိမ်သည်လည်း ထင်လေတော့ စိတ်မချုပ်တည်းချင်ဘဲ ဒေါသထွက်ချင်တိုင်း ထွက်လိုက်ပါသည်။

“ဒီမှာနုနု၊ သူနဲ့အေးဟာ အင်မတန်ကောင်းတဲ့ မိတ်ဆွေတွေ၊ အဲဒါဟာ အရေးကြီးဆုံးပဲ၊ သူ့စိတ်ကူးတွေ၊ သူ မျှော်မှန်းတာတွေ၊ သူကြိုးစားတာတွေကို အေး ရိုသေတယ်၊ ယုံကြည်တယ်၊ အားပေးမယ်၊ သူ့ကို နုနုရဲ့ တန်ဖိုးဖြတ်နည်းမျိုးနဲ့ အေး တန်ဖိုးမဖြတ်ဘူး”

နုနုက နားမလည်နိုင်။ “နုနုက ဘယ်လို တန်ဖိုးဖြတ်လို့လဲ၊ အေးကကော ဘယ်နည်းဘယ်ပုံနဲ့ တန်ဖိုးတစ်မျိုးဖြတ်နိုင်မှာလဲ၊ ပြောပါဦး၊ ခုကြည့်လေ ကောလိပ်ရောက်လာတယ်၊ ပညာကြိုးစားရမယ်၊ ဒီဂရီရရင် ကြီးပွားတဲ့အလုပ်ကို ရှာရမယ်၊ ကိုယ်ပိုင်အလုပ် လုပ်မလား၊ အရာရှိလုပ်မလား၊ အိမ်ထောင်ပြုရင် သားမယားကို ဘယ်

လိုအခြေမျိုးမှာ ထားနိုင်မလဲ၊ အဲဒါ လူတိုင်းနားလည်တဲ့ တန်ဖိုးဖြတ်နည်း တစ်ခုတည်းသောနည်း မဟုတ်ဘူးလား၊ အေးတို့ရဲ့ ပုံစံအတိုင်း စာသံပေသံနဲ့ပြောရရင်…”

ကျွန်မစိတ်တွင်းမှ ပြောသည်မှာတော့ နုနုဟာ သူကိုယ်တိုင်တော့ ပညာသင်ချင်သူမဟုတ်ဘူး၊ ကောလိပ်ကို အခွင့်အရေးကောင်းရှာဖို့ ရောက်လာတာ၊ သူ့အကြံက အရာရှိကတော်၊ သူဌေးကတော် စသဖြင့် ဖြစ်ဖို့ပဲ။

ကျွန်မက “ကိုနှင်းနွယ်ဟာ ဘယ်တော့မှ အရာရှိဖြစ်မယ့်လူ မဟုတ်ဘူး၊ ဘီအေ၊ ဘီအက်စ်စီအောင်ပြီး ကိုယ်ပိုင်အလုပ် လုပ်စားမယ့်လူလည်း မဟုတ်ဘူး၊ သူ့မှာ စိတ်ကူးတစ်မျိုးရှိတယ်၊ သိပ်ကြီးမားတဲ့ အင်အားတစ်ရပ်ရှိတယ်၊ အဲဒီ အင်အားဆွဲဆောင်ရာကို သူ ဝမ်းသာအားရ လိုက်မှာပဲ၊ သူ ပန်းချီပဲဆွဲချင်တယ်”

“အဲဒါပြောတာပေါ့”ဟု နုနုက အားရပါးရ ထောက်ခံပါသည်။ “သူ ဘယ်တော့မှ ချမ်းသာမယ့်သူ မဟုတ်ဘူး၊ သူ့ယူမယ့်မိန်းမတော့ သနားလိုက်ပါသေးရဲ့”

ကျွန်မက ဘာမှမပြောဘဲ နေလိုက်လျှင် နုနုက တစ်ဖန်ဆက်ပြန်သည်။

“တို့ကောလိပ်ရောက်လာတာ နှစ်ဝက်တောင်ရှိတော့မယ်၊ အချိန်ကလည်း အကုန်မြန်လိုက်တာ၊ ပါတီတောင် စုံအောင်မတက်ရသေးဘူး၊ မိတ်ဆွေသူငယ်ချင်း အများကြီးဖြစ်တယ်၊ အေးက ဆေးကျောင်းသွားမယ့်သူငယ်ချင်းပဲတွေ့တာ၊ နုက ပါတီမျိုးစုံမှာ လူမျိုးစုံတွေ့ရတယ်၊

ဘယ်သူဟာ ဘယ်သူ့သားသမီးဖြစ်ပြီး ဘယ်လိုအခြေ ရောက်နိုင်တယ်၊ ကြီးပွားနိုင်တယ်ဆိုတာ ခုကတည်းက သိနိုင်တာပဲ၊ ဥပမာဆိုပါတော့...”

နုနုသည် ကျွန်မတို့ လေးဆယ့်ခြောက်ခုနစ် ကျောင်းသူကျောင်းသားများတွင် ဘယ်သူချမ်းသာ၍ ဘယ်သူရာထူးကြီးရနိုင်မည်ဆိုတာတွေ စေ့စေ့ငငု သိထားသမျှ ခပ်ပြောင်ပြောင်ပင် တရားပြပါလေသည်။ မှတ်တမ်းစာအုပ်နှင့် အပြည့်ရေးချ၊ အလွတ်ကျက် မှတ်သားထားသည် ထင်ရသည်။ ရန်ကုန် အထက်တန်းလွှာ လူစားမျိုးသာ နုနုအဖို့ စိတ်ဝင်စားစရာဖြစ်ရမည်။ နုနုကို ဆန်စက်သူဌေးသမီးလို့ လူငယ်များ စိတ်ဝင်စားကြကြောင်းလည်း ပြောပြပေသည်။

“ပြီးတော့ အေး... နု စေတနာတကယ်ရှိလို့ ပြောတာ၊ အေးကို ညှိုးငယ်တယ်လို့ ဘယ်သူမှ မထင်စေချင်ဘူး၊ အေး ကိုယ်ပိုင်ကားနဲ့ ကျောင်းလာနေတာ လူများကို ခဏခဏ သတိပေးရတယ်၊ အေးက ဝတ်ကောင်းစားလှလည်း ရှိပါရက်နဲ့ မဝတ်ဘူး၊ ဘာကြောင့်လဲ စိန်ရွှေရတနာလည်း ဒေါ်ကြီးနဲ့ ထားခဲ့တယ်ဆို၊ အနည်းဆုံး ပါတီသွားရင်ဝတ်ဖို့ ကောင်းတာပေါ့၊ ပြီးတော့ ပါတီလည်း သိပ်မသွားဘူး၊ နုတော့ ရှင်းရှင်းပဲ ပါတီမှာ လူတွေနဲ့တွေ့ရတာ သိပ်ပျော်တာပဲ၊ ကွန်ဗင့်နဲ့ ဘရာသာ စကူးကျောင်းထွက်တွေနဲ့ ကပွဲတောင် တက်ချင်သေးတယ်၊ ဖေဖေ ကြားသွားပြီး ဆူမှာစိုးလို့သာ၊ ဖေဖေက စိတ်မထင်ရင် မော်လမြိုင်ပြန်ခေါ်မှာ၊ ဖေဖေက မြန်မာဆန်ချင်ရင်

သိပ်ဆန်တာ၊ ကပွဲတက်တာ မကြိုက်ဘူး”

ကျွန်မက နုနုကို ငေးမောပြီး ကြည့်နေလိုက်ဆဲ နုနုသည် ဆက်လက် စကားများနေသည်။ နုနုသည် အမှန် အသက် နှစ်ဆယ့်နှစ်နှစ် ပြည့်လုပြီဆိုတာ သိခဲ့ရပြီ။ သူ့အဖို့ လူ့ဘဝမှာ ခြေသွက်လက်သွက်ရှိမှ ‘ကြီးပွား’ နိုင်မည်ဆိုတော့ ကောလိပ်မှစ၍ ခြေသွက်ရပေတော့မည်။ အိမ်ထောင်ကျ အလုပ်မလုပ်၊ ကလေးတစ်ယောက်နှစ်ယောက်မွေး၊ အိမ်ကြီးခြံကြီး ကားကြီးနှင့် စိန်ရွှေနဲ့ ပါတီပွဲမျိုးစုံနဲ့ အချိန်ကုန်ပြီး သူ့အဖို့ ပြည့်စုံပြီဆိုသောဘဝကို သူ ရှာရမည်။ ခက်ခဲမည်လည်းမဟုတ်ပါ။ နုနုသည် ကျွန်မမျက်စိထဲ လှပသူမဟုတ်သော်လည်း သူ့ကိုယ်သူ လှတယ်ထင်ခြင်းက သူ့ကို ရဲရင့်စေသည်။ အထောက်အပံ့ ပေးလိမ့်မည်။ သူ့မှာ ဖောင်းကြွသော ရင်သားများ ရှိတာကလည်း အရေးကြီးပြီး ယောကျ်ားတို့ စွဲမက်သော ကိစ္စတစ်ရပ်ဖြစ်တာ အမှန်ပဲ၊ အဖိုးတန် ပုံကျသော ဘော်လီမှ ဝတ်ရမည်။ နုနုသည် သူ့ရင်သားများအတွက် အလွန်မာနမြင့်မောက်လေသည်။ နုနုအဖို့ ဘာမှ ပူစရာ မရှိ၊ မိဘအင်အားနှင့်ပင် ဘဝမှာ “အောင်မြင်” “ကြီးပွား” နိုင်ပါသည်။

ဘယ်သူမှ နုနုကို ကောလိပ်ကထွက်ပြီး ယောကျ်ားနောက်လိုက်ပြေးလိမ့်မယ်လို့ မထင်ခဲ့။ အထူးသဖြင့် ပန်းချီဆရာနှင်းနွယ်လို လူ့အပြင်က လူမျိုးနှင့် ထွက်ပြေးမယ်လို့ မထင်နိုင်။ အေးကို နုနုပဲ အထပ်ထပ်ပြောခဲ့သည်၊

သူဟာ ဘယ်တော့မှ ကြီးပွားမယ့်သူမဟုတ်ဘူး၊ သားမယား ကို ထမင်းတောင် ဝအောင်ကျွေးနိုင်မယ့်သူ မဟုတ်ဘူး။

အေးနဲ့သူ တကယ်ကြိုက်မနေကြပါဘူးနော်လို့တော့ နုနု ခဏခဏမေးမြဲပင်။

အေးကလည်း ခေါင်းမာစွာပင် "ကိုနှင်းနွယ်ဟာ အင်မတန်ခင်တဲ့ သဘောထားချင်းတူတဲ့ မိတ်ဆွေပါ"လို့ ပြောခဲ့သည်။ အမှန်ပြောခဲ့တယ်လည်း ထင်ပါသည်။

သတိရသည်မှာ ကိုနှင်းနွယ် အေးကို စူးရှပြောင် လက်သော မျက်လုံးများနှင့် ကြာရှည်ကြည့်မောလျှင် သူ့နဖူးပေါ် ဝဲကျလေ့ရှိတဲ့ ဆံပင်ခွေကို စိတ်ဝင်စားလိုက် သည်။ သူဟာ တော်တော်ကြည့်ကောင်းတဲ့လူပါပဲ။ ပေါ်လွင်ချွန်မြတဲ့ နှာတံနဲ့ ပိရိပြတ်သားတဲ့ နှုတ်ခမ်းနဲ့ အဓိပ္ပာယ်ရှိတဲ့ မျက်လုံးများနဲ့ ပုံပန်းကျတဲ့မျက်နှာနဲ့ အရပ်လည်းရှည်၊ ပခုံးလည်းကျယ်၊ ဟား...ဟား လူချောပဲ၊ သူ အေးကိုချစ်သလားလို့ ကျွန်မက စတင်မေးရမှာလား လို့ တွေးတတ်သည်။

"အေး ပဲရစ်မသွားချင်ဘူးလား"ဆိုတာကတော့ ကျွန်မတို့နှစ်ယောက်ရဲ့ လျှို့ဝှက်သော ပြက်လုံးကလေးပင်။

"လန်ဒန်နဲ့ အနီးကလေးပဲ"ဆိုတာကလည်း အေး ရဲ့အဖြေ။

ကျွန်မနှင့် ကိုနှင်းနွယ်တို့ ပိုမိုရင်းနှီးလာပြီး လမ်း လျှောက်ထွက်ကြ၊ ရုပ်ရှင်ကြည့်ကြ၊ ကားမောင်းထွက်ကြ ရင်တော့ နုနုသည် တော်တော်စိုးရိမ်လာဟန်ပြသည်။

"နုနု ကြားဝင်ဖြတ်တယ် မထင်ပါနဲ့အေးရယ်၊ ညီအစ်မ သူငယ်ချင်းမို့ ကောင်းစားစေချင်၊ မဆင်းရဲစေချင်လို့ပြောတာပါ၊ သူ့ကိုယူရင် အေး ဒုက္ခရောက်မှာ"

"သူနဲ့အေးနဲ့ ယူမယ်လို့ ဘယ်သူကပြောလို့လဲ"

"အေးတို့ ကြိုက်နေတာ မဟုတ်ဘူးလား"

"အေးတို့ ချစ်နေကြသလားလို့ တစ်ခါမှ မဆွေးနွေးဖူးဘူး"ဟု ကျွန်မက ပြုံးပြီးပြောလိုက်ကာ ပိုပြီးပြုံးရယ်လိုက်သည်။

"အေးကို ချစ်တယ်လို့ မပြောဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာလို့ နာမည်ပျက်ခံပြီး သူနဲ့ထွက်နေရတာလဲ"

ကျွန်မသည် နုနုကို စိတ်ထားနုံညံ့သူလည်း ထင်လိုက်ကာ ဒီလိုထင်ရခြင်းအတွက် ကိုယ်ပါနိမ့်ကျသွားသလိုဖြစ်ကာ စိတ်မချမ်းသာ ဖြစ်မိသည်။ အင်မတန်ပျော်စရာကောင်းတဲ့ တစ်နည်းအားဖြင့် ဖြူစင်ကြည်လင်တဲ့ သူနဲ့ အေးတို့ရဲ့ တွယ်တာဆက်ဆံခြင်းကို ဘယ်လိုစကားပုံစံမျိုးဖြင့် စွန်းထင်းညစ်ပေစေပါလိမ့်။

"သူတစ်ခါမှအေးကို မထိဖူးဘူးလား၊ မဖက်ဘူးလား၊ မနမ်းဘူးလား"

ကျွန်မသည် မေးသမျှကို ဖြေရမည်လို့သာ ထင်မိခဲ့ကာ "နုနုနဲ့ ဘာဆိုင်လဲ"လို့ ပြန်မပြောတတ်နိုင်ဘဲ...

"ဟင့်အင်း"ဟုသာ ဆိုမိသည်။

"ရုပ်ရှင်ရုံထဲမှာလေ၊ မှောင်လည်းမှောင်၊ ရုပ်ရှင်မင်းသမီး မင်းသားတွေကလည်း..."

"သူ အေးရဲ့ပခုံးကို ခေါင်းမှီပြီးတော့တော့ နေတတ်တယ်"

နုနုက သက်ပြင်းချလိုက်ပြီး "သည်လူ မယုံရဘူး၊ အားမကိုးရဘူး"ဟု ဆိုပါသည်။

❐

ဒုတိယနေ့စ် ကုန်ခါနီးမှာတော့ နုနုပါ ဧည့်ခန်းတွင်းဆင်းပြီး ကိုနှင်းနွယ်နှင့် ကျွန်မတို့ စကားဝိုင်းမှာ ဝင်လာပါသည်။ နုနုက အမြဲတမ်း သူ ကျွန်မကို ဘယ်လောက် ချစ်ခင် စောင့်ရှောက်ချင်ကြောင်း၊ ကျွန်မ နုနုတစ်ဝက် ပြန်မခင် ကြောင်း၊ စေတနာကို နားမလည်တတ်ကြောင်း၊ ကျွန်မကို ကောင်းစားစေချင်ကြောင်း၊ ကျွန်မ ဆရာဝန်သိပ်ဖြစ်ချင် ကြောင်း၊ ကျွန်မ ဘယ်တော့မှ ဘယ်သူ့အတွက်မှ အနစ်နာ ခံပြီး ဆရာဝန်လိုင်းကို ဖျက်မည်မဟုတ်ကြောင်း၊ ကျွန်မ နှလုံးအေးစက်ကြောင်း၊ ကျွန်မမှာ အချစ်ဆိုတာမှ ရှိပါရဲ့ လားဟု သံသယဖြစ်ကြောင်း၊ ကျွန်မသည် မယားကောင်း၊ မိခင်ကောင်းဖြစ်မည့်သူ မဟုတ်ကြောင်း၊ ဆရာဝန်ကောင်း ဖြစ်မည်မှာတော့ မှန်ကြောင်း၊ သိပ်ပြီး အမြင့်မှန်းကြောင်း၊ မာရီကျူရီလို မိန်းမမျိုးဖြစ်ကြောင်း မဆုံးအောင် ပြောတတ် သည်။

ကျွန်မက ပထမတော့ ရယ်မောကာ နေလိုက်ပါ သည်။ နုနုက ကိုနှင်းနွယ်ရှေ့မှာပင် မျက်ရည်ကျသေးသည်။

ကျွန်မ သိပ်ရက်စက်သူတဲ့၊ နုနု စိုးမိုးချင်သမျှ မခံလို့တဲ့၊ သို့သော် ကျွန်မသည် နုနုနှင့်ပြိုင်ပြီး စွပ်စွဲသမျှကို ဖြေရှင်းချင်စိတ်မရှိ၊ ငြင်းခုံချင်စိတ်မရှိ၊ နုနု ဘာကြောင့် ဒါတွေ ပြောနေတယ်လဲ နားမလည်။ ကိုနှင်းနွယ် နုနုပြောတာတွေ ယုံလိမ့်မယ်လည်းမထင်၊ ကိုနှင်းနွယ်နှင့် စနေ၊ တနင်္ဂနွေမှာ လမ်းလျှောက်ထွက်မြဲ၊ ရုပ်ရှင်ကြည့်မြဲ၊ စကော့ ဈေးသွားမြဲ၊ တစ်ခါတစ်ရံ အိမ်သို့ ကားမောင်းပြန်ပြီး ဒေါ်ကြီးနှင့် တွေ့ဆုံကြမြဲ။ ဒေါ်ကြီး ကိုနှင်းနွယ်ကို မလို လားတစ်ဝက်နှင့် လက်ခံပါသည်။ သိပ်ဟက်ဟက်ပက်ပက် ပက်မရှိ၊ ကျွန်မ အိမ်ထောင်ကျမှာ၊ စာသင်ပျက်မှာ၊ လူ့ ဘဝမှာ မအောင်မြင်မှာစိုးသည်။ စင်စစ် ကျွန်မ ဆရာဝန် ဖြစ်ချင်လှသည် မဟုတ်ဘဲ ဒေါ်ကြီးကျေနပ်ဖို့သာ ကျောင်းတက်နေတာ လည်း သိတာအမှန်။

"ကောင်လေးက ဘယ်သူ့သားလဲ"ဟု တိုးတိုး ကျိတ်ကျိတ် မေးတတ်သည်။

"ကျောင်းလည်းမှန်မှန်မတက်၊ ပန်းချီဆရာတွေ နောက်ပဲ လိုက်နေတယ်ဆို"

"ဒီကောင်လေးနဲ့ သမီး အပြင်တွဲထွက်တယ်ဆို၊ ရုပ်ရှင်ကြည့်တယ်ဆို၊ ညနေတိုင်း လာတွေ့တယ်ဆို"

"နုနု တိုင်ထားပြီပေါ့"

"နုနုကို စိတ်မဆိုးနဲ့၊ သမီးအပေါ် စေတနာရှိလို့ စောင့်ရှောက်ချင်လို့ ဒေါ်ကြီးကိုပြောတာ၊ နုနုပြောတာ မှန်တယ်သမီး၊ လူ့အသိုင်းအဝိုင်းထဲမှာနေရင် လူ့စည်းကမ်း

ကို လိုက်နာရမယ်၊ အနည်းဆုံး ပညာပြီးအောင်သင်၊ အလုပ်လုပ်ရမယ်၊ အိမ်ထောင်ကို စောင့်ရှောက်ရမယ်၊ ဒီကောင်လေးက ဘာလုပ်စားမှာလဲ၊ သမီးကပဲ လုပ်ကျွေးနေရမှာပေါ့"

"အို... သမီးက ဆရာဝန်ဖြစ်မယ့်သူပဲ၊ လူတစ်ယောက်တော့ ကောင်းကောင်း လုပ်ကျွေးနိုင်တာပေါ့၊ မေမေ ဖေဖေတို့ ထားခဲ့တဲ့ပစ္စည်းကလည်း နည်းတာမှ မဟုတ်"လို့ ကျွန်မက တဖွတ်ထိုးပြောပြီး "ဒေါ်ကြီး လက်ဝတ်လက်စားတွေကော အေးကို မပေးခဲ့ချင်တော့ဘူးလား ဟာဟ" လို့ စလိုက်ပါသည်။

"အေး သည်လောက်မိုက်မယ်မထင်ဘူး"တဲ့၊ ဒေါ်ကြီးက မျက်ရည်တစမ်းစမ်း ဖြစ်လာသည်။

"နေပါဦး၊ အေးက စကားအဖြစ်သာ ဒေါ်ကြီးနဲ့ ငြင်းနေတာပါ၊ အေးက ခုမှ ဆယ့်ခြောက်နှစ် ဆရာဝန်ဖြစ်တော့ နှစ်ဆယ့်နှစ်နှစ်၊ သူကလည်း ဆယ့်ခြောက်နှစ်၊ ဘယ်တော့မှ ပန်းချီဆရာ ပီပီသသဖြစ်ပြီး အိမ်နဲ့ရာနဲ့အခြေကျကျ နေတော့မယ်မသိ၊ တစ်သက်လုံး ခရီးသွားရင်လည်း သွားနေမယ့်လူ၊ ဒါကတော့ သူ့စိတ်ကူး၊ သူ့ဆုံးဖြတ်ချက်၊ ဘယ်သူမှ ဝင်စွက်ခွင့်မရှိ၊ သူနဲ့အေးမှာလည်း ဘာမှ အစီအစဉ်မရှိ၊ ဘာဖြစ်လို့ နနနဲ့ ဒေါ်ကြီးက အေးနဲ့သူ့ကို ပေးစားပြီး ပူပင်နေကြတာလဲ"

ဒေါ်ကြီးက စိတ်သက်သာရာ ရသွားဟန်ဖြင့် "သမီးရယ် ကိုယ့်ဘဝတော့ ကိုယ်မဖျက်ဆီးပစ်ပါနဲ့"လို့

ဆိုပါသည်။

ဒေါ်ကြီးရဲ့ ထိုစကားကို ကျွန်မ ခဏခဏ သတိရသည်။ (ဒေါ်ကြီး ဆုံးသွားပြီ၊ ကျွန်မ အင်္ဂလန်မှ ပြန်လာသည့်နှစ်မှာပဲ အိုမင်းသေဆုံးခဲ့သည်) ကိုယ့်ဘဝကို ကိုယ်မဖျက်ဆီးနဲ့တဲ့၊ ဘယ်သူတွေက အေးရဲ့ဘဝကို ဖျက်ဆီးခဲ့သလဲဆိုတာတော့ ဒေါ်ကြီးကို ပြန်ရှင်လာစေပြီး ဗီပြင်စွာမြင်စေချင်ပါသည်။ အပြန်အလှန် ငြင်းခုံချင်ပါသေးသည်။

ဒေါ်ကြီးကတော့ ထုံးစံအတိုင်း မဆီမဆိုင်တဲ့ စကားကို ပြောမည်။

"ကြည့်လေ ဘယ်လောက်လှတဲ့ အေးလဲ၊ သိပ်အကြည့်ခံတဲ့အလှ၊ အတွင်းက ဝင်းပထွက်ပေါ်လာတဲ့အလှ၊ လူနာကို ကုသခြင်းမှာ တစ်ဘဝလုံးနှစ်ပြီးမှ စေတနာဖြူအတွင်းက ရလာတဲ့အလှ၊ ပြီးတော့ ကြည့်ဦးလေ အေးမှာ အိမ်ကြီးခြံကြီးနဲ့၊ ကားကြီးနဲ့၊ ထမင်းချက်သူနဲ့၊ အိမ်သိမ်းသူနဲ့၊ ခြံထဲမှာ ပန်းအမျိုးတစ်ရာ ရာသီမပျက် ပွင့်လို့မွှေးလို့၊ အမေနဲ့အဒေါ်တို့ ချန်ခဲ့တဲ့ စိန်ရွှေရတနာလည်းအပြည့်၊ အနောက်နိုင်ငံမှာ ရှစ်နှစ်နေပြီး ရလာတဲ့ ဘွဲ့ထူးနှစ်ခုနဲ့ ဆေးရုံကြီးမှာ ဆရာဝန်ကြီးရာထူးနဲ့ တပည့်တပန်းများစွာနဲ့၊ ဘယ်လို ပွဲအလယ်မှာဖြစ်ဖြစ် တင့်တယ်လို့၊ အိမ်ထောင်ပြုချင်ရင်တောင် ကြိုက်ရာရွေးနိုင်သေးရဲ့၊ ဒါပေမဲ့ သမီးသိတဲ့အတိုင်း ဒေါ်ကြီးတို့အမျိုးက အပျိုကြီးမျိုး"

အခုနေသာ ဒေါ်ကြီး အသက်ရှင်နေပြီး ကျွန်မကလည်း အသက်သုံးဆယ်ကျော်ကာ ကြီးရင့်လှပြီဖြစ်သော၊

ဘဝမှာ အောင်မြင်ခဲ့သော မိန်းမတစ်ယောက်အဖြစ် မကြောက်လန့် မချောက်ချား၊ မရှက်ရွံ့ဘဲ ပြောနိုင်တော့ မည်မှာတော့ "ဒါပေမဲ့ အေးရဲ့အချစ်ကို ဆုံးရှုံးခဲ့ပြီ၊ ဘဝမှာ အကြီးဆုံး ဆုံးရှုံးခြင်းပဲ"

ကျွန်မရဲ့ဘဝကို အချစ်ဆုံးရှုံးခြင်းဖြင့် ဖျက်ဆီး ကြသူများမှာ ဒေါ်ကြီးနှင့် အထူးသဖြင့် နုနုတို့ပဲလို့ ကျွန်မ စွပ်စွဲသည်။ ကျွန်မ ဘယ်လောက် နုနယ်၊ သေးငယ်၊ ညံ့ဖျင်း၊ နုံအခဲ့ပါလိမ့်၊ အလှည်စားခံလွယ် လိုက်ပါလိမ့်၊ မယုံနိုင်စရာ ဖြစ်ပါပေသည်မှာ နုနုရဲ့ လုပ် ကြံခြင်းကို ကျွန်မ မသိမြင်ခဲ့ရုံမက ဆယ်နှစ်ဆယ့်ငါးနှစ် အတွင်းမှာလည်း သင်္ကာမကင်း သိပ်မဖြစ်ခဲ့။ နုနုရဲ့ ကျွန်မနှင့် ကိုနှင်းနွယ်ကို ခွဲခွာပစ်ဖို့ အတတ်နိုင်ဆုံး ကြိုး စားထားသော အစီအစဉ်မှာ ဒုတိယနှစ် ကုန်ဆုံးပြီး နွေ ကျောင်းပိတ်ရက်မှာ ကျွန်မကို မော်လမြိုင်သို့ခေါ်ဖို့ ဖြစ် လေသည်။ ဒါကို မသိမြင်ခဲ့။ ဒေါ်ကြီးကလည်း တိုက် တွန်းသည်။ နှစ်ပတ်မျှသာ နေဖို့ဖြစ်သည်။ ထိုနှစ်ပတ် အတွင်းမှာ ကိုနှင်းနွယ်က ရခိုင်ဘုရား ဘုန်းကြီးကျောင်း များမှာ ရှေးပန်းချီပန်းပုပညာများ ရှာဖွေဆည်းပူးမည်။ ကျွန်မက ရန်ကုန်ပြန်လာတော့ ခြောက်မိုင်အိမ်မှာဖြစ်စေ၊ အင်းလျားဆောင်မှာဖြစ်စေ၊ သူက အင်းဝဆောင်မှာပဲ ပြန်ရောက်နေပြီး နှစ်ယောက်တွေ့မြဲ၊ ခင်မြဲ၊ စကားပြော ကြမြဲ၊ စာအုပ်လည်း ဖတ်ကြမြဲ၊ ရုပ်ရှင်ကြည့်ကြမြဲဆိုတာ လုပ်ရမည်။ ဂီတာနဲ့ ပီယာနိုတောင် အတူတွဲဖက် တီး

ကြည့်ကြဖို့၊ ဂီတအသစ်ဖန်တီးဖို့ သူနဲ့အတူ စိတ်ကူးခဲ့ကြပါသည်။ ကျွန်မ ဘာကြောင့် မော်လမြိုင်ကို နှစ်ပတ်လိုက်လည်ဖို့ သဘောတူလိုက်ပါသလဲ။ နုနုသည် စိတ်နှုတ်အမူအရာ အများအားဖြင့် ကြမ်းတမ်းသော်လည်း ကျွန်မနဲ့ ချစ်သော ညီအစ်မသူငယ်ချင်းလို့ ကျွန်မ ယုံကြည်ဆဲ၊ ကျွန်မရဲ့ များပြားလှသော သို့ပေမဲ့ ရင်းနှီးသော သူငယ်ချင်းတို့လည်း မသိမသာ ရှဲခွာခဲ့ကြပြီ။ ကျွန်မတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ။ နုနု ကျွန်မအပေါ် အုပ်ချုပ်ကြီးစိုးတာကို သူငယ်ချင်းပေါင်းများက သည်းမခံချင်ကြ။ ကျွန်မကလည်း ပွင့်ပွင့်လင်းလင်းပြောပြမှ နားလည်မယ့်သူဆိုတော့ သူတို့ ဒီလိုမစွက်ဖက်ချင်ကြ။ မိဘမဲ့ခဲ့သော၊ ညီအစ်ကိုမောင်နှမမရှိသော၊ အဒေါ်အပျိုကြီးနှင့်သာ နေထိုင်ကြီးပြင်းခဲ့ပြီး အိမ်လည်ခွင့်၊ သူငယ်ချင်းများနှင့် ထွက်ခွင့်လည်း မရခဲ့သော ကျွန်မသည် ကိုယ့်ဘာသာမသိဘဲ နုနုကို တွယ်တာခဲ့သည်ထင်သည်။ နုနုနှင့် ကျွန်မ ဓလေ့ချင်းလုံးဝမတူကြသော်လည်း နုနုက ကျွန်မရဲ့ အင်းလျားဆောင်က အခန်းကျဉ်းကလေးတွင်းက ဘဝကို သက်သောင့်သက်သာ ရှိစေခဲ့သည်။ ကျွန်မ ကြိုက်တတ်သော အစားအစာများ ရှာဖွေထားတတ်သည်။ ကျွန်မ လိုချင်တတ်သော အဝတ်အထည်များ ဝယ်ခြမ်းပေးတတ်သည်။ ကျွန်မအဖို့ ဘဝမှာ ပထမဆုံးအကြိမ် ရွယ်တူမိန်းကလေးတစ်ယောက်နဲ့ အတူနေဖူးခြင်းလည်းဖြစ်ပြီး နုနုရဲ့ လူမှုရေးရာ နားလည်ပုံကို တွေ့ကြုံစိတ်ဝင်စားပြီး အနည်းငယ် သင်ကြားတတ်

မြောက်ခြင်းလည်း ဖြစ်ပါသည်။ နုနုက သူ့အဆိုအရ ကျွန်မကို သိပ်ပြီး စေတနာမေတ္တာရှိလေတော့ သူ့အလို အတိုင်း မော်လမြိုင်ကို နှစ်ပတ်လိုက်လည်ဖို့ ဦးလေးကြိုင် နှင့် ဒေါ်ဒေါ်တိုးတို့နဲ့လည်း တွေ့ဖို့ဖြစ်သည်။

"နုတို့ခြံထဲမှာ ဒူးရင်းသီးပင်၊ သရက်သီးပင်၊ မင်းဂွတ်ပင်တွေ အပြည့်ပဲ၊ သီးပင်အောက်မှာထိုင်ပြီး အသီးခူးစားရတာလောက် အရသာရှိတာ ဘယ်မှာမှမရှိဘူး" လို့ သူက သွေးဆောင်ပါသည်။

"ပြီးတော့ ရေတံခွန်သွားကြည့်ကြမယ်၊ သထုံဘက် သွားလည်မယ်၊ သိပ်မပူရင် ကျိုက်ထီးရိုးဘုရားတောင် တက်နိုင်သေးတယ်၊ အေးက ခရီးထွက်ကြည့်ချင်တယ်ဆို၊ ပြီးတော့လည်း ကိုနှင်းနွယ် အေးကို ဘယ်လောက်လွမ်း တယ်ဆိုတာ သိရတာပေါ့၊ သူကချည်း မန္တလေးတို့၊ စစ်ကိုင်းတို့ ထွက်ထွက်သွားပြီး အေးက စောင့်ရတာ၊ ခု အေးက မော်လမြိုင်လိုက်လာတော့ သူက ရန်ကုန်က စောင့်ရမှာပေါ့ မဟုတ်ဘူးလား၊ အေးလည်း ထွက်သွားတတ် တယ်ဆိုတာ ပြလိုက်ပါ"

ကျွန်မသည် သူတို့ကတော့ အင်းလျားတစ်ဆောင် လုံးကလည်း ကိုနှင်းနွယ်နှင့် ကျွန်မကို စေ့စပ်ခဲ့ကြပြီ၊ ဘယ်လိုလုပ်ပြီး ထိမ်းမြားရပါမလဲဟု တွေးတောရယ်မော ခဲ့ပါသည်။ နုနုက "အေး သူ့ကို မော်လမြိုင်လိပ်စာ သေ သေချာချာ ရေးပေးပြီးပြီလား" လို့ ပူပင်လိုက်သေး၏။

"သူသိပါတယ်"

"သူစာရေးမယ်တဲ့လား"

"ရေးမှာပေါ့၊ သူ အထက်တက်သွားတိုင်းလည်း စာရေးတာပဲ၊ နုနုကို ပေးဖတ်ခဲ့တာပဲ၊ သိသားနဲ့"

"သူ အေးကို ခင်တော့ခင်သားပဲ"

"ဒါ ဘာဖြစ်သလဲ"

"သူ အေးကို တကယ်ချစ်ရင် အိမ်ထောင်ကိစ္စ ဆွေးနွေးဖို့ကောင်းတာပေါ့၊ အေးက အပေါစားမှ မဟုတ်တာ"

နုနုက ဒီလိုပဲ၊ နှုတ်ကြမ်းတယ်ဆိုရမည်လို့သာ တွေးမြဲတွေးတတ်မြဲ။

မော်လမြိုင်ရောက်ပြီး နှစ်ပတ်အတွင်းမှာ သူ့ထံမှ စာတစ်စောင်မှမရ။ နားမလည်နိုင်၊ အံ့ဩစရာထင်သော်လည်း ကျွန်မသည် ရင်တွင်းမှ ပူပင်သည်ကို ဖုံးအုပ်ပြီး စိတ်မထိခိုက်ဟန် ဆောင်နေပါသည်။ နေ့စဉ် စာပို့သမား လာသည်ကို နုနုက အမြဲဆီးကြိုပြီး စာများလက်ခံပါသည်။ "အေးရေ ဒေါ်ကြီးဆီက စာတစ်စောင်ပဲပါတယ်"လို့ ပြောတတ်သည်။

"ဘယ်သူ့ဆီကမှလည်း စာမလာပါလား"ဟု ပြောတတ်သည်။

"အေးကတော့ စာစရေးဖို့ မသင့်ဘူးထင်တာပဲ၊ အင်းဝဆောင်ကကောင်တွေက လျှောင်ကြမှာ၊ ထပ်စောင့် လိုက်ပါဦး၊ စာရောက်ရင် ရောက်လာမှာပေါ့"လို့ ပြောသေးသည်။

ဦးလေးကြိုင်နဲ့ ဒေါ်ဒေါ်ကပါ ကျွန်မကို နှစ်ပတ်ထက်ကြာကြာနေဖို့ တိုက်တွန်းကြပါသည်။ "ကျောင်းပိတ်တာက သုံးလနီးပါးတောင် ဆက်နေပါဦးလား" လို့ဆိုကြသည်။ ဒေါ်ကြီးကလည်း "အေး ပျော်သလိုနေ၊ တနင်္သာရီတစ်တိုင်းလုံး လျှောက်လည်ပစ်လိုက်ပေါ့၊ မြိတ်၊ ထားဝယ်ဘက်ကိုရောက်တုန်း ကူးသွားပါလား၊ မြိတ်လုံချည်တို့၊ ထားဝယ်လုံချည်တို့ ရက်ကြသေးလားမသိ၊ ကျစ်ပိုးအစစ်နဲ့ရက်တဲ့ လုံချည်တွေ ဒေါ်ကြီးသိပ်ကြိုက်တာပဲ၊ လေးငါးထည်လောက် ဝယ်ခဲ့နော်" စသဖြင့် အေး မော်လမြိုင်ဘက်မှာ ကြာကြာနေဖို့ စိမ်ပြန်သည်။

ကျွန်မသည် တစ်ပတ်ထက်ပိုနေလိုက်ရင်း သူ့ထံက စာမလာသည်ကို ဝမ်းနည်းရင်း ကျန်တစ်ပတ် ထပ်နေလိုက်ရင်း စာမလာသည်ကို ထပ်ဝမ်းနည်းရင်း အခြေမပျက်သာ ဟန်ဆောင်နေခဲ့သည်။ ငယ်ရွယ်နုနယ်လှသူ၊ မလည်ဝယ်လှသူအမှန်မို့ ဘာမှလည်း ထွေထွေရာရာ မတွေးတတ်၊ စာမရတာ စာမရေးလို့ပဲဟုသာ တထစ်ချ ဆုံးဖြတ်ပြီး သူက စွန့်ပစ်ခြင်းခံရသလို စိတ်ပင်ပန်းလာသည်။

"သူက အဆက်ဖြတ်ချင်သလားမသိ" လို့ နုနုကတို့မီးရှို့မီး လုပ်တတ်သည်။

"အေး စိတ်မကောင်းမှာစိုးလို့ မပြောတာ၊ သူမုဆိုးမ ခပ်ကြီးကြီးတစ်ယောက်နဲ့ ငြိနေတယ်ပြောကြတယ်" လို့ သတင်းပေးပြန်သည်။

"အဲဒီမုဆိုးမနဲ့ အိပ်ရာထဲတောင် မိတယ်ဆိုလား"

ကျွန်မ ကိုနှင်းနွယ်ကို ချစ်ခဲ့ပြီလို့ ဝန်ခံမည့်အစား သူ့ကို မချစ်ချင်ပါဘူးလို့ ဖွင့်ဟဝန်ခံလိုက်လျှင်တော့ နုနုရဲ့ ထူးဆန်းသောအကြည့်ကို သတိပြုမိပါသည်။ ကျွန်မ အကုန်လုံး မစေ့ငုတတ်၊ သူ့စွန့်ပစ်ခြင်းကို ပြန်လည်စွန့်ပစ်ခြင်းနဲ့ပဲ တုံ့ပြန်စရာရှိတော့သည်။ တခြားလည်း ဘာမှ လုပ်စရာမရှိ၊ တစ်ခုတည်းလုပ်စရာကျန်သည်မှာတော့ စာပေ၊ ဂီတ၊ ပန်းချီဆိုသည့် သူနဲ့အတူ ကျွမ်းဝင်ခဲ့သည့် ကိစ္စများကိုပါ စွန့်ပစ်ခဲ့ပြီး ဆေးကျောင်းမှာ ဘဝလုံးဝ မြှုပ်ရန်ဖြစ်ပါသည်။ အင်္ဂလန်ကိုသွားမယ်၊ ပဲရစ်နဲ့တော့ အနီးလေးပဲ၊ သူပဲရစ်ကို လာခဲ့ဦးမလား၊ ပြန်တွေ့ကြဦးမည်လား၊ မတွေ့ချင်၊ ကျွန်မ ရန်ကုန်ပြန်ဖို့ လိုပြန်သည်။ စာတွေတွေ ဝယ်ရဦးမယ်၊ စာမေးပွဲမှာ နှစ်နှစ်စာဖြေရမှာမို့ ကြိုးစားပြီးကျက်ဖို့လိုတယ်။ ပထမတစ်နှစ်လုံး ဖြုန်းတီးကုန်ဆုံးခဲ့ပြီး ငယ်ငယ်ကလို ပညာမှာ ရွှေတံဆိပ်ဆုရဖို့ဆိုတာတွေ ပြန်တပ်မက်ဦးမည်။

"နုနု ကိုနှင်းနွယ်အကြောင်း မပြောကြစို့နဲ့လား"ဟု ကျွန်မ ပြောလိုက်လျှင် နုနုရဲ့ ထူးဆန်းသောအကြည့်ကို ခံရပြန်သည်။ နုနုက "အေး သိပ်စိတ်မာတာပဲ"ဟု ချီးမွမ်းသလို ပြောသေးသည်။ ကျွန်မရဲ့ရင်တွင်းကမီးကို သူ မမြင်သာသလား၊ မြင်ပြီး ကျေနပ်လာသလားမသိ။

ရန်ကုန်အိမ်မှာ ကျန်ကျောင်းပိတ်ရက်နှစ်လလုံး ဒေါ်ကြီးနဲ့ ပြန်နေသည်။ ဒေါ်ကြီးမှာလည်း ထူးဆန်းသော

သို့သော် အလွန်ကြင်နာသောအကြည့်ရှိသည်။

ကျောင်းဖွင့်လျှင် ကျွန်မသည် အင်းလျားဆောင်သို့ မပြန်တော့ဘဲ ဘင်တန်ဆောင်သို့ ပြောင်းနေလိုက်ပါသည်။ အင်းဝဆောင်နှင့် မနီးလိုတော့။ နုနုက အင်းလျားဆောင်မှာ ကျန်ခဲ့ပြီး ကျွန်မဆီ ခဏခဏလာလည်သည်။ နုနုနှင့် ကျွန်မ အပြင်ထွက်ဖြစ်သည်။ ရုပ်ရှင်ကြည့်ကြသည်။ စကောဈေးသွားကြသည်။ စာအုပ်ဆိုင် ကျွန်မဝင်သည်ကို နုနုက သည်းခံပါသည်။ သူက ကျွန်မနှင့် ဆင်တူဝတ်ဖို့ လုံချည်အင်္ကျီဝယ်သည်ကိုလည်း ကျွန်မ သည်းခံရပါသည်။

မှတ်မိသည့်တစ်ခါမှာတော့ နုနုသည် ကိုနှင်းနွယ်ထံမှ စာတစ်စောင်ယူလာသည်။ အင်းလျားဆောင်ကို သူလာလည်တတ်သည်ဆိုသည်။ ဘယ်သူ့ဆီလာလည်သလဲ ကျွန်မ မမေး၊ မသိချင် "အေးဖို့ စာဆက်ဆက်ပေးပေးပါဆိုလို့ ထပ်တလဲလဲ ကတ်တောင်းလို့ ယူခဲ့ရတယ်"လို့ ပြောပါသည်။ သူ့စာက ခပ်တိုတိုပဲ။

"အေး...

ပထမတော့ စာအရှည်ကြီး ရေးမလို့ပဲ၊ ဒါပေမဲ့ လူချင်းတွေ့ပြီး ပြောစရာတွေပြောချင် (မေးစရာတွေလည်းမေးချင်)လို့ ခုစနေနေ့ (၁၉) ရက်နေ့မှ စမတ်အင်မူကာဒန်စာအုပ်ဆိုင်ကို လာခဲ့ပါလို့ တောင်းပန်ချင်ပါတယ်၊ ကျွန်တော် မနက်ကိုးနာရီကနေ ညနေ ငါးနာရီ ဆိုင်ဖွင့်ချိန်နဲ့

ဆိုင်ပိတ်ချိန်အထိ အဲဒီနားမှာရှိမယ်၊ ဘယ်လောက် တွေ့ချင်တယ်ဆိုတာ သိလောက်ရောပေါ့၊ ကျွန်တော့်ကို နည်းနည်းပါးပါးဖြစ်ဖြစ် ခင်သေးတယ်လို့ ထင်ပါတယ်"

ကျွန်မသည် မျက်ရည်ဝေ့လာသည်ကို နုနု မမြင်စေချင်ဘဲ အသံလည်းမတုန်စေချင်ဘဲ အို သူက စနေနေ့မှာ စာအုပ်ဆိုင်မှာ တွေ့ဖို့ချိန်းတာပါလားဟု ရယ်ဟဟ ပြောလိုက်ပါသည်။

"အေး သွားမလို့လား"

"ဝန်မလေးပါဘူး သွားမှာပေါ့၊ တွေ့ကြသေးတာပေါ့"ဟု ကျွန်မ ဆက်လက်ပြီး ရယ်ဟဟနဲ့ဖြေသည်။

"သွားသင့်တယ်ထင်လို့လား"

"ပြောစရာ၊ မေးစရာတွေ ရှိတယ်ဆိုလား"

နုနုက စိတ်ကြောင့်ကြလာပြီး "အဆက်ဖြတ်ပြီးသား ပြန်ဆက်ရင် ဒုက္ခရောက်ဦးမှာ မစိုးဘူးလား"လို့မေးသည်။

"ဘာဒုက္ခရောက်စရာလိုလို့လဲ"

"အေးဟာ သူ့ခေါ်တိုင်းရတဲ့အဖြစ် ရောက်မသွားဘူးလား၊ ဖြတ်ချင်ဖြတ်၊ ဆက်ချင်ဆက်၊ လုပ်ချင်သလိုလုပ်လို့ရတဲ့အဖြစ် ရောက်မသွားဘူးလား"

ဒီလိုပဲ နုနု ပြောတတ်သည်။ ကျွန်မအဖို့ နုနုကို စိတ်ဆိုးခြင်းထက် စက်ဆုပ်ခြင်း ဖြစ်လာခဲ့ပြီ။ သို့သော် နုနုပြောတာ မှန်သလားဆိုလည်း အမြဲသံသယရှိပြီး ရှက်

ကြောက်ခြင်းကြီးစွာ ဖြစ်တတ်သည်။ နုနု ကျွန်မကို ဘယ်လို ကြိုးကိုင်ရမည်ဆိုတာ ကောင်းကောင်းသိလေသည်။ ကျွန်မကတော့ မရိပ်မိသေး။

ဆယ့်ကိုးရက်နေ့မှာ ချောက်ချားသောအိပ်မက်များနှင့် ကျွန်မ အစောကြီးနိုးလာတာ နှစ်များစွာကြာလည်း မှတ်မိရသည်။ ကျွန်မ အိပ်မက်အလွန်မက်တတ်သည်။ အိပ်မက်ထဲမှာ မရောက်ဖူးသော နေရာများလည်း ရောက်နေတတ်ပြီး မတွေ့ဖူးသောလူများနှင့်လည်း တွေ့တတ်သည်။ ပီယာနိုမှာထိုင်ပြီး သီချင်းတစ်ပုဒ်လုံး ဆုံးအောင်လည်း တီးတတ်သည်။ ဝတ္ထုလည်းဖတ်တတ်သလို အိပ်မက်များ ဆန်းကြယ်လာရင်တော့ ငှက်များ၊ ကြောင်များနဲ့ စကားပြောလို့ရသည်။ သစ်ပင်များ အမြစ်တွေနုတ်ပြီး လမ်းလျှောက်ကြသည်။ ချောက်ချားသော အိပ်မက်တွင်းမှာတော့ တစ်ခါမှ မမြင်ဖူးသော သေဆုံးသွားသူများနှင့် တစ္ဆေလို လူများနှင့် တွေ့နေပြီး ကျွန်မသည် မိဘများကို သူတို့ထဲမှာ ရှာနေတတ်သည်။ ဘယ်တော့မှမတွေ့။ မိဘများရဲ့ ရုပ်ပုံလည်း မှုန်ရီနေသည်။

ဆယ့်ကိုးရက်နေ့က ချောက်ချားသောအိပ်မက်ထဲမှာ ကိုနှင်းနွယ် စိတ်ဆိုးနေသည်ကို တွေ့ရပါသည်။ သူ ဘယ်တော့မှ စိတ်မဆိုးတတ်။ အင်မတန် သိမ်မွေ့အေးဆေးသူပင်။ သူက “သည်နှင်းဆီဝါဝင်ကို ဘယ်သူခုတ်သလဲ”ဟု ထပ်တလဲလဲ မေးနေသည်။ ကျွန်မ သူ့ရဲ့ ကြိုးပွဲနေသော နှင်းဆီဝါပင်ကို ဝမ်းနည်းခြင်းအပြည့်ဖြင့်

ကြည့်ရင်း အသံထွက် ငိုရှိုက်လိုက်ရာမှ နိုးလာပါသည်။

သူနဲ့တွေ့တော့ နှင်းဆီဝါပင်အိပ်မက်အကြောင်း ပြောပြရမယ်။ သူက ရယ်မှာပဲ။

သို့သော် ထို ဆယ့်ကိုးရက်နေ့မှာ နှင်းဆီဝါပင် အိပ်မက်အကြောင်းမပြောရ၊ သူနှင့်မပြောရ။ နုနု ကျွန်မဆီ စောစောစီးစီးရောက်လာပြီး ကျွန်မကို တောက်တဲ့ကပ်ကပ်နေကာ မြို့ထဲလိုက်လာပါသည်။ ကျွန်မကားပေါ် သူတက်ထိုင်နှင့်နေတော့ သူ့ကို တွန်းချပစ်ခဲ့ဖို့ ကျွန်မမှာ အင်အားမရှိ။ ကားပေါ်မှာ တစ်ချိန်လုံး ကျွန်မ စိတ်မချမ်းသာအောင် တဖွဖွပြောနေသည်။

"အံ့ဩပါရဲ့၊ နားကိုမလည်နိုင်ပါဘူး၊ မိန်းမတန်ဖိုး ဖြတ်လိုက်တာ၊ ဒီလူက တစ်ခါတည်း အေးကို အကြာကြီး ပစ်ထားပြီး ဘာစိတ်ကူးပေါက်လို့ ချိန်းရပြန်တာလဲ၊ သူတွေ့ချင်ရင် ဘင်တန်ကိုလာပါ့လား၊ မလာတတ်ဘူး လား၊ ဘင်တန်ပြောင်းသွားတာ သူသိသားနဲ့၊ အေးလို မိန်းကလေးမျိုး မတွေ့ဖူးပေါင်၊ ကိုယ့်ညီအစ်မ သူငယ် ချင်းမို့ သိပ်မခံချင်တာပဲ၊ သိပ်ရင်နာတာပဲ၊ သူ့မှုဆိုးမက ကန်ချလိုက်ပြီထင်ပါရဲ့"

ဆူးလေဘုရားလမ်းက စာအုပ်ဆိုင်မရောက်ခင်ဘဲ ကျွန်မသည် လူ့ဘဝကို ငြီးငွေ့ခြင်းကြီးမက ငြီးငွေ့လာ ခဲ့လေပြီ။ ကားမှောက်ပြီးသေသွားရင် ကောင်းမှာပဲလို့တောင် တွေးမိလေသည်။ နုနု တိုက်ခိုက်သံများ ပြင်းထန်သည် ထက် ပြင်းထန်လာပြန်သည်။ ကျွန်မ ကားရပ်စရာ

အလွယ်တကူ ရှာမတွေ့။ မျက်လုံးများ မျက်ရည်ဝေ့နေလို့ ထင်ပါရဲ့။

ကိုနှင်းနွယ်နဲ့တွေ့တောင် နုနုက ဘေးမှာကပ်နေတော့ ဘာမှပြောလို့ လုပ်လို့ရမှာမဟုတ်ဘူး၊ သူကလည်း ဘာကြောင့် နုနု ခေါ်လာပါလိမ့်လို့ အံ့သြဦးမယ်၊ ကျွန်မသည် ဘာမှ ရှင်းလင်းပြနိုင်ခြင်းမရှိ၊ ဘင်တန်ပြန်ဖို့သာ ဆုံးဖြတ်လိုက်ပါသည်။ အတိုင်းမသိ စိတ်မောပန်းပြီး ဘာကိုမှ မတွယ်တာချင်တော့၊ ဆူးလေဘုရားကို ဘယ်နှခါပတ်ပြီး မောင်းနေမိခဲ့သည်လည်း မသိ။ ကြာလျှင် ပုလိပ်ဖမ်းတော့မည်။ ဒါထက် ခုလို ဆက်တိုးနေလျှင် ကျွန်မသည် ဘာကိုမှ ဂရုမစိုက်တော့ခြင်းဖြင့် မိုက်မှားသောစကားဖြစ်စေ၊ အမှုဖြစ်စေ ပြုမိတော့မည်။ ကျွန်မကိုယ်ကို မချုပ်တည်းနိုင်သည့်အဖြစ်ကို သည်းမခံနိုင်၊ အရောက်မခံနိုင်၊ စိတ်တုံးတုံးချပြီး ဘင်တန်ဘက်ကို ပြန်လှည့်မောင်း ခဲ့လျှင်တော့ နုနုသည် တိတ်ဆိတ်သွားကာ သူ့ကို အင်းလျားဆောင်မှာ ချပေးသည်ကိုလည်း ဘာမှတ်ချက်မှမပြု၊ ဘာစကားမှမပြောတော့ဘဲ ဆင်းနေရစ်ခဲ့သည်။

ထို့နောက် သုံးလေးလအကြာမှာ နုနုကို တွေ့သေးသည်။ နုနု တစ်ယောက်တည်းမဟုတ်၊ မမျှော်လင့်သော နားမလည်နိုင်သောအဖြစ်၊ အင်းလျားဆောင်သို့ ကျွန်မ လမ်းကြုံသည်နှင့် ဝင်ခဲ့ရာမှာ နုနုနှင့် ကိုနှင်းနွယ်တို့ အဆောင်ရှေ့က မြက်ခင်းပေါ်မှာထိုင်ပြီး စကားပြောနေကြသည်ကို တွေ့ရပါသည်။ သူ့ကိုယ်ကို အင်မတန်

ထိန်းသိမ်းစောင့်ရှောက်တတ်တယ်ဆိုသော နုနုသည် ယောကျ်ားတစ်ယောက်နှင့် မြက်ခင်းပေါ်မှာ လူမြင်သူမြင် ထိုင်ခဲ့ပြီဆိုလျှင် စေ့စပ်ကြောင်းလမ်းခြင်းသတင်းကို ပီပြင်သော ဝန်ခံမှုပင်တည်း။ ကျွန်မကတော့ ကိုနှင်းနွယ်နှင့် နုနုကို အတူတကွတွေ့ရတာ အံ့အားကြီးသင့်လို့မဆုံး။ သူတို့နှစ်ယောက်လုံးကလည်း ကျွန်မကို မမျှော်လင့်ဘဲ မြင်တော့ ထိတ်လန့်ဟန်ဖြင့် စကားပီပြင် မပြောနိုင်ကြပါ။

"ဟလို ... နုနု ... ကိုနှင်းနွယ်၊ ကြုံလို့ဝင်လာတာပါ၊ နေပါ နေပါ၊ ကိစ္စမရှိပါဘူး၊ ပြန်မယ်နော်"လို့သာ ကျွန်မဆိုပြီး ကျွန်မကားကို ခဏရပ်ရာမှ ပြန်မောင်းထွက်ခဲ့သည်။

ထို့နောက် လများစွာ မကြာခင်ဘဲ သူတို့နှစ်ယောက် ကျောင်းမှထွက်ပြီး ကလောဘက်သို့ တက်သွားကြသည်။ လက်ထပ်ကြသည်လို့ သတင်းကြားပါသည်။

❒

နုနုနှင့် သူတို့ ဘယ်လိုဆက်စပ်မိသည်ဆိုတာ ကျွန်မ ဘယ်တော့မှ နားလည်နိုင်မယ်မဟုတ်။ ကျွန်မ ဘင်တန်သို့ ပြောင်းသွားသည့်အတွက် သူတို့ ကျွန်မအကြောင်း ဆွေးနွေး ဟန်ဆောင်ရာက စတင်လေသလား။ "နုကိုလေ လူတွေက ပြောကြတယ်၊ သိပ်သန့်ရှင်းစင်ကြယ် ကလေးဆန်တဲ့ အမူအရာရှိတတ်တယ်တဲ့" နုနုက တစ်ခါ ပြောဖူးရင် ထိုမျက်နှာ အမူအရာကို တပ်ဆင်ပြဖူးပါမည်။ သူနဲ့တွေ့ တိုင်း နုနု ထိုမျက်နှာအမူအရာကို ချွတ်မရအောင် တပ် ဆင်လေသလား၊ နုနုက ချစ်တတ်ခင်တတ်၊ နှလုံးပူနွေး တတ်ပြီး "အေးစက်သော၊ အချစ်ဆိုတာမခံစားတတ်သော" ကျွန်မ၊ ထွက်ခွာသွားတတ်သော ကျွန်မကို အကြောင်းပြုပြီး လွမ်းစခန်းက စတင်လေသလား၊ ဒါမှမဟုတ် နုနုပြော တတ်သော လုပ်ကြံပုံပြင်အရာ တကယ်တော့ ချမ်းသာလှ သော နုနုရဲ့ အထောက်အပံ့ကို ကျွန်မ ဘယ်လိုခံယူပြီး ပြန်လည်ခင်မင်ခြင်းနဲ့တောင် မတုံ့ပြန် တတ်ဘူးဆိုတဲ့ မှသားဝါဒက စတင်လေသလား။

ကျွန်မက ဘယ်တော့မှ မဖြေရှင်းတတ်၊ ကျွန်မရဲ့ မာနပဲဆိုပါ၊ ကျွန်မရဲ့အမှားပဲ၊ တကယ်တော့လည်း သေးနုပ်သိမ်ဖျင်းခြင်းကို ကျွန်မ နိုင်အောင် ရင်ဆိုင်မတိုက်ခိုက်တတ်။ ကျွန်မ ရှုံးနိမ့်မှာအမှန်ပဲ။ ကျွန်မ ပြိုင်ပြီး မသိမ်ဖျင်းနိုင်ဘဲ။

ဥပမာ နုနုနှင့်ကျွန်မ အားတိုင်းလည်ပတ်၊ စာသိပ်မကျက်ကြဘဲ ပထမနှင့်ဒုတိယနှင့် ပေါင်းပြီးဖြေရသည့် အင်တာစာမေးပွဲကို ကမန်းကတန်း စာကျက်ဖြေကြသည့်အခါ ကျွန်မကအောင်ပြီး နုနုက စာမေးပွဲကျပါသည်။ နုနုသည် တစ်ပတ်ကျော်မျှ စိတ်ဆိုးပြီး ကျွန်မကို စကားမပြောပါ။ နုနု ဘယ်လိုမိန်းကလေးလဲဆိုတာ ကျွန်မ စတင်သိလိုက်ခြင်းပင်တည်း။ ဒါကို လူတွေသိအောင် ကျွန်မ ကြေညာပြီး ကိုယ့်ကိုယ်ကိုယ် ချီးကျူးရမည်လား၊ ကျွန်မ မလုပ်နိုင်၊ နုနု စိတ်ထားပုံအတွက် ဝမ်းနည်းပြီးပဲနေသည်။ ဒေါ်ကြီးပို့သော ကျွန်မရဲ့ ထဘီများကို နုနုက အလဲလဲ ဝတ်တတ်သည်။ ဒေါ်ကြီးထံက စိန်ရွှေလက်ဝတ်လက်စားများတောင် ငှားဝတ်ပြီး မော်လမြိုင်က ပို့လိုက်သည်ဆိုသေးသည်။ ကျွန်မ ဘာလုပ်နိုင်မည်လဲ။ နုနု မသမာမှု ပြုလေ့ရှိသည်ကို ကျွန်မ ရှုံ့ရှာလာပြီး တစ်နေ့တတ်နိုင်သည့်အခါ ခင်မင်တွယ်တာခြင်းကို ဖြတ်တတ်သည့်အခါ ကျွန်မ ထွက်ခွာသွားရမည်လို့ ကြံစည်ပြီးပဲနေသည်။

ကျွန်မ မထွက်ခွာနိုင်ခင် သူတို့ ကျွန်မကို ဘာမှ

မပြောခဲ့၊ ထွက်ပြေးကြလျှင်တော့ ကျွန်မသည် ဒိုင်ယာရီထဲမှာ ကိုနှင်းနွယ်ကို နုနု မုဒိမ်းကျင့်သောနေ့လို့ ရေးမှတ်ခဲ့ပါသည်။ သည်လောက် ကိုနှင်းနွယ်ကို ကျွန်မ ကာကွယ်ခဲ့သည်။ သူက ဆယ့်ရှစ်နှစ်မှ မပြည့်တတ်သေး။ အေးလိုနံ့တဲ့ အတဲ့ ရီးတဲ့သူ၊ အလှည့်စားခံလွယ်တဲ့သူ၊ သူ နုနုပြောသမျှကို အေး တစ်ခါက ယုံခဲ့သလို ယုံခဲ့တာဖြစ်မှာပဲ၊ ၂၃ နှစ်ရွယ် မိန်းမလည်နဲ့ လူငယ်တစ်ယောက် မှောက်မှားတဲ့အဖြစ်ပေါ့၊ အချစ်မဖြစ်နိုင်ပါဘူး။

"သူတို့ ထွက်ပြေးကြတော့ နှစ်ယောက်လုံး မူးနေကြတာထင်ပါရဲ့"ဟု အခန်းနီးချင်း မိန်းကလေးများက ကျွန်မကြားအောင် ပြောကြသည်။

"မိန်းမက ဟန်ပန်လေသံသာ ကြီးနေတာ၊ သိပ်ပြီးတော့တော့ ခေတာမဟုတ်"လို့ တစ်ယောက်ကစလျှင် "ဘယ်လိုလဲ သူငယ်ချင်းရဲ့ ရှင်းပါဦး"လို့ တစ်ယောက်က ထောက်တတ်သည်။

"အို... ကပွဲတကာသွားပြီး လရောင်အောက်က ပစ်ကနစ်တွေ လိုက်နေတာမသိဘူးလား၊ ပါးစပ်ကတော့ သူ့လောက် အဖိုးတန်တာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတာ မရှိဘူး"

"စိနီယာမမဖြစ်လာကတည်းက အတော်ထထကြွကြွ ဖြစ်လာတယ်"

"အပြင်က ရွှေမှုန်ကြဲ"

"အထဲက နှစ်လသုံးလ"

"ဘာ နှစ်လသုံးလလဲ"

"ကလေးလေ"

"ဘယ်သူ့ကလေးလဲ၊ ဘယ်သူ့ကလေးလဲ"

"ကာယကံရှင်မမသာ သိလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

မအာကျယ်ဟု အများက နာမည်ပေးထားသည့် ထောင့်ခန်းမှ ကျောင်းသူသည် မဆုံးနိုင်အောင် ဆက်အတင်းပြောသည်ကို ကျွန်မ မကြားချင်သည်နှင့် တံခါးထပိတ်ပြီး သူတို့ပြောတာဟုတ်ရင် ကိုနှင်းနွယ်ရဲ့ကလေးလား၊ တခြားတစ်ယောက်ရဲ့ ကလေးလား၊ နုနု ဒီအခြေအနေရောက်နေပြီလား၊ အေးကို အပေါစားဖြစ်အောင် ပြောခဲ့တဲ့ နုနု၊ သူ့ကိုယ်သူ ဒီလိုအဖြစ်ခံလိမ့်မယ် မထင်တဲ့ နုနု၊ တကယ်ပဲ အရက်မူးလို့ မှားရတဲ့အဖြစ်လား၊ ကျွန်မ သိပ်မယုံနိုင်ပြန်ပါ။

နုနုကို မေတ္တာမရှိတိုင်း ပြောကြတာလည်း ဖြစ်နိုင်ပါသည်။

ကျွန်မနှင့် ဘာမှမဆိုင်လို့ ကိုယ့်ကိုယ်ကိုယ် သတိပေးပါသည်။ သူတို့ ဘာလုပ်လုပ် လုပ်ခွင့်ရှိသည်။ ကိုနှင်းနွယ် ဆိုသူဟာလည်း အေးထင်သလောက် ကောင်းမြတ်သူဟုတ်ချင်မှ ဟုတ်မည်လို့ အတွေးသစ်ဝင်လာသည်။ ဘာပဲဖြစ်ဖြစ် ကိုနှင်းနွယ်နှင့် ကျွန်မကြားမှာ ဘာကတိမှ မရှိ၊ ကတိရှိလည်း သူ ဒီလိုလုပ်တတ်လျှင် ကျွန်မက ကြည့်နေလိုက်မည်။ မစွက်ဖက်ချင်ပါဘူး။ သို့သော် ကိုနှင်းနွယ်နှင့် နုနုတို့ ကြာရှည်မမြဲ၊ ကွဲကွာကြသည်။

ကျွန်မ ဘင်တန်ပြောင်းလာပြီး ဆေးကျောင်းတက်တုန်းပင်၊ ကျွန်မ သူတို့နှင့်ပတ်သက်လိုစိတ် မရှိပါ။ ဆေးကျောင်းမပြီးခင် ဖြစ်နိုင်မယ်ဆိုရင် အင်္ဂလန်ကို ထွက်ခွာသွားချင်စိတ်ပဲ ရှိပါသည်။

မော်လမြိုင်မှ စိတ်ဆိုးနေကြသော နုနုကို ပစ်ပယ်ထားသော ဦးလေးကြိုင်တို့က ကိုနှင်းနွယ်ကို သမီးဖြစ်သူက စွန့်ပစ်ခဲ့တာကို ကျေနပ်ကြသည်ထင်၏။ ကျွန်မထံ ငွေသုံးထောင်ပို့လိုက်ပြီး နုနုတို့သားအမိကို မုန့်ဖိုးဆိုပါသည်။ ကျွန်မ ဒေါ်ကြီးထံလွှဲလိုက်ပြီး နုနုတို့ကို အိမ်မှနေစေဖို့ စီစဉ်ခိုင်းပါသည်။ ကျွန်မအိမ်ကို ကျောင်းပိတ်ရက်ရှည်မှာတောင် မပြန်တော့ဘဲ ဆေးရုံမှာပဲ အချိန်ကုန်နေပါသည်။ ဆရာများက ကျွန်မ သိပ်ကြိုးစားတာပဲလို့ ချီးကျူးကြသည်။ ဆေးကျောင်း ဆေးရုံကလွဲလို့ ဘာမှစိတ်မဝင်စားသော၊ တွေ့ရခဲသော ကျောင်းသူမျိုးလို့ ဆိုကြသည်။ နောက်ဆုံးနှစ်အောင်ပြီး အလုပ်လုပ်သက် နှစ်နှစ်ရလျှင် ရချင်း နိုင်ငံခြားသို့သွားဖို့၊ ရွေးချယ်ဖို့ အဆင်သင့်ပဲဆိုကြသည်။ သို့သော် ကျွန်မ မစောင့်ချင်ပါ။ ကျွန်မ ငွေကြေးတတ်နိုင်သည်မှာ အလွန်ကံကောင်းသည်ပင်။ အောင်အောင်ချင်း တစ်ရက်ပင်အပိုမနေဘဲ တောက်လျှောက်ကျောင်းဆက်သွားဖို့ အင်္ဂလန်သို့ စာရေးလျှောက်လွှာများတင်ရသည်။ ဆရာရင်းများက ထောက်ခံစာကောင်းကောင်းရေးကြသည်။ ကျွန်မ ရွှေတံဆိပ်ဆုတွေ ရပြန်သည်။ အောင်မြင်သူလို့ ဆိုကြပြန်သည်။ ဆေးပညာဖြင့် ဘဝမှာ

တစ်လမ်းတည်း သွားတော့မည့်သူပင်တဲ့။

ကျွန်မကလည်း အမ်အာစီပီကို နှစ်နှစ်အတွင်း ဖြေမယ်၊ ပြီးတော့ အမ်အာစီဆိုက်ဆိုတဲ့ စိတ်ရောဂါပညာ ပါရဂူဘွဲ့အတွက် သုံးနှစ်၊ ဘွဲ့ရပြီး အင်္ဂလန်မှာ ဆက်အလုပ် လုပ်ရမှာက သုံးလေးနှစ်။

ဒေါ်ကြီးသာမရှိရင် မြန်မာပြည် ပြန်ဖြစ်မယ် တောင် မထင်တော့။ ကျွန်မကို တစ်သက်လုံး စောင့်ရှောက် လာသည့် ဒေါ်ကြီးကို မသေခင် ပြန်လည်ပြုစုရမည်။ ဒေါ်ကြီးက ဆီးချိုရောဂါဖြစ်ပြီတဲ့။ သူကိုယ်တိုင်က ဆရာဝန် ဆိုတော့ အသက်ရှည်ရှည် နေနေရသည်။

သည်လိုနှင့်ပင် အချိန်များ လျင်မြန်စွာကုန်သွားပြီး ကျွန်မ ဆရာဝန်မကြီးအဖြစ် မြန်မာပြည်ပြန်ခဲ့တော့ ၁၉၆၁ ခုနှစ်။ နုနုတို့ အိမ်အောက်မှာနေလည်း တစ်လတစ်ခါ တောင် စကားထိုင်မပြောမိကြ။ ကျွန်မက ဆေးရုံမှာအချိန် ကုန်ပြီး ဆေးရုံက အိပ်ခန်းတစ်ခုတောင် ယူထားလိုက် သေး၏။

ကိုနှင်းနွယ် ပန်းချီပြပွဲတွေလုပ်တာ ကြားရ၏။ အများအားဖြင့် မန္တလေးမှာချည်းဖြစ်သည်။ ရန်ကုန်ကိုလာ သည်ဆိုလည်း ကျွန်မကို သူရှာဖွေသလားမသိ၊ ကျွန်မက သူ့ကို ရှာဖွေဖို့ စိတ်ကူးပေါက်လည်း ဘာမှမလုပ်ဖြစ်။ သူ့နာမည်ကို နုနုနာမည်နဲ့ ကျွန်မ ခွဲပစ်လို့မရ။

မဝိုင်းသမီး လက်ထပ်ပွဲမှာ သူနှင့်ကျွန်မ ပြန်တွေ့ သည်မှာတော့ ကံကြမ္မာသက်သက်မဟုတ်။

သူနှင့်ပြန်တွေ့ပြီး မြန်မြန်ဆန်ဆန် ထပ်တွေ့ကြတာလည်း ကံကြမ္မာသက်သက်မဟုတ်။

ကိုနှင်းနွယ် လှုပ်ရှားလာခြင်းဖြစ်လေသည်။

ဒီတော့ ကျွန်မကလည်း အသက်ရှင်လှုပ်ရှားနေသူဖြစ်သည်။

အင်းလျားလိပ်ဟိုတယ်ကစပြီး အင်းလျားလိပ်ဟိုတယ်မှာ ပြန်ဆုံတွေ့ကြပြန်တာလည်း ကံကြမ္မာသက်သက် မဟုတ်။

ကျွန်မတို့ နှစ်ဦးသဘောတူ ဖန်တီးချက်ပဲ။ ကျွန်မတို့နှစ်ယောက်လုံး တာဝန်ရှိသည်။ တာဝန်ယူသည်။

ကျွန်မပြောသော နုနုပုံပြင်ကို နားထောင်ပြီး ဆုံးသွားတော့ သူ အံ့အားသင့်လိမ့်မယ်လို့ ထင်သလောက်၊ သူအံ့အားမသင့်။ သူ ဘယ်လောက် ငယ်ရွယ်နုံအခဲ့သည်ဖြစ်စေ ဘယ်လောက် စိတ်ကူးယဉ်ပြီး သူရဲ့ နုနုပုံပြင်ကိုလှပအောင် ခြယ်လိုသည်ဖြစ်စေ နုနုနှင့် အတူနေ နီးစပ်လိုက်ခြင်းက သူ့ကို သိမြင်စေလိမ့်မည်။

သူ တစ်ခုပဲပြောသည်မှာ "ကျွန်တော့်ထက် ငါးနှစ်ကြီးတာ အခုမှ သိရတယ်၊ ကျွန်တော်ကတော့ ကိုယ့်ထက်တစ်နှစ်လောက်ငယ်သူကလေးဆိုပြီး သည်းခံခဲ့တယ်၊ ကျွန်တော် ကလေးမဟုတ်ပါဘူး၊ ကလေးကို လှည့်ဖျားကစားခံရသလိုတော့ ခံစားရတယ်"

ထို့နောက် ကျွန်မတို့ ငယ်တုန်းကလိုပဲ ဆွေးနွေးစရာတွေ ရှာဖွေတွေ့တတ်သည်။

လူသတ္တဝါတချို့ရဲ့ ဆိုးသွမ်းညံ့ဖျင်း ကြမ်းတမ်းခြင်းဟာ ရူးသွပ်တဲ့ရောဂါလေလား၊ မသမာ ယုတ်မာမှု သက်သက်လေလား။

"လူတစ်ယောက်ဟာ အကောင်းနဲ့အဆိုးကို ခွဲခြားတတ်တဲ့ အခြေအနေမှာရှိရင် လူသတ်မှုအတွက်၊ မုဒိမ်းမှုအတွက် တာဝန်ရှိသူဖြစ်ရမယ်"လို့ သူထင်သည်။

"ကျွန်တော် ဘုရားတရား ကြည်ညိုလိုက်စားသူ မဟုတ်သော်လည်း ငါးပါးသီလမှာတော့ ယုံကြည်တယ်၊ ဒီလိုပြောလို့ အေးက ရယ်ချင်မယ်မဟုတ်ပါဘူး၊ ငါးပါးသီလက လူ့ဘဝမှာ ဘယ်လိုအရင်းခံ ထိန်းသိမ်းချုပ်တည်းမှုမျိုးနဲ့ နေသင့်တယ်လို့ အကျဉ်းရုံးပြီး ပြောပြထားတာပဲ"လို့ သူဆိုသည်။

"အေးရဲ့ စိတ်ရောဂါပညာသမားအဖြစ်နဲ့ကတော့ စိတ်နဲ့သီလ မလုံခြုံနိုင်တောင် ကိုယ်နဲ့ လုံခြုံရမယ်ပေါ့၊ တစ်မျိုးပြောရရင် စိတ်တွင်းက ဘယ်လောက်ပြစ်မှားမိလည်း လက်မပါရင် ပြီးနိုင်တယ်၊ လက်ခံနိုင်တယ်၊ ဗုဒ္ဓဘာသာတရားလောက် မကျဉ်းကျပ်ဘူး"ဟု ကျွန်မက ပြောသည်။

"ပြီးတော့ တချို့စိတ်ရောဂါ ဆရာဝန်တွေက လူသတ်မှု၊ မုဒိမ်းမှုစတဲ့ မသမာမှုတွေဟာ ရူးသွပ်ခြင်းလို့ ယုံကြည်ကြတယ်၊ တစ်ခါတုန်းက သေသွားတဲ့လူသတ်သမား ထောင်သားတွေရဲ့ ဦးနှောက်တွေကို သုံးထောင်လောက်ထင်တယ်၊ ခွဲစိတ်စစ်ဆေး၊ သုတေသနလုပ်ကြည့်

တော့ အထဲမှာ ကင်ဆာလုံးတွေတွေ့တာ အများကြီးလို့ ဆိုတယ်"

သူက "မသမာတဲ့လူတိုင်းရဲ့ ဦးနှောက်မှာ ကင်ဆာဖြစ်နေတယ်လို့တော့ ရာခိုင်နှုန်းအပြည့် မဆိုနိုင်ဘူးမဟုတ်လား၊ တစ်နည်းပြောရရင် ဦးနှောက်ကင်ဆာရှိတိုင်းလည်း သူသတ်သမား၊ မုဒိမ်းကောင်မဖြစ်ဘူး"

"သူပြောတာမှန်ပါတယ်၊ စိတ်ရောဂါရှိသူတိုင်းလည်း ယုတ်မာသူမဟုတ်ဘူး၊ ယုတ်မာသူတိုင်းမှာလည်း စိတ်ရောဂါမရှိဘူး"

"ကျွန်တော်က လူဆိုတဲ့သတ္တဝါဟာ သူ့အကြီးကျယ်၊ အထွန်းလင်းဆုံး တိရစ္ဆာန်လောကမှာ အမြင့်ဆုံးဖြစ်တဲ့ ဦးနှောက်ကြောင့် ပိုပြီးပဲ တာဝန်ကြီးတယ်ထင်ပါတယ်၊ ပိုပြီးတာဝန်ယူရမယ် ထင်ပါတယ်"

ကျွန်မက သဘောတူပါသည်။ သို့သော် ကြောင်လေးပက်ပီကို သတိရပြီး "တိရစ္ဆာန်ဆိုပြီး သူတို့ကိုတော့ အထင်မသေးနဲ့နော်၊ တိရစ္ဆာန်တွေဟာ လူ့ထက်မြင့်မြတ်နိုင်တဲ့အချက်တွေရှိတယ်၊ သူတို့နဲ့ တကယ်ရင်းနှီး ဆက်ဆံတတ်ရင် သူတို့မှာ လူတွေဦးညွှတ်နိုင်တဲ့ အရည်အချင်းတွေ ဘယ်လောက်ရှိတယ်ဆိုတာ မြင်နိုင်လိမ့်မယ်"

"အေးရဲ့ ပက်ပီလေးက သိပ်ချွဲတာ"လို့ သူက ကျွန်မစိတ်ကို ဖတ်မိသလို ရယ်ပြုံးဆဲ "အေးရဲ့ ပက်ပီလေးက သိပ်ရိုးဖြောင့်တယ်၊ သစ္စာရှိတယ်၊ ချစ်တတ်တယ်၊ အေးအတွက် ဖြစ်နိုင်ရင် လိုအပ်ရင် အသက်အသေခံမယ့်

ပုံပဲ”လို့ ယုံယုံကြည်ကြည် ပြောမိသည်။

“အင်္ဂလန်မှာတုန်းက အေးရဲ့မိတ်ဆွေတစ်ယောက်က တိရစ္ဆာန်ကုဆရာဝန်၊ သူနှင့်ခဏခဏ လိုက်သွားပြီး တိရစ္ဆာန်တွေနဲ့ ဆက်ဆံခွင့်ရခဲ့တယ်၊ အေး တိရစ္ဆာန်တွေအကြောင်း စာဖတ်၊ ရုပ်ရှင်တွေကြည့်တယ်၊ လူတွေကို မသမာမှု လုပ်တတ်တယ်ဆိုပြီး ငြီးငွေ့တဲ့အခါ တိရစ္ဆာန်ကုဆရာဝန်ပဲ ဖြစ်ချင်တော့တယ်”

“ဟုတ်လား… အေး”လို့ သူက စိတ်ဝင်စားလာသည်။

“သူသိတယ်မဟုတ်လား၊ မြေခွေးတွေ အုပ်နဲ့ချီပြီး အစာရှာတတ်တာ၊ မျောက်တွေ မိသားစုစနစ်နဲ့ အချင်းချင်း စောင့်ရှောက်တတ်ကြတာ၊ ဆင်မ သားမွေးရင် အဒေါ်ဆင်မတစ်ကောင် ရောက်လာပြီး ကလေးကို ကူညီစောင့်ရှောက်တာ၊ ငှက်မျိုးပေါင်းများစွာဟာ သေအထိ အဖိုအမ တစ်စုံတည်း သစ္စာရှိရှိစုံဖက်ပြီး နေတတ်ကြတယ်၊ မိခင်ရောဖခင်ပါ ဥမဥခင် အိမ်အတူဆောက်ကြ၊ သားငယ်ကို အစာရှာကျွေးကြ၊ အပျံသင်ပေးကြနဲ့ လူတွေထက် မြင့်မြတ်နိုင်ပါတယ်”

ကိုနှင်းနွယ်က မရှင်ပျနိုင်ဘဲ “ကျွန်တော့်ကို တိုက်ရိုက်တိုက်ခိုက်လိုက်တာလား အေးရယ်”လို့မေးတော့–

“ဒီလို မရည်ရွယ်ပါဘူး၊ တိုက်ခိုက်ချင်စိတ် မရှိပါဘူး”

“ကျွန်တော့်မှာ ပန်းချီဆွဲရမှုဖြစ်မယ်၊ နေပျော်သေ

ပျော်မယ်ဆိုတဲ့ရောဂါရှိတာ အေး သိတာပဲ၊ စကားတစ်ခုက လည်း မကိုခင်မှ ဥကိုခင်တယ်တဲ့၊ ကျွန်တော် သားကို မွေးခွင့် အတူကြာကြာနေခွင့်လည်း မရခဲ့ဘူး"

ကျွန်မက ခဏတွေဝေပြီး "သူချစ်တော့ ချစ်တတ် သူပဲ၊ အေးနဲ့လည်း အတူနေခွင့်မရတာ အကြာကြီးပဲ၊ အေးကိုတော့ သူ လိုက်ရှာတယ်"

"အို အဲဒါက တခြားပဲ၊ ဒါပဲပြောတတ်တယ်၊ မဖြေရှင်းတတ်ဘူး၊ ဒီအချစ်ဆိုတဲ့ ကြီးမားခမ်းနားလှတဲ့၊ ထူးခြားဆန်းကြယ်လှတဲ့ တွယ်ငြိမှုလို့ ဆိုရမလား၊ အဲဒီ ကိစ္စက အဖြေမရှိတဲ့ မေးခွန်းပဲ၊ အေး ပြောတဲ့ တစ်စုံ တည်းတွဲဖက်ပြီး သစ္စာရှိရှိ သေအထိပေါင်းကြတဲ့ ဝန်ပိုငှက်၊ သိန်းငှက်တွေကပဲ ဖြေနိုင်ပါလိမ့်မယ်"

ကျွန်မက စောင့်နေဆဲ သူကပြောသည်မှာ "အေး မယုံဘူးလား၊ မပျော်ဘူးလား၊ ကျွန်တော်တို့ အဲဒီအချစ်ကို ကြုံကြိုက်ရတာ"

"သူသိသားနဲ့"လို့ပြောတော့ သူ့ထုံးစံအတိုင်း အရင်တစ်ခါကလိုပင် "သူငယ်ချင်းကောင်းပီပီ ပွင့်ပွင့် လင်းလင်း ပြောစမ်းပါ"လို့ သူက စတတ်သည်။

"အေး သတိရသေးလား၊ ကျွန်တော် တစ်ခါကစပ် ထားတဲ့ကဗျာ အေးကို ရွတ်ပြတာ"

"သူကဗျာတွေ သိပ်ရွတ်တာပဲ၊ ဘယ်ကဗျာလဲ"

**"မောင်အလာ"**လို့ သူက လွမ်းလွမ်းဆွတ်ဆွတ် ဆိုလိုက်သည်။

*"မောင်အလာ*
*သဏ္ဍာညောင်ဦး၊ နှင်းဆီဖူးလည်း*
*ပွင့်မြူးလှစ်သစ်၊ ဖြောင့်ဖြူးချစ်နဲ့*
*မှူးယစ်ရနံ့၊ ခန်းလုံးပျံ့တော့*
*မရှုံ့တော့ပြီ၊ လွတ်ခဲ့ပြီပင်*
*နှောင်ချည်သစ်ဖန်၊ တွယ်ငြိပြန်သည်"* ဆိုတာ။

ကျွန်မက "မှတ်မိတယ်၊ အမြဲမေးနေမိတာက နှောင်ချည်နဲ့ တွယ်ငြိနေတယ်ဆိုပြီး ဘာကိုမရှုံ့တာ လွတ်ခဲ့တာလဲ"

"ကျွန်တော်က အဲဒီကဗျာ စပ်တဲ့သူဆိုတော့ နားလည်ပြီးသားပေါ့၊ အေးက မေးမလားလို့ အကြာကြီး စောင့်ခဲ့ရတယ်၊ ခုမှမေးတယ်၊ အေးက ကျွန်တော့် နှင်းဆီဖူးပဲ၊ မရှုံ့တော့တာ၊ လွတ်ခဲ့ချင်တာကတော့ ကျွန်တော်တို့ အကျိုးမရှိ၊ အဓိပ္ပာယ်မရှိ အလကား ထိန်းချုပ်ထားတာ တွေပဲ"

သူက သွေးဆောင်လာသည်။ အေးကို ပွေ့ဖက် ရင်းနှီးလာသည်။ ကျွန်မတို့ နမ်းရှုပ်ယစ်မူးလာသည်။ ပြီးတော့ မနောချစ်၊ ကာယအချစ်ကို ရောနှောပြီး အဆုံးစွန် အပြန်အလှန် ပိုင်ဆိုင်ခြင်းကို သက်သေပြုကြပြီး နှင်းနွယ်နဲ့ သင်းအေးတို့ လူသတ္တဝါနှစ်ယောက်ရဲ့ ဘဝအသစ်ကို ဖန်တီးကြသည်။ လုံးဝ တွယ်ငြိခဲ့လေပြီ။ သို့သော် ကျွန်မတို့ သည်လိုပင် ချစ်ခင်စုံမက်ပြီး နားနေအိပ်စက် ကြခြင်းကလွဲ၍ အမြဲတမ်းနီးကြားပြီး အချိန်တရွေ့ရွေ့

ကုန်ဆုံးနေသည်ကို သတိရှိနေကြသည်။ ကျွန်မတို့ စကား နှင့်မပြောသော်လည်း စိတ်ချင်းပြောထားတာတွေရှိသည်။

"ကျွန်တော်တို့ ပြန်တွေ့ပြီး အေးချမ်းရပြီဆိုတော့ စိတ်ချလက်ချ လုပ်စရာရှိတာ လုပ်နိုင်ပြီပေါ့"လို့ သူက ဆိုတော့ "ဟုတ်တာပေါ့ နွယ်လေးရယ်"လို့ ကျွန်မက သဘောတူလိုက်ပါသည်။ သူက သဘောကျပြီး ရယ်သေး သည်။

"ကျွန်တော် ကလောကအိမ်ကို ရောင်းဖို့လုပ်ရ မယ်"

"သူ ပဲရစ်သွားချင်တယ်ပေါ့"

"မသွားရရင် အသေဖြောင့်မယ်မဟုတ်ဘူး၊ အေး သိတာပဲ"

"အို... အေးသိတာပေါ့၊ သူ့ကို ပဲရစ်သွားစေချင်ပါ တယ်၊ ငယ်ငယ်တုန်းကတည်းက ပြောခဲ့တယ်မဟုတ်လား၊ အေး ပို့ပေးပါ့မယ်လို့"

"အေးက သိပ်ချစ်ဖို့ကောင်းတာပဲ"လို့ ကျွန်မကို ဖျတ်ခနဲ နမ်းသေးသည်။

"အိမ်ကို မရောင်းပါနဲ့၊ သူ့မေမေ အမွေမဟုတ် လား၊ သူတွယ်တာတယ်မဟုတ်လား၊ သူမရှိတုန်း အေး ကြည့်ထား မှာပေါ့"

ကျွန်မရဲ့ လက်သူကြွယ်မှာ သူဝတ်ပေးထားသည့် မြလက်စွပ်ကို အလင်းရောင်မှာ လက်ဖြန့်ခါပြပြီး တလက် လက် ရွှန်းပစေလိုက်သည်။ သူ့မှာ အဖိုးတန်ရတနာ

သိမ်းဆည်းထားသည်မှာ သည်တစ်ခုသာ ကျန်တော့သည် တဲ့။ သူ့မေမေကလွဲလို့ ဘယ်သူမှမဝတ်ခဲ့သော၊ သူမြတ်နိုးခဲ့သော လက်စွပ်ပင်။ အသောင်းအသိန်းတန်မည်လို့ ကျွန်မ ထင်ပါသည်။ ရှားပါးသော အရည်အသွေးရှိပါသည်။ သူ ကျွန်မကို သူ့အမေရဲ့ ရတနာ ပေးခဲ့ပြီ။

"ကြည့်ပါဦး ဒီလက်စွပ်ဝတ်လိုက်တော့ အေး ဘယ်လောက် ချမ်းသာနေပြီလဲ သူသိပြီပေါ့"လို့ ကျွန်မက သူနားလည်စေလိုက်ပါသည်။ သူ့အတွက် ပဲရစ်သွားဖို့ လေယာဉ်ပျံလက်မှတ်၊ ပဲရစ်မှာနေနိုင်ဖို့ ချက်လက်မှတ် ကျွန်မ ပေးနိုင်မည်ကို သူ ငြင်းခွင့်မရှိနိုင်တော့။ အေး ချမ်းသာနေပြီး၊ သူဆင်းရဲနေမယ်ဆိုတာ မဖြစ်နိုင်။ မဖြစ်ကောင်း။ သူ ချမ်းသာနေပြီး အေး ဆင်းရဲနေမယ်ဆိုတာကော ဖြစ်နိုင်ကောင်းသလားလို့မေးတော့ အေးသူ့ကို အမြဲနိုင်ခဲ့တာပဲတဲ့။

"အေးလည်း လန်ဒန်ရောက်တဲ့အခါ သူ့ဆီရောက်လာဦးမှာပဲ၊ ပဲရစ်နဲ့ နီးနီးလေးပဲ"

သူက ဘာမှမပြောသည်ကို ကျွန်မ ခွင့်လွှတ်ပါသည်။

"သူ့ကို လာမနှောင့်ယှက်ပါဘူး၊ သူ့ကို တစ်ယောက်တည်း သုံးနှစ်လောက် ပစ်ထားလိုက်ဦးမယ်၊ အဲဒီနောက်မှာတော့ တစ်ပတ်နှစ်ပတ်၊ တစ်ခါနှစ်ခါ လာလည်မယ်၊ ဟင်"လို့ စီစဉ်သည်ကို သူ လက်ခံပါသည်။ ကျွန်မလည်း ဆေးရုံပြန်ရမည်လို့ သတိရသည်။

ကျွန်မတို့ ဒီလိုစခဲ့သောဘဝသည် သေတော့မှပဲ ပြီးဆုံးလိမ့်မယ် ထင်ပါ၏။

"ကျွန်တော် ဘယ်ရောက်နေနေ၊ ဘာလုပ်နေနေ၊ ဘယ်သူနဲ့ တွေ့ဆုံကြုံကြိုက်သည်ဖြစ်စေ အေးတစ်ယောက်ပဲ ကျွန်တော် ပြန်လာရမယ့်သူ ဖြစ်ပါတယ်၊ အေး စောင့်သည်ဖြစ်စေ၊ မစောင့်သည်ဖြစ်စေ တစ်နေ့တော့ ကျွန်တော် လာခဲ့ ရောက်ခဲ့မှာပဲ၊ သိပ်မကြာနိုင်ပါဘူး"

ဒါကတော့ ကိုနှင်းနွယ်ရဲ့ နောက်ဆုံးစကား၊ ကတိပေးလေ့မရှိသောသူရဲ့ ကတိ၊ ကျွန်မက ဘာကတိမှ မပေးပါ။ တကယ်တော့ ကျွန်မတို့ကြားမှာ ဘာကတိမှ ရှိဖို့မလိုပါ။

ကြည်အေး

ကြည်အေး၏ ဝတ္ထုများကိုမှ စွဲလမ်းနှစ်ခြိုက်ကြသူများ
အခန့်အထည်စာအုပ်များကိုမှ ဖတ်မှတ်သိမ်းဆည်းလိုသည့်
စာသမားများအားလုံးအတွက်

ကြည်အေး၏ ပင်ကိုရေး ဝတ္ထုတိုအားလုံး
အစီအစဉ်တကျ စုပေါင်းစီစဉ်ထားသည့်
ကြည်အေး ဝတ္ထုတိုပေါင်းချုပ်သစ်

စိတ်ကူးချိုချို

မိန်းမသားတစ်ဦး၏
ဘဝခရီး ခံစားမှု ဝတ္ထုတိုများကို
လုံးချင်းဝတ္ထုတစ်ပုဒ်လို ဖတ်ရှုနိုင်မည့်
ရသစာအုပ်ကောင်း

ခင်မြဇင်
ကြိုးမဲ့နှောင်အိမ်

[စာမူခွင့်ပြု - ၅၀၀၄၄၃၀၅၀၄]

စိတ်ကူးချိုချိုရဲ့ စာအုပ်များ အစုံအလင်

စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ပါပြီ

သုတ၊ ရသနဲ့ ကလေးများအတွက် စာအုပ်များစွာ . . .

**စာအုပ်တိုက်** ⇒ ၆၇၊ ၁၆၄ လမ်း
(တာမွေ အဝိုင်းထိပ်အနီး)
ရန်ကုန်။
(ရွှေညောင်ပင်ပန်းချီနှင့်
ကြံတိုင်းအောင် ဘောလမ်း)
ဖုန်း–၇၂၆၆၂၄၊ ၅၄၂၉၇၃။

**ဆိုင်** ⇒ ဆိုင်အမှတ် (၂၂)၊ မြေညီထပ်
တာမွေပလာဇာ၊ (တာမွေဗလီ
မှတ်တိုင်အနီး)၊ ရန်ကုန်။

**မြို့တွင်း** ⇒ အမှတ်(၁၂၄)၊ ဒုတိယထပ်(ဝဲ)၊
ဆူးလေဘုရားလမ်း၊
(လက်ရွေးစင်ကဖီးအနီး၊
ဂလက်ဇီမိတ္တူလှေကား)၊ ရန်ကုန်။
ဖုန်း–၇၀ဝ၃၀၂။

အထက်ပါနေရာများတွင် လာရောက်ဝယ်ယူသူတိုင်းအား ၅%
အမြဲလျှော့ပေးပြီး အရောင်းကိုယ်စားလှယ်များအား ၁၅%
ကော်မရှင် အပြည့်ပေးလျက်ရှိပါသည်။